# ကြေးမုံ

The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်၊ တနင်္လာနေ့၊ (29-6-2015) (၈၂၄၆)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။

ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။

သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။ (မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)

ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

### နေရာကွက်ကျား မိုးရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ မွန်ဂိုလီးယားနိုင်ငံသို့ ထွက်ခွာ

သတင်း စာမျက်နှာ » ၃



# (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမမြောက်နေ့အဖြစ် ဆက်လက်ကျင်းပ



**နေပြည်တော် ဇွန် ၂၈**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမမြောက်နေ့အဖြစ် ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပရတနာကုန်သည်များက အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းတွဲများကို ကြည့်ရှုပြီး တင်ဒါတင်သွင်းကြသည်။**(ဓါတ်ပုံ)**

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် ကော်မတီဝင်များက ပြပွဲအတွင်း ကျောက်စိမ်းအတွဲများအား တင်ဒါစနစ်ဖြင့် ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့အထိ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း ပြည်ပရတနာကုန်သည် ၄၄၉၅ ဦး တက်ရောက်ခဲ့ပြီး ကျောက်မျက်အတွဲပေါင်း ၁၂၆ တွဲနှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၁၁၆၄ တွဲ ရောင်းချနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၁၄၅၀ ကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြေညာစာအမှတ် (၆/၂၀၁၅)နှင့် (၇/၂၀၁၅)တို့ကို ထုတ်ပြန်

စာမျက်နှာ - ၅

## ပြင်ဆင်သင့်သည်ကိုပြင်၍ မပြင်သင့်သည်ကို မပြင်ပါနှင့်

စာမျက်နှာ - ၆




**ကြေးမုံ စာ တည်း ရှု ထောင့်** **၂၉-၆-၂၀၁၇၊ တနင်္လာနေ့**

# ပညတ်ကိုပယ်မှ အောင်မြင်မည်

လောကုတ္တရာနယ်ပယ်တွင် "ပညတ်"နှင့်"ပရမတ်"သည် အလွန်အရေးကြီးသည့်အချက်ဖြစ်သည်။ ပညတ်နှင့် ပရမတ်ကို ကောင်းစွာခွဲခြားနိုင်မည်ဆိုလျှင် လောကုတ္တရာနယ်ပယ်အတွက် လူပြိန်းစကားနှင့်ပြောမည်ဆိုပါက ကိစ္စပြီးပြီဟု ဆိုနိုင်ပါသည်။

ပါဠိအားဖြင့် ပညတ္တိဟူသော "ပညတ်" (Designation) ဆိုသည်မှာ အကြမ်းဖျင်းအားဖြင့် "ဘာမျှ မရှိခြင်း" သဘောဖြစ်သည်။ တစ်နည်းဆိုသော် အထည်ကိုယ်မရှိ၊ အမည်နာမခေါ်ဝေါ်သမုတ်ခြင်းဖြစ်သည်။ အကျိုးရလဒ်မရှိသေးသော နာမ်သဘောဖြစ်သည်။ ဥပမာအားဖြင့် မောင်ဖြူ၊ အဖြူ၊ အဖြူရောင်ဟူသော ဝေါဟာရတို့သည် အမည်နာမပညတ်ချက်သာ ဖြစ်သည်။ ခေါ်ဝေါ်ခြင်းမျှသာဖြစ်သည်။

"ပရမတ်"ကိုမူ မဖောက်မပြန် မြတ်သောကြောင့် "ပရမတ်"ဟု တရားတော်တွင်ဆိုပါသည်။ ပညတ်ကို ဖောက်ထွင်းပြီး ပရမတ်အစစ်အမှန်ကိုထိုးထွင်း၍ မြင်နိုင်ရန်လိုအပ်ပါသည်။ ဖြစ်ခြင်း၊ ပျက်ခြင်း၊ အာရုံခံခြင်းသည် ပညတ်အပေါ်၌ အာရုံပြုခြင်းဖြစ်သည်။ ပညတ်ကိုသာအာရုံပြုနေလျှင် ပရမတ်ကိုထိုးထွင်းသိမြင်ရန်ခက်ခဲပြီး ပန်းတိုင်သို့မရောက်ရှိဘဲ တရားစခန်းတွင်သာ အချိန်ကုန်မည်ဟု တရားဆရာတို့က ဆိုလေ့ရှိသည်။

ထိုသဘောကိုအခြေခံ၍ လောကီနယ်ပယ်တွင်လည်း "ပညတ်" သဘောကို ကောင်းစွာသိဖို့လိုအပ်ပါသည်။ ဖြူခြင်း၊ မည်းခြင်းဟူသည် အထည်ကိုယ်ဘာမျှမရှိ "ပညတ်"သဘော သတ်မှတ်ချက်သာဖြစ်သည်။ ပညတ်ဟူသည် ဘာမျှမရှိသောအရာ၊ အမည်၊ အခေါ်အဝေါ်သတ်မှတ်ချက်၊ သိခြင်းသက်သက်သာဖြစ်သည်။ ၎င်းတွင် အကျိုးသက်ရောက်မှု မရှိချေ။

ဖြူသောသူဖြစ်စေ၊ မည်းသောသူဖြစ်စေ ကောင်းမွန်သော၊ မှန်ကန်သောအလုပ်လုပ်ခြင်းရှိ၊ မရှိကိုသာ ရှုမြင်နေရမည်ဖြစ်သည်။ ပညတ်သဘော အဖြူအမည်းစသည့်သဘောကိုသိရုံမျှဖြင့် အကျိုးရလဒ်ရလိမ့်မည် မဟုတ်ချေ။ ပညတ်သည် သိခြင်းအကြောင်းသဘောမျှသာဖြစ်သည်။ ပညတ်ကို ပရမတ်သဘောကဲ့သို့ ထွင်းဖောက်ရှုမြင်မှသာ အကျိုးရလဒ်ဖြစ်နိုင်စေသည်။ ထို့အတူ လောကုတ္တရာနယ်ပယ်ကဲ့သို့ လောကီနယ်ပယ်တွင်လည်း "ပညတ်" ကို "ပရမတ်" သဘောကဲ့သို့ ရှုမြင်အားထုတ်သင့်ပါသည်။

မည်းသောသူအချို့သည် အဖြူအလုပ်ကို လုပ်တတ်သည်။ ဖြူသောသူအချို့ကလည်း မည်းသောအလုပ်ကို လုပ်တတ်သည်။ မောင်ဖြူ၊ မောင်မဲသည် ပညတ်သဘောသာဖြစ်၍ တန်ဖိုးမရှိသေးချေ။ မောင်ဖြူ၊ မောင်မဲ၏ လုပ်ဆောင်မှုကိုကြည့်၍ တန်ဖိုးကိုပိုင်းဖြတ်နိုင်သည်။ တစ်ချိန်သောကာလက ပညတ်ကိုသာအလေးထားပြီး အဖြူ၊ အမည်းခွဲခြားဆက်ဆံခြင်း၊ ခွဲခြားလက်ခံခြင်းများရှိခဲ့သည်။ ယခုအခါ ဤသို့မဟုတ်တော့၊ အဖြူ၊ အမည်း မခွဲခြားဘဲ ကောင်းသောအကျိုး ရလဒ်ကိုသာကြည့်၍ လက်ခံလာကြသည်။

ဥဒါဟရုဏ်အားဖြင့် တစ်ချိန်သောကာလက ဒွန်းစဏ္ဍား၊ စဏ္ဍာလ၊ သုဘရာဇာဟူသော လူတန်းစားရှိသည်။ သုဘရာဇာဆိုသည်မှာ သူသေကောင်အလုပ်ကိုလုပ်ရသောသူ သို့မဟုတ် စဏ္ဍာလဟု ယဉ်ကျေးစွာခေါ်ဆိုခံရသူကို မည်သူမျှအဖက်မလုပ်ခဲ့ကြချေ။ ၎င်းတို့သည် ငွေကြေးတတ်နိုင်သော်လည်း ဖြူစင်သောအလုပ်ကိုမလုပ်နိုင်။ လုပ်မည်ဆိုလျှင်လည်း အများကလက်မခံကြ။ ၎င်းတို့ကို မည်သူမျှ အရာမသွင်းကြချေ။ ထိုအချိန်ကာလက ၎င်းလူတန်းစားတို့ဘဝသည် အပယ်ခံဖြစ်ခဲ့ကြသည်။

မျက်မှောက်ကာလတွင် ဤသို့မဟုတ်တော့ချေ။ မည်သည့် အမည်နာမ၊ မည်သည့်အမျိုးအနွယ်၊ မည်သည့်အမှုကိုပြုသည်ဖြစ်စေ ကောင်းသောအမှုကိုဆောင်နိုင်ပါက အများတန်းတူပါဝင်ခွင့်ရကြသည်။ အများတန်းတူအောင်မြင်မှုကိုရယူနိုင်ကြသည်။ ပညတ်သဘောကို ထွင်းဖောက်ကာ ပရမတ်သဘောကို ရှုမြင်သကဲ့သို့ ဆောင်ရွက်လာနိုင်ပြီဖြစ်၍ တရားတော်နှင့်အညီဖြစ်သည်ဟု ဆိုနိုင်သည်။

အချို့နယ်ပယ်၊ အချို့လူပုဂ္ဂိုလ်တို့တွင် ပညတ်သဘောကိုသာ ရှေးရှုနေသေးသည်ကိုတွေ့ရသည်။ အမည်၊ နာမ၊ အထည်ကိုယ်တို့သည်သာပဓာနဖြစ်နေကြသေးသည်။ အပြောင်းအလဲနောက်သို့ မလိုက်ပါနိုင်သေး၍ ပညတ်သဘောသာဆောင်နေသေးသည်။ ပညတ်သဘောကို ထွင်းဖောက်၍ တရားတော်လာအတိုင်းပရမတ်ကို ရောက်အောင်သွားနိုင်မှသာလျှင် ရည်မှန်းချက်ပန်းတိုင်သို့ အပြီးတိုင်ရောက်ရှိနိုင်မည်ဟု ရှုမြင်ပါသည်။ ။

# မြန်မာနိုင်ငံ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စတင်မည်

**နေပြည်တော် ဇွန် ၂၈**

၂၀၃၀ ပြည့်နှစ်တွင် တစ်မျိုးသားလုံး လျှပ်စစ်မီးရရှိရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်အဖွဲ့၏ အတိုးနည်းချေးငွေဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ မဟာဓာတ်အားလိုင်းစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ မဟာဓာတ်အားလိုင်း ပြင်ပ လျှပ်စစ်ဓာတ်အားပေးရေးစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော်မည်ဖြစ်ရာ ၂၀၁၆-၂၀၂၁ ပထမ(၅)နှစ်စီမံကိန်းတွင် ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် မဟာဓာတ်အားလိုင်းစနစ်အတွက် အမေရိကန်ဒေါ်လာသန်း ၃၀၀၊ မဟာ ဓာတ်အားလိုင်းပြင်ပစနစ်အတွက် အမေရိကန်ဒေါ်လာ သန်း ၈၀ နှင့် နည်းပညာအထောက်အကူပြုရေး အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါစီမံကိန်းတွင် မဟာဓာတ်အားလိုင်းပြင်ပဖြင့် ဆောင်ရွက်ရာတွင် တစ်အိမ်သုံးဆိုလာစနစ်နှင့် အသေးစားဓာတ်အားလိုင်းစနစ် (ဆိုလာ၊ အသေးစားရေအား)တို့နှင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ အသုံးပြု၍ ကမ္ဘာ့ဘဏ်၏ စံသတ်မှတ်ချက်များနှင့်အညီ (20W-30W)၊ (50W-60W)နှင့် (80W-100W) အရွယ်အစားသုံးမျိုးဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

ဆိုလာနှင့် အသေးစားရေအား လျှပ်စစ်တို့ကို အသုံးပြုရာတွင် ဓာတ်အားလိုင်းစနစ်၏ စံချိန်စံညွှန်းအတိုင်း လိုင်းများသွယ်တန်းပေးပြီး မဟာဓာတ်အားလိုင်းရရှိလာသည့်အခါ တိုက်ရိုက်ချိတ်ဆက်အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

တစ်မျိုးသားလုံး လျှပ်စစ်မီးရရှိရေး စီမံကိန်းဖြင့် ဆောင်ရွက်မည့် ကျေးလက် မီးလင်းရေးစနစ်ကို ပိုမိုကောင်းမွန်ပြီး သက်တမ်းကြာရှည်စွာသုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်ဘတ်ဂျက်၊ ကမ္ဘာ့ဘဏ်၏အတိုးနည်းချေးငွေအပြင် အချိုးကျပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များဖြင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(ကြေးမုံ)**




# မန္တလေးမဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှုခတ်ပွဲတော်တွင် ပြည်ပနိုင်ငံမှ ခြင်းလုံးဝါသနာရှင်များ လာရောက်ပါဝင်ဆင်နွှဲမည်

**မန္တလေး ဇွန် ၂၈**

(၈၇)ကြိမ်မြောက် မန္တလေးမဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှုခတ်ပွဲတော်တွင် ပြည်တွင်းမှ ခြင်းအသင်းပေါင်း ၁၈၀၀ နှင့်အတူ အမေရိကန်၊ ဂျပန်၊ ကနေဒါ၊ ဂျာမနီနှင့် ထိုင်းနိုင်ငံတို့မှ ခြင်းလုံးဝါသနာရှင်များ လာရောက်ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း အဆိုပါ ဝါဆိုခြင်းအလှုခတ်ပွဲတော်ကျင်းပရေး ကော်မတီအတွင်းရေးမှူး ဦးကျော်သိန်းထံမှ သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်း မြို့ကြီးတွေက ခြင်းအသင်းတွေနဲ့ ရန်ကုန်၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ မြစ်ကြီးနား၊ မိုးကုတ်၊ ထားဝယ်၊ မြိတ်စတဲ့ နိုင်ငံအနှံ့အပြားမြို့ကြီးတွေက ခြင်းလုံးဝါသနာရှင်၊ ပညာရှင်ခြင်းအသင်းတွေ စုစုပေါင်းအသင်း ၁၈၀၀ နဲ့အတူ အမေရိကန်၊ ဂျပန်၊ ကနေဒါ၊ ဂျာမနီနှင့် ထိုင်းနိုင်ငံတို့က ခြင်းလုံးဝါသနာရှင်အသင်းတွေ လာရောက်ပါဝင်ဆင်နွှဲဖို့အတွက် ဆက်သွယ်ထားပါတယ်"ဟု ၎င်းကဆက်လက် ပြောသည်။

မဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှုခတ်ပွဲတော်တွင် ခြင်းအသင်းပေါင်း ၁၈၀၀ ကျော်အနက် တစ်နေ့လျှင် ခြင်းအသင်းပေါင်း ၃၀ မှ တစ်သင်းလျှင် မိနစ် ၃၀ ခြင်းလုံးအလှုခတ်ပြကြမည်ဖြစ်ပြီး နံနက် ၉ နာရီမှ ည ၁၂ နာရီအထိ ခြင်းအလှုခတ်ပွဲကို နေ့စဉ်ကျင်းပလျက်ရှိသည်။ အဆိုပါ ခြင်းအလှုခတ်ပွဲတော်ကို ဇွန် ၃ ရက်မှ ဩဂုတ် ၁ ရက်(ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့) အထိ ရက်ပေါင်း ၆၀ ကျော် ကျင်းပလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




# ပျူကျောက်စာနှင့် ပျူခေတ်ကျောက်တုံးနံရံဆေးရေးပန်းချီဟု ယူဆရသည့်ကျောက်တောင်များတွေ့ရှိသူနှစ်ဦးအား ဂုဏ်ပြု

**ရန်ကုန် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဆင်ရွာမှတွေ့ရှိသည့် ပျူရှေးဟောင်းကျောက်စာတွေ့ရှိသူနှင့် ရွှာငံမြို့နယ် ကမ်းပါးနီကျေးရွာမှ ပျူခေတ်ဟုယူဆရသည့် ရှေးကျောက်နံရံပန်းချီများကို တွေ့ရှိသူနှစ်ဦးအား ဇွန် ၂၆ ရက် နံနက်က ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်း၊ ခိုင်မာသည့် အထောက်အထားများမှ မြန်မာသမိုင်းကိုရေးသားပြုစုခြင်း၊ အနုသုခုမပညာရပ်များဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ မြန်မာ့သမိုင်း၊ ယဉ်ကျေးမှု၊ ရှေးဟောင်း သုတေသနဆိုင်ရာပစ္စည်း အထောက်အထား၊ အဆောက်အအုံများကို တွေ့ရှိသတင်းပေးသူများ၊ အပ်နှံသူများကို သမိုင်းတန်ဖိုးပေါ်မူတည်၍ ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်လျက်ရှိပြီး ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ လေ့လာသုတေသနပြုဖော်ထုတ်၍ သမိုင်းကွင်းဆက်များပြုစုခြင်းများဆောင်ရွက်လျက်ရှိသည်။


ယဉ်ကျေးမှုဝန်ကြီးဌာနသည် မိမိလူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်များအပ်နှံခြင်း၊ အထောက်အထားတွေ့ရှိမှုကို သတင်းပေးခြင်းတို့နှင့် ပတ်သက်ပြီး ဆောင်ရွက်ရန် ရှေးဟောင်းပစ္စည်း စိစစ်ဆေးရေးအဖွဲ့ကိုပြင်ပပညာရှင်များ၊ ဌာနတွင်းမှ အတွေ့အကြုံရှိအရာထမ်းများနှင့် ဖွဲ့စည်းထားသောအဖွဲ့၏ စိစစ်ဆုံးသပ်ချက်များအပေါ် မူတည်ပြီး မူလတန်ဖိုး၊ ခေတ်ကာလ ဆုကြေး၊ ယဉ်ကျေးမှု အနုလက်ရာကြေးများ စုပေါင်း၍ သတ်မှတ်ထားသော ဆုကြေးနှုန်းထားများနှင့်အညီ ချီးမြှင့်လျက်ရှိသည်။ **(ကြေးမုံ)**

ဆရာပိုင် (ပိုင်သချာ)ကိုယ်တိုင်ဦးစီးတည်ထောင်သော
OYC ၁၀တန်းဘာသာစုံ ဂူလိုင် တန်းခွဲသင် အဆင့်မြင့်စာသင်ဝိုင်း
မြန်မာ ➡ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ➡ ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် ➡ ဦးတင်ကို
သင်္ချာ ➡ ဆရာပိုင်(ပိုင်သချာ)
ဓာတု ➡ ဆရာသုတ
ရူပ ➡ ဦးမျိုးကိုကိုသက်
ဇီဝ ➡ ဒေါက်တာမြသိန်း
ဘောဂ ➡ စိုင်းထွန်းအောင်
Air-con စာသင်ခန်း ဝိုင်း(၆၀၀၀၀-ကျပ်) ရှယ်(၉၀၀၀၀-ကျပ်)
၁၆၅၊ ပ-ထပ်(ထောင့်ခွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

သွေးသည် အသက်

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစဉ် ကားများ ငှားရန်ရှိသည်
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ မွန်ဂိုလီးယားနိုင်ငံသို့ ရောက်ရှိ




**အူလန်ဘာတာ ဇွန် ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မွန်ဂိုလီးယားနိုင်ငံ သမ္မတ အယ်လ်ဘတ်ခ်ဒေါ့ဂျ် ဇတ်ခ်ဟီးလ်ယာဒ်၏ ဖိတ်ကြားချက်အရ မွန်ဂိုလီးယားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များနှင့်အတူ ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဦးငွေအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်တို့နှင့်အတူ မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့သို့ ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား မွန်ဂိုလီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. L . Purevsuren၊ မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားသံအမတ်ကြီး H.E. Mr. Ch. Battumur၊ မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ အာရှ-အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာန ညွှန်ကြားရေးမှူး Mr. N. Naranbat၊ သံတမန်ရေးရာဌာန ညွှန်ကြားရေးမှူး၊ သံတမန်အကြီးအကဲ Mr. D. Byambadorj နှင့် တာဝန်ရှိသူများက မွန်ဂိုလီးယားနိုင်ငံ Chinggis Khan အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် Best Western Premier ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၈**

သစ်ပင်များကို စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ရှင်သန်အောင် လုပ်ဆောင်ခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရှိနေကြောင်း၊ ယခုသစ်ပင်စိုက်ပျိုးပွဲသည် ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးရေးအတွက် တပ်လှန့်နှိုးဆော်ခြင်းပင်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား၌ ပြောကြားသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှငွေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးရှိ ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ခရေပင်နှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးသည်။**(ယာပုံ)**

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက စိုက်ပျိုးပင်များအား သတ်မှတ်နေရာ အသီးသီးတွင် စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၁၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၂၀၁၀၊ ပျဉ်းကတိုးပင် ၁၀၀၀၊ ပိတောက်ပင် ၅၀၀၊ ယမနေပင် ၂၀၀၊ ရင်းမာပင် ၅၀၀၊ မဟော်ဂနီပင် ၂၀၀ နှင့် သစ်ဆိမ့်ပင် ၆၀၀ စုစုပေါင်း အပင် ၅၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်



နယ်မြေတွင် ၃၃၃၇၃ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ၄၉၀၈၁ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၁၇၈၂၇ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၂၃၄၆၇ ပင်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ၂၃၇၁၂ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၁၅၁၆၄ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၂၈၅၃၉ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၂၉၈၀၅ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၅၂၃၃၃ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၂၁၄၂၈ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၁၆၅၃၆ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၂၀၁၈၁ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၂၀၈၇၃ ပင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၄၅၀၃၉ ပင်ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊စစ်သည်နှင့် မိသားစုများက စိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးမှု စုစုပေါင်းမှာ အပင် ၃၉၇၂၇၀ ဖြစ်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အနေဖြင့် ၂၀၁၁ ခုနှစ်တွင် ၁၈၇၅၇ ပင်၊ ၂၀၁၂ ခုနှစ်တွင် အပင် ၁၅၅၀၀၊ ၂၀၁၃ ခုနှစ်တွင် အပင် ၁၅၀၀၀ နှင့် ၂၀၁၄ ခုနှစ်တွင် အပင် ၁၄၀၀၀ စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ဆက်လက်ပြုလုပ်၍ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

**ကျောဖုံးမှ**

သို့သော်တိုက်စစ်ပိုင်း၌ အချင်းချင်းနားလည်မှုလွဲနေ၍ ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။ ဒုတိယပိုင်းတွင် မကွေးအသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့သော်လည်း ရရှိသည့် ဂိုးသွင်းခွင့်များကို ဆယ်လာ၊ ကောင်းဆက်နိုင်နှင့် ဟိန်းဇာအောင်တို့အသုံးမချနိုင်၍ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

**(တောင်ကြီးကွင်း)**

**ကမ္ဘောဇ-နှစ်ဂိုး**

(ကျော်ဇေယျာဝင်းနှင့်ဂျော်ဂျီ)

**ရတနာပုံ-နှစ်ဂိုး**

(မာတူနာနှင့်ရဲကိုဦး)

**(သုဝဏ္ဏကွင်း)**

**ဟံသာဝတီ-ဂိုးမရှိ**

**ဇွဲကပင်-ဂိုးမရှိ**

ပွဲစဉ်(၁၀)အပြီးတွင် ရန်ကုန်အသင်းက ရမှတ် ၃၀ ဖြင့် ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ဧရာဝတီအသင်းက ၂၂ မှတ်၊ ရတနာပုံအသင်းက ရမှတ် ၂၀၊ မကွေးအသင်းက ၁၉ မှတ်၊ ကမ္ဘောဇအသင်းက ၁၆ မှတ်တို့ ရရှိထားသည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# တရုတ်(တိုင်ပေ)ဖော်မိုဆာအပန်းဖြေဥယျာဉ်တွင် မီးလောင် လူ ၅၀၀ ကျော်ထိခိုက်ဒဏ်ရာရ



**တိုင်ပေ ဇွန် ၂၈**

တရုတ်(တိုင်ပေ)ရှိ အပန်းဖြေဥယျာဉ်တစ်ခုတွင် ကာဗွန်ဆေးမှုန့်များ မီးလောင်ကျွမ်းမှုကြောင့် လူ ၅၂၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးဌာနကဆိုသည်။

ဖော်မိုဆာ အပန်းဖြေဥယျာဉ်တွင် လူပေါင်း ၄၅၀၀ ခန့်သည် ကာလာပလေးအေးရှပါတီပွဲဆင်နွှဲနေစဉ် ဖျော်ဖြေရေးစင်မြင့်ထက်တွင် အမျိုးအမည်မသိကာဗွန်အမှုန့်များကို မီးရှို့ခဲ့ရာမှ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။ ထိုလောင်ကျွမ်းခဲ့သည့် ကာဗွန်အမှုန့်များသည် ပါတီပွဲတက်ရောက်နေသည့်ပရိသတ်များအပေါ်သို့ လွင့်စင်လာခဲ့သည်ဟု အာဏာပိုင်များက ဆိုသည်။ ဒဏ်ရာရသူများအနက် ၁၉၄ ဦးသည် အရေပြားမီးလောင်ကျွမ်းမှုဒဏ်ကို ပြင်းထန်စွာခံစားနေရသည်။ ထိခိုက်ဒဏ်ရာရရှိသူများကို ဒေသတွင်းဆေးရုံ ၄၃ ခုတွင်ဆေးကုသပေးလျက်ရှိသည်။ ဒဏ်ရာရရှိသူ ၁၈၃ ဦးသည် အရေးပေါ်အနေအထားတွင်ရှိပြီး အရေပြားအစားထိုးကုသရန်လိုအပ်နေကြောင်း တရုတ်(တိုင်ပေ)ကျန်းမာရေးဗျူရိုက ဆိုသည်။

ခန္ဓာကိုယ်နှင့် ကိုယ်လက်အင်္ဂါလျှုဒါန်းရေးစင်တာများ၊ ပလတ်စတစ်ဆာဂျူရီဌာနများကို လူနာများအား အရေပြားအစားထိုးကုသရန် အရေးပေါ်ကမ်းလှမ်းထားကြောင်း တရုတ်(တိုင်ပေ)ကျန်းမာရေးဗျူရိုက ပြောကြား သည်။

မတော်တဆမှုများမဖြစ်ပွားစေရန် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် ဓာတုဆေးမှုန့်များနှင့် အခြားသောမီးလောင်စေတတ်သည့်အရာများအသုံးပြုခြင်းကို တားမြစ်ပိတ်ပင်ထားကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်များက ဆိုသည်။

"ထိခိုက်ဒဏ်ရာရခဲ့သူတွေအတွက် အလွန်ပဲ စိတ်မကောင်းဖြစ်မိပါတယ်။ သူတို့တွေ အချိန်မီ ဆေးကုသမှုရရှိပါစေလို့ မျှော်လင့်ပါတယ်" ဟု တရုတ်(တိုင်ပေ)ရေးရာရုံး၏ပြောရေးဆိုခွင့်ရှိသူ မာခွန့်ဆီးရာကွာက ၎င်း၏ခံစားချက်ကို ပြောသည်။

ယခုကဲ့သို့ လူစုလူဝေးဖြင့်ထိခိုက်ဒဏ်ရာရရှိသည့် ဖြစ်ရပ်မျိုး တရုတ်(တိုင်ပေ)တွင် ယခင်က ဖြစ်ခဲ့ဖူးခြင်းမရှိပေ။ **ဆင်ဟွာ။**

## သီရိလင်္ကာလွှတ်တော်ဖျက်သိမ်း ဩဂုတ်တွင် ရွေးကောက်ပွဲကျင်းပမည်

**ကိုလံဘို ဇွန် ၂၈**

သီရိလင်္ကာသမ္မတ မေသရိပါလာ သီရိသေနသည် ၎င်း၏ဩဇာအာဏာခိုင်မာရန်နှင့် ပြုပြင်ပြောင်းလဲရေးပြုလုပ်ပါမည်ဟူသော ရွေးကောက်ပွဲကတိကဝတ်များကို အကောင်အထည်ဖော်ရန်အတွက် ယခင်သမ္မတကို သစ္စာခံသောပါလီမန်အား ဖျက်သိမ်း၍ ဩဂုတ်လတွင် ရွေးကောက်ပွဲခေါ်ယူလိုက်ကြောင်း ယနေ့သတင်းများတွင်ဖော်ပြသည်။

အမတ်ဦးရေ ၂၂၅ ဦး ရှိသော လွှတ်တော်အတွက် ဩဂုတ် ၁၇ ရက်တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း ဇွန် ၂၆ ရက်တွင် ကြေညာခဲ့သည်။

ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် သမ္မတမဲပေးရွေးချယ်ပွဲတွင် သီရိသေနသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အပြည့်အဝ အကောင်အထည်ဖော်မည်ဟူသော ကတိကဝတ်များဖြင့် မဟိန္ဒြာရာဂျာပတ်စေးကို အနိုင်ရရှိခဲ့သည်။

သို့သော် ၎င်း၏ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဆောင်ရွက်ရာတွင် လွှတ်တော်အမတ်များ၏အတားအဆီးများနှင့် ရင်ဆိုင်ခဲ့ရသည်။ ၎င်း၏ ပြုပြင်ပြောင်းလဲရေးတွင် သမ္မတ၏လုပ်ပိုင်ခွင့်အာဏာကို လျှော့ချရန်နှင့် ရွေးကောက်ပွဲနည်းစနစ်များကို ပြောင်းလဲရန်တို့ ပါဝင်သည်။

ဖျက်သိမ်းလိုက်သော လွှတ်တော်တွင် ယခင်သမ္မတဟောင်း ရာဂျာပတ်စေးရွေးကောက်ပွဲမရှုံးမီအထိ ဦးဆောင်ခဲ့သည့် ယူနိုက်တက်ပီးပဲလ်ဖရီးဒပ်းအလိုင်းယင်(စ်)ပါတီမှ အမတ်တို့က အများစုဖြစ်သည်။ **ရိုက်တာ။**

## မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန် တက်ရောက်မည်

**ဖနောင်ပင် ဇွန် ၂၈**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဇူလိုင် ၂ ရက်မှ ၆ ရက်အထိ ကျင်းပမည့် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့အား ဦးဆောင်ကာ တက်ရောက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၂၇ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် မဲခေါင်မြစ်နှင့် ထိစပ်နေသည့် နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ မြန်မာနှင့်ထိုင်းနိုင်ငံများမှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

ထိပ်သီးဆွေးနွေးပွဲတွင် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သုံးနှစ်တာကာလအတွက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာသစ်ကို ချမှတ်မည်ဖြစ်ပြီး ကမ္ဘောဒီးယားဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်ကမ္ဘောဒီးယားဝန်ကြီးချုပ်တို့သည် ထိပ်သီးအစည်းအဝေးပွဲ ပြင်ပတွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ထိပ်သီးအစည်းအဝေးကျင်းပစဉ်အတွင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များသည် ဧကရာဇ်နန်းတော်အဆောက်အအုံ၌ ဂျပန်အောက်လွှတ်တော်ဥက္ကဋ္ဌ တာဒါမိုရီအိုရှိမာနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ ယာမာဇာကီ မာတာကီတို့နှင့် တွေ့ဆုံဆွေးနွေးမည်ဟု သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

## အိန္ဒိယတွင် လူမြင်ကွင်း၌ ကျင်ငယ်စွန့်သည့်အတွက် လူ ၁၀၉ ဦးအဖမ်းခံရ

**နယူးဒေလီ ဇွန် ၂၈**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ် ပြည်နယ်တွင် လူမြင်ကွင်း၌ စိတ်အနှောင့်အယှက်ဖြစ်စရာ မဖွယ်မရာပြုလုပ်မှုများကို ထိရောက်စွာ တိုက်ဖျက်နှိမ်နင်းသည့်အနေဖြင့် လူမြင်ကွင်းတွင် ကျင်ငယ်စွန့်သည် လူ ၁၀၀ ကျော်ကို အိန္ဒိယရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။



အဆိုပါ ဖမ်းဆီးမှုကို ရထားရဲတပ်ဖွဲ့က ဥတ္တရပရာဒေ့ရှ် ပြည်နယ်၏ ကမ္ဘာလှည့်ခရီးသည်များလာရောက်ရာ အဂရာမြို့တွင် စနေနေ့က ပြုလုပ်ခြင်းဖြစ်သည်။ ဖမ်းဆီးခံရသူများအားလုံး ရဲစခန်းတွင် တစ်ညထိန်းသိမ်းခံရပြီး ရူပီး ၅၀၀ (၁၀ ဒေါ်လာ)စီ ဒဏ်ရိုက်ခဲ့ကြောင်း ထိပ်တန်းရဲအရာရှိတစ်ဦးက တနင်္ဂနွေနေ့တွင်ပြောကြားသည်။

"လူမြင်ကွင်းမှာ ကျင်ငယ်စွန့်တဲ့အတွက် လူ ၁၀၉ ဦးကို ကျွန်တော်တို့ ဖမ်းဆီးခဲ့ပါတယ်။ အခုလို ဖမ်းဆီးတာက သန့်ရှင်းသပ်ရပ်မှုရှိလာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ များသောအားဖြင့် လူတွေက ရထားလမ်း၊ ဘူတာရုံပတ်ဝန်းကျင်တွေမှာ အညစ်အကြေးစွန့်လေ့ရှိပြီး ဒီနေရာတွေဟာ ပိုပြီးသန့်ရှင်းသပ်ရပ်မှုရှိနေဖို့ သင့်ပါတယ်" ဟု ရထားရဲတပ်ဖွဲ့ ကြီးကြပ်ရေးမှူး ဂျီအင်န်ခန်နာက သတင်းမီဒီယာများသို့ ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် လူမြင်ကွင်း၌ ကျင်ငယ်စွန့်ခြင်းသည် ပြစ်မှုတစ်ခုဖြစ်သော်လည်း အများသုံးသန့်စင်ခန်းမရှိသည့်အတွက် လူများသည် လူမြင်ကွင်းတွင် ကျင်ငယ်စွန့်လေ့ရှိကြသည်။ **ဆင်ဟွာ။**

## ရဝမ်ဒါသို့ ခြင်္သေ့များပို့ဆောင်ပေး

**ကီဂါလီ ဇွန် ၂၈**

နှစ်ပေါင်း ၂၀ ကျော် ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ခြင်္သေ့များကို ရဝမ်ဒါနိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြောင်း တောရိုင်းတိရစ္ဆာန် စောင့်ရှောက်သူများက ပြောကြားသည်ဟု ယနေ့သတင်းများတွင် ဖော်ပြသည်။

အဆိုပါ နိုင်ငံ၌ ၁၉၉၄ ခုနှစ်တွင် လူမျိုးပြုတ်သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် မျိုးသုဉ်းလုနီးပါး တိရစ္ဆာန်များ ပျောက်ကွယ်သွားခဲ့ရသည်။

အထီးနှစ်ကောင်နှင့် အမငါးကောင်ပါဝင်သည့် ခြင်္သေ့အုပ်စုကို တောင်အာဖရိကမှ ပို့ဆောင်ပေးလျက်ရှိသည်။ ခေါ်ယူလာသည့် နေရာမှ ၃၆ နာရီကြာခရီးနှင်ပြီးနောက် ရဝမ်ဒါသို့ တနင်္လာနေ့တွင် လေကြောင်းခရီးဖြင့် ရောက်ရှိမည်ဖြစ်သည်။

ရဝမ်ဒါနိုင်ငံအရှေ့ပိုင်း အကာဂီဒါ အမျိုးသားဥယျာဉ်တွင် ယင်းတို့ကို ရက်သတ္တနှစ်ပတ်ကြာ သီးသန့်ထားရှိပြီးမှ လွှတ်ပေးမည်ဖြစ်သည်။

တန်ဇန်းနီးယားနယ်စပ်၌ရှိသော ဧက ၂၇၆၈၀၀ (ဟက်တာ ၁၁၂၀၀၀) ကျယ်ဝန်းသည့်အကာဂီဒါမှ တာဝန်ရှိသူများက ယခုကဲ့သို့ ခြင်္သေ့များ ပြန်လည်ရောက်ရှိလာခြင်းသည် ရဝမ်ဒါနိုင်ငံနှင့် အမျိုးသားဥယျာဉ်နှစ်ခုလုံးအတွက် ကနဦးကြိုးစားမှုဖြစ်သည်ဟု ပြောသည်။

တောင်အာဖရိကနိုင်ငံ ကွာဇူးလူးနာတဲလ်ပြည်နယ်ရှိ ဥယျာဉ်များမှ ယင်းခြင်္သေ့များကို ယူဆောင်လာခြင်းဖြစ်ကြောင်း ထိုဥယျာဉ်များသည် သေးငယ်၍ ရံဖန်ရံခါခြင်္သေ့များကို ဖယ်ရှားရကြောင်း အကာဂီဒါဥယျာဉ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။ **ရိုက်တာ။**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့်**
**မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။**

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၆၆) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် (၆၆) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမဟာမင်္ဂလာအခမ်းအနားကို စေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက်ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ဇွန်၂၇ ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလဆန်း ၁၁ ရက်) စနေနေ့ နံနက် ၁၀ နာရီက ကျင်းပရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ လယ်ဝေးမြို့ ဘုရားကြီးကျောင်းတိုက်မဟာဂန္ထဝါစကပဏ္ဍိတ နေပြည်တော်သံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တအရိယဝံသနှင့် သံဃာတော် ကိုးပါး၊ လယ်ဝေးမြို့ သံလမ်းကျောင်းတိုက်မှ သံဃာတော် ကိုးပါး ပေါင်း ၁၉ ပါး ကြွရောက်တော်မူကြသည်။

အခမ်းအနားတွင် စေတီတော်ဂေါပကအဖွဲ့ဝင်များက ဆရာတော်သံဃာတော်များအား ပဋ္ဌာန်းကျမ်းစာအုပ်နှင့် ပဋ္ဌာန်းပရိတ်အိုးများ ဆက်ကပ်ပြီး ဆရာတော် သံဃာတော်များ ဦးဆောင်၍ ပရိသတ်အားလုံးက ပဋ္ဌာန်း ပစ္စယုဒ္ဒေသ ပါဠိတော်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် ကြွရောက်လာသောဆရာတော် သံဃာတော်များအားနေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် (၆၆) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇွန် ၂၇ ရက်မှ ဇူလိုင် ၁ရက်အထိ (၁၃၇၇ ခုနှစ် ပထမဝါဆိုလဆန်း ၁၁ ရက်မှ ပထမဝါဆိုလပြည့်နေ့အထိ) ငါးရက်တိုင်တိုင်ကျင်းပမည်ဖြစ်၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ပါကြောင်း သိရသည်။

**သီဟန်သိန်း(အေးချမ်းမြေ)**

◆◆◆

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြေညာစာအမှတ် (၆/၂၀၁၅) နှင့် (၇/၂၀၁၅) တို့ကို ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြေညာစာအမှတ် (၆/၂၀၁၅) နှင့် (၇/၂၀၁၅) တို့ကို ထုတ်ပြန်ထားကြောင်း သိရှိရသည်။

အမိန့်ကြေညာစာအမှတ် (၆/၂၀၁၅) လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့် လေ့လာရာတွင် ပြည်တွင်းစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ထုတ်ပြန်ခြင်းတွင် အခန်း (၁၃) ခန်းပါရှိပြီး အခန်း(၁) အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ပြည့်စုံရန်လိုအပ်သည့် သတ်မှတ်ချက်များ၊ အခန်း(၃) အသိအမှတ်ပြုရန်လျှောက်ထားခြင်း၊ အခန်း(၄) လျှောက်လွှာများစိစစ်ခြင်း၊ ခွင့်ပြုခြင်း၊ အခန်း(၅) အသိအမှတ်ပြုလွှာနှင့် သက်သေခံကတ်ပြား ထုတ်ပေးခြင်း၊ အခန်း(၆) သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များ၊ အခန်း(၇) အသိအမှတ်ပြုလွှာ သက်တမ်း၊ အခန်း(၈) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနယ်မြေ၊ အခန်း(၉) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ အခွင့်အရေး၊ တာဝန်များနှင့် လိုက်နာရန် ကျင့်ဝတ်များ၊ အခန်း (၁၀) စည်းကမ်းဖောက်ဖျက် ကျူးလွန်သူအတွက် အရေးယူမှုများ၊ အခန်း(၁၁) စောင့်ကြည့်လေ့လာနိုင်သည့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ အခန်း(၁၂) အယူခံခြင်း၊ အခန်း(၁၃) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအစီရင်ခံစာတို့ ပါဝင်သည်။

အမိန့်ကြေညာစာအမှတ် (၇/၂၀၁၅)လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ထုတ်ပြန်ခြင်းတွင်လည်း အခန်း (၁၃) ခန်းပါဝင်ပြီး အခန်း(၁) အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ပြည့်စုံရန်လိုအပ်သည့် သတ်မှတ်ချက်များ၊ အခန်း(၃) မှတ်ပုံတင်ခြင်းနှင့် အသိအမှတ်ပြုရန်လျှောက်ထားခြင်း၊ အခန်း (၄) မှတ်ပုံတင်လျှောက်လွှာနှင့်အတူ ပူးတွဲရမည့် စာရွက်စာတမ်းများ၊အခန်း(၅) လျှောက်လွှာများစိစစ်ခြင်း၊ ခွင့်ပြုခြင်း၊ အခန်း(၆) အသိအမှတ်ပြုလွှာနှင့် သက်သေခံကတ်ပြားထုတ်ပေးခြင်း၊ အခန်း(၇) သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များ၊ အခန်း(၈) အသိအမှတ်ပြုလွှာ သက်တမ်း၊ အခန်း(၉) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနယ်မြေ၊ အခန်း (၁၀)ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ အခွင့်အရေး၊ တာဝန်များနှင့်လိုက်နာရန်ကျင့်ဝတ်များ၊ အခန်း(၁၁) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူအတွက်အရေးယူမှုများ၊ အခန်း(၁၂) စောင့်ကြည့်လေ့လာနိုင်သည့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ အခန်း(၁၃) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအစီရင်ခံစာတို့ ပါဝင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုက် www.uec myanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



## မကွေးတိုင်းဒေသကြီး မကွေးခရိုင် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲ(အခြေခံပညာကဏ္ဍ)ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

ပညာရေးမူဝါဒ၊ ပညာရေးဥပဒေများနှင့် ပညာရေးစီမံကိန်းများ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး မကွေးခရိုင် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲ (အခြေခံပညာကဏ္ဍ)ကို ယနေ့နံနက် ၉နာရီတွင် မကွေးမြို့နယ်အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၊ အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ စာပေ ယဉ်ကျေးမှု အဖွဲ့အစည်းများ၊ ပညာရေးဆိုင်ရာ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မိဘဆရာအသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြုအဖွဲ့ဝင်များ၊ အငြိမ်းစား ပညာရေးဝန်ထမ်းများ၊ ပုဂ္ဂလိက ပညာရေးလုပ်ငန်း ဆောင်ရွက်နေကြသူများ၊ နည်းပညာနှင့် သက်မွေးပညာမှ တာဝန်ရှိသူများ၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ အထူးဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၅၂၃ ဦး တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက အဖွင့်အမှာစကား ပြောကြားပြီး မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အခြေခံပညာရေးဥပဒေ(မူကြမ်း)၊ နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ (မူကြမ်း)၊ ပုဂ္ဂလိကပညာရေးဥပဒေ(မူကြမ်း)နှင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ၊ လေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်(၃)၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(မူကြမ်း)တို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များသည် ရပ်ကွက်၊ ကျေးရွာအလိုက် မူလတန်းကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် ပူးပေါင်းပြီး ကျောင်းသားမိဘများနှင့် ထပ်ဆင့်တွေ့ဆုံကာ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် မိဘပြည်သူများအား အသိပညာပေး စည်းရုံးဆောင်ရွက်နိုင်မှု အခြေအနေနှင့် သန်းခေါင်စာရင်းအရ ဒေသလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအမြင်ဖြင့် မူကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့်ပညာ လိုအပ်ချက်များ၊ Drop Out များအတွက် ကျောင်းပြင်ပပညာရေး၊ သက်မွေးပညာရေးလိုအပ်ချက်များ၊ ကျောင်းအခြေခံ အဆောက်အအုံ သင်ထောက်ကူနှင့် ဆရာလိုအပ်ချက်များအား Costed Plan နှင့် ကိုက်ညီစီမံနိုင်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ ပညာရေးမူဝါဒများ၊ အခြေခံပညာရေးဥပဒေ(မူကြမ်း)၊ နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ(မူကြမ်း)၊ ပုဂ္ဂလိက ပညာရေးဥပဒေ(မူကြမ်း)နှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (မူကြမ်း)တို့ကို ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာဖြင့် တက်တက်ကြွကြွ ဆွေးနွေးအကြံပြုကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျေးရွာအချို့ ရေများဝင်ရောက်ခဲ့သော်လည်း လယ်ယာမြေများ ပျက်စီးမှုမရှိ

**ရေတာရှည် ဇွန် ၂၈**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွာသွန်းခဲ့သော မိုးကြောင့် ရေကြီးရေလျှံမှုများ နေရာအနှံ့အပြား၌ဖြစ်ပွားခဲ့သော်လည်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ ကျေးရွာအချို့တွင် ရေများဝင်ရောက်မှုသာရှိခဲ့ပြီး စပါးစိုက်ခင်းများပျက်စီးဆုံးရှုံးမှုများမရှိကြောင်း သိရသည်။

လေးရက်ကြာ အဆက်မပြတ်ရွာသွန်းခဲ့သောမိုးကြောင့် ခရီးသွားလာသူနည်းပါးကာ ခရီးသည်တင်ယာဉ်များလည်း အခက်တွေ့ရပြီး အရောင်းအဝယ်သိသာစွာကျဆင်းခဲ့ရသည်ကို တွေ့ရသည်။ "မိုးက နေ့ရော ညပါရွာနေတော့ လူတွေကအပြင် မထွက်ကြတော့ဘူး။ လက်ဖက်ရည်ဆိုင်တွေ၊ အသားငါးနဲ့ ကုန်စုံရောင်းတဲ့သူတွေ အရောင်းအဝယ်ရပ်ကုန်တယ်။ ကားတွေကြည့်လိုက်ရင်လည်း ခရီးသည်ကို မပါတော့ဘူး။ ရွာတွေမှာဆို လမ်းတွေအတော်ပျက်ကုန်တာတွေ့ရတယ်" ဟု မြို့ခံတစ်ဦးက ပြောသည်။

မိုးရွာသွန်းခြင်းကြောင့် စပါးစိုက်ပျိုးမည့် တောင်သူများအတွက် အဆင်ပြေကာ နှမ်းရိတ်သိမ်းလျက်ရှိသည့် တောင်သူ များအခက်အခဲကြုံနေရသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

*ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# ပြင်ဆင်သင့်သည်ကို ပြင်၍ မပြင်သင့်သည်ကို မပြင်ပါနှင့်

## ကိုဇော် (ပေါက်ကံမြေ)

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး နီးလာသည်နှင့်အမျှ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အသံများသည် လွှတ်တော်ပြင်ပနှင့် လွှတ်တော်အတွင်းသော်လည်းကောင်း၊ မီဒီယာလောကတွင်လည်းကောင်း ကိုယ်လိုရာဆွဲ၍ အသံအမျိုးမျိုးဖြင့် ကျယ်လောင်စွာ ပြန်လည်ကြားနေရမည်ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲအတည်ပြုနိုင်ရေးအတွက် ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ၁၄ နှစ်ကြာ အမျိုးသားညီလာခံကြီးခေါ်ယူ၍ ကိုယ်စားလှယ် အစုအဖွဲ့ပေါင်း ရှစ်ဖွဲ့မှ အချိန်ယူဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်အတည်ပြုနိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ မဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်သည်ကို မည်သူမျှ ငြင်းနိုင်ဖွယ်ရာ မရှိပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့် သက်တမ်းလေးနှစ်ကျော်ကာလအတွင်း နိုင်ငံတော်အသွင်ကူးပြောင်းရေးကိစ္စများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးလည်းဖြစ်ပါသည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် အရှည်တည်တံ့ခိုင်မြဲရေးအတွက် ဖြတ်သန်းခဲ့သည့် လေးနှစ်ကျော်ကာလအတွင်း တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များနှင့် သော်လည်းကောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် စစ်မှန်သော ပြည်ထောင်စုစနစ် ပေါ်ပေါက်လာရေးအတွက်လည်းကောင်း ရည်ရွယ်၍ ဖွဲ့စည်းပုံအခြေခံကို ပြင်ဆင်သည့် ပုဒ်မများသို့ ပြင်ဆင်ခြင်းသည် အမှန်တရားဖြစ်ပါသည်။ သို့သော် ပုဒ်မအများစုသည် ပြင်ဆင်ပယ်ဖျက်ပစ်ရန်မသင့်ဘဲ ပြင်ဆင်ပယ်ဖျက်သင့်သည့်အချက်များကိုသာ အကြံပြုတင်ပြအပ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းအဖြစ် တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို လေ့လာမှတ်သား၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တတ်စွမ်းနိုင်သမျှ လေ့လာပြီး နိုင်ငံသားအားလုံးအကျိုးအတွက် ဤဆောင်းပါးဖြင့် အကြံပြုတင်ပြအပ်ပါသည်။

၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် အခန်း၁၅ ခန်းနှင့် ပုဒ်မပေါင်း ၄၅၇ ခုပါဝင်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတော်၏ ခက်မသုံးဖြာ အာဏာကြီးသုံးရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို သီးခြားလွတ်လပ်စွာ ရပ်တည်မှုရှိပြီး အပြန်အလှန်ထိန်းကျောင်းနိုင်ခွင့်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်းနှိုင်းယှဉ်အကြံပြုရလျှင် အခန်း(၃)နိုင်ငံတော်အကြီးအကဲအခန်းတွင် ဒုတိယသမ္မတများ အရည်အချင်း သတ်မှတ်ချက်ဖြစ်သည့် ပုဒ်မ(၅၉)"ဃ"တွင် စစ်ရေးအမြင်ကို ကာကွယ်ရေးအမြင်ဟု ပြင်ဆင်လိုသည်မှာ စစ်ရေးနှင့် ကာကွယ်ရေးသည် သဘောသဘာဝခြင်း တူညီပါသဖြင့် မူလအတိုင်းသာ ထားရှိသင့်ပါသည်။ ပုဒ်မ (၅၉) "စ" ကို ပြင်ဆင်လိုသည့် ဥပဒေကြမ်းအတိုင်း ပြင်ဆင်သင့်ပါသည်။ ပုဒ်မ (၆၀) "ဂ" ကို ပြင်ဆင်လိုသည့် ဥပဒေကြမ်းအတိုင်း မပြင်ဆင်သင့်ဘဲ ပုဒ်မ (၆၀)"ခ" အရ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ သုံးဖွဲ့အနက်မှ ပုဒ်မ (ခ)(၃) ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ဖို့တော့ လိုမည်ဖြစ်ပါသည်။

ပြင်ဆင်လိုသည့် ဥပဒေကြမ်းတွင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပတ်သက်သည့် ပုဒ်မ (၆၂)၊ ပုဒ်မ (၆၃)၊ ပုဒ်မ (၆၄) တို့ကိုပယ်ဖျက်ထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ပုဒ်မ (၆၄)ကိုသာ ပယ်ဖျက်သင့်ပြီး ပုဒ်မ (၆၂)နှင့် (၆၃) တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းသာ ထားသင့်ပါသည်။ ခက်မသုံးဖြာ အာဏာကြီးသုံးရပ်လို သီးခြားလွတ်လပ်စွာ တည်ရှိရမည်ဖြစ်ပြီး အပြန်အလှန်ထိန်းကျောင်းရမည်ဖြစ်သဖြင့် ပုဒ်မ (၅၈) အရ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာရရှိသည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအောက်သို့ ဝင်ရောက်ရန် မလိုတော့ပါ။ ပုဒ်မ (၆၄) ပယ်ဖျက်ရန်လိုအပ်သည်မှာ ပုဒ်မ (၇) တွင် နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးသည်ဟု အတည်ပြုပြဋ္ဌာန်းထားပါသဖြင့် နိုင်ငံ့ဝန်ထမ်းများမှလွဲ၍ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်မဆို ပါတီဝင်ခြင်းနှင့် ပါတီတာဝန်ထမ်းဆောင်ခြင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားပြီဟုမှတ်ယူရပါမည်။ ပါတီဥက္ကဋ္ဌတစ်ဦးအနေဖြင့် ရွေးကောက်ပွဲအနိုင်ရ၍ အနိုင်ရပါတီဖြစ်ခဲ့လျှင် သမ္မတတာဝန်၊ ပါတီတာဝန်ကိုပါ တစ်ပြိုင်တည်း ထမ်းဆောင်မှသာလျှင် ပါတီဝင်လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရတစ်သားတည်းကျပြီး နိုင်ငံတော်၊ နိုင်ငံသားများ အကျိုးအတွက် ကောင်းမွန်မှန်ကန်သော မူဝါဒများကို မောင်းနှင်အားကောင်းကောင်းဖြင့် ပဲ့ကိုင်ထိန်းကျောင်းနိုင်မည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုရေးအာဏာအပြန်အလှန် ထိန်းကျောင်းရမည်ဖြစ်သော်လည်း လူ့သဘောသဘာဝအရ ဆန္ဒနှင့်အတ္တ အစွန်းတရားများကြောင့် ပါတီတွင်း အကွဲအပြဲဖြစ်စေသည့် စိန်ခေါ်မှုတစ်ရပ်ကိုလည်း ပြေလျော့သွားမည်ဖြစ်ပါသည်။

ပုဒ်မ [၂၃၂(ခ)(၁)] ၂၃၂(ဂ) တို့အား ဥပဒေကြမ်းအတိုင်း ပယ်ဖျက်သင့်ပါသည်။ ပုဒ်မ ၂၃၂(ဈ) ကို မပယ်ဖျက်သင့်ပါ။ မူလအတိုင်း ထားရှိသင့်ပါသည်။ အထက်အပိုဒ်ပါ ရှင်းလင်းချက်များအတိုင်းဖြစ်သဖြင့် မပယ်ဖျက်သင့်ပါ။ ပုဒ်မ ၂၃၂(ဠ) အားပယ်ဖျက်သင့်ပါသည်။ အထက်ဖော်ပြပါ ရှင်းလင်းချက်အတိုင်းဖြစ်ပါသဖြင့် ပယ်ဖျက်သင့်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရဖြစ်သော ဝန်ကြီးချုပ်များခန့်ထားနိုင်ရေးအတွက် ပုဒ်မ ၂၆၁(ခ) အား ပယ်ဖျက်၍ ပြင်ဆင်လိုသည့် ဥပဒေကြမ်းအတိုင်း ပြင်ဆင်သင့်ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၈)တွင် နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟု ပြဋ္ဌာန်းထားပါသဖြင့် စစ်မှန်သော ပြည်ထောင်စုစနစ်ဖြစ်ပေါ်စေရန်နှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား အပြန်အလှန် ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက် သော်လည်းကောင်း၊ ထာဝရငြိမ်းချမ်းရေး ရရှိနိုင်ရန်အတွက်သော်လည်းကောင်း ရည်ရွယ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးပြည်နယ်၊ လွှတ်တော်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တာဝန်ပေးအပ်ရန် ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းဖြင့် အများပြည်သူတို့ ကြိုက်နှစ်သက်သည့် ပုဂ္ဂိုလ်သည် ဝန်ကြီးချုပ်ဖြစ်လာမည်ဖြစ်သဖြင့် ပြည်သူတို့၏ ယုံကြည်အားကိုးမှုကိုလည်း ရရှိစေမည်ဖြစ်ပါသည်။ တိုင်းဒေသကြီး ဝန်ကြီးများခန့်ထားနိုင်ရေးအတွက် ပုဒ်မ ၂၆၁(က)(၁)(၂)၊ ၂၆၂(ခ)(ည)တို့အား ပြင်ဆင်လိုသည့် ဥပဒေကြမ်းအတိုင်း ပြင်ဆင်သင့်ပါသည်။

**၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် အခန်း ၁၅ ခန်းနှင့် ပုဒ်မပေါင်း ၄၅၇ ခု ပါဝင်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတော်၏ ခက်မသုံးဖြာ အာဏာကြီးသုံးရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို သီးခြားလွတ်လပ်စွာ ရပ်တည်မှုရှိပြီး အပြန်အလှန် ထိန်းကျောင်းနိုင်ခွင့်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်။**

အုပ်ချုပ်ရေးခေါင်းစဉ်အောက်ရှိ ပုဒ်မအချို့ ပြင်ဆင်လိုသည့် ဥပဒေကြမ်းအတိုင်း ပြင်ဆင်သင့်သော်လည်း အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဆက်လက်တင်ပြချင်ပါသည်။ ယခင် ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ပါဝင်ခဲ့သည့် ဒေသန္တရအုပ်ချုပ်ရေးအပိုင်းတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေလျော့နည်း၊ အားနည်းချက်များကို တွေ့ရှိရပါသည်။ ၎င်းလျော့နည်း၊ အားနည်းချက်များကို အမျိုးသားညီလာခံခေါ်ယူဆွေးနွေးစဉ်ကာလက ပါတီတစ်ခု၏ တင်ပြချက်များကို ကြားကောင်းကြားရမည်လည်းဖြစ်ပါသည်။ ယခုအခါတွင် နိုင်ငံရေးပါတီများ၊ ဂျာနယ်လစ်များ၊ လွှတ်တော်ပြင်ပနိုင်ငံရေးလှုပ်ရှားသူများ ထောက်ပြဝေဖန်နေမှုမရှိကြဘဲ မိမိတို့အကျိုးရှိမည့် ပုဒ်မများကို ပြင်ဆင်ပေးရေး အသံကျယ်ကျယ်များကို ကြားနေရမည် ဖြစ်ပါသည်။ အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်တွင် ပြည်သူများနှင့် အဓိကထိတွေ့ရသည့် အဖွဲ့အစည်းများမှာ ရပ်ကွက်/ကျေးရွာအဆင့်နှင့် မြို့နယ်တို့သာဖြစ်ပါသည်။ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေး အဖွဲ့အစည်းအဆင့်ဆင့်များကို အများပြည်သူများ ကျေနပ်နှစ်သက်နိုင်သော အုပ်ချုပ်ရေးယန္တရားများဖြစ်ပေါ်စေနိုင်ရန် အခိုင်အမာပြဋ္ဌာန်းပေးရန် လိုအပ်လာမည်ဖြစ်ပါသည်။ ပြင်ဆင်လိုသည့် ဥပဒေကြမ်းတွင်လည်း ပြည်သူများ၏ ဆန္ဒနှင့်ဘဝကို တစ်ထပ်တည်းကျစေမည့် ပုဒ်မ ၂၈၈၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးပုဒ်မ ၂၈၉၊ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးတို့ကို အလေးအနက်သဘောထားပြီး ယခုဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်သည့်အခါတွင် တစ်ခါတည်းထည့်သွင်းပြင်ဆင်သွားသင့်ပါကြောင်း တာဝန်ရှိသူများအား လေးစားစွာ အကြံပြုပါသည်။ ၎င်းပုဒ်မ (၂)ခု၏ လျော့နည်း၊ အားနည်းချက်များကြောင့် နိုင်ငံတော်သမ္မတတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အသုံးပြု၍ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(က)နှင့် (ဂ)တို့ကို အသုံးပြု၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် တာဝန်ပေးအပ်ခဲ့သည်ဟုဆိုလျှင် မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။ ပုဒ်မ ၂၈၈ တွင် ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးအပ်ဆောင်ရွက်စေရမည်ဟု ပါရှိသဖြင့် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာန၏ ဝန်ထမ်းအကြီးအမှူးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများဖြစ်နေကြသဖြင့် ကိုလိုနီအုပ်ချုပ်ရေးပုံစံဖြစ်သည့် မြို့ပိုင်/နယ်ပိုင် အုပ်ချုပ်ရေး၊ ဗျူရိုကရေစီ အုပ်ချုပ်ရေးယန္တရားလည်ပတ်စေခြင်းသာ ဖြစ်ပါသည်။ ကိုလိုနီစနစ်အုပ်ချုပ်ရေးတွင် အစိုးရသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့သော ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်များတွင် ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအပေါ် ဩဇာသက်ရောက်မှုနည်းမည်ဆိုသော အကြောင်းပြချက်ဖြင့် ပဋိညာဉ်ခံဝန်ထမ်းကို အုပ်ချုပ်စေသောစနစ်ကို အဓိကထားဆောင်ရွက်စေသည့် အုပ်ချုပ်ရေးယန္တရားသာဖြစ်ပါသည်။

မဆလတစ်ပါတီ အာဏာရှင်ခေတ်တွင် ရေးဆွဲခဲ့သော ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပင် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့ပြီး ရွာနေ ပြည်ထိုင်ပြည်သူ့ကိုယ်စားလှယ်အဖွဲ့အစည်းများအဖြစ် အုပ်ချုပ်သည့်စနစ်ကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ပြည်သူများ အဆင်ပြေချောမောစေသည့် အုပ်ချုပ်ရေးယန္တရားတစ်ခု လည်ပတ်နိုင်ခဲ့သည်ဖြစ်ပါသည်။ ယနေ့ ဒေသန္တရအုပ်ချုပ်ရေးစနစ်သည် နိုင်ငံ့ဝန်ထမ်း တစ်ဦးတစ်ယောက်ကို အာဏာအပြည့်အဝပေးထားသဖြင့် ၎င်းဝန်ထမ်းတော်လျှင် တော်သလို၊ ညံ့လျှင် ညံ့သလိုပြည်သူများခံစားရမည်ဖြစ်ပြီး ကော်မတီပုံစံဖြင့် ထိန်းကျောင်းမှုမျိုးမရှိတော့ပါ။ နိုင်ငံ့ဝန်ထမ်း တော်တော်များများသည် အမိန့်ကို နာခံတတ်ပြီး မပြုတ်စေရန်အတွက် မလုပ်မယှက်သူများ အများစုတွေ့နေရမည် ဖြစ်ပါသည်။ ခရိုင်တစ်ခု၊ မြို့နယ်တစ်ခုတွင် နှစ်နှစ်မှ လေးနှစ်အတွင်း တာဝန်ထမ်းဆောင်ကြရပြီး အချိန်တန်လျှင် အခြားမြို့နယ်၊ အခြားခရိုင်တစ်ခုသို့ ပြောင်းသွားကြမည်ဖြစ်သဖြင့် ရွာနေ မြို့ထိုင် ပြည်သူ့ကိုယ်စားလှယ်များလောက် ကိုယ့်မြို့ကိုယ့်ရွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ရေးရာဝန်ဆောင်မှုများကို လုပ်ကိုင်ရာတွင် ဝါယမစိုက်ထုတ်မှုလျော့နည်းနေသည်မှာ လောက၏ နိယာမအရ အနည်းနှင့်အများ ကြုံတွေ့ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပုဒ်မ ၂၈၈ ကိုပြင်ဆင်၍ ပြည်သူ့ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်ရေးကောင်စီစနစ် ပြင်ဆင်ရေးဆွဲသင့်ပါကြောင်း တင်ပြအပ်ပါသည်။

ပုဒ်မ ၂၈၉ အရရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးကို တစ်ဦးတစ်ယောက်တည်း အုပ်ချုပ်စေသော သူကြီးစနစ်မဟုတ်ဘဲ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးကောင်စီများ ဖွဲ့စည်းစေသည့် ဒေသန္တရအုပ်ချုပ်ရေးစနစ်မျိုးဖြစ်အောင် ပြောင်းလဲပြင်ဆင်သင့်ပါသည်။

တရားစီရင်ရေးအခန်း ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ပြင်ဆင်လိုသည့် ဥပဒေကြမ်းအတိုင်း ပြင်ဆင်သင့်ပါသည်။

ရွေးချယ်တင်မြှောက်ခြင်းအခန်းတွင် လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း၊ ၃၉၆(ခ)အား မပယ်ဖျက်သင့်ပါ။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်ခံသူများဖြစ်သဖြင့် ပြည်သူ့တာဝန်များကို မကျေပွန်လျှင်လည်း ပြည်သူကတာဝန် ပြန်လည်ရုပ်သိမ်းနိုင်ခွင့် ရှိရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်း အစား ၁၀ ရာခိုင်နှုန်းသို့ ပြင်ဆင်၍ နှစ်ဖက်မျှတရန် ပြင်ဆင်သင့်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းတွင် ပုဒ်မ ၄၃၆(က)အား ပြင်ဆင်သင့်သည်မှာ မှန်သော်လည်း လုံးဝပယ်ဖျက်ပေးရန်မလိုပါ။ ပြင်ဆင်လိုသည့် ဥပဒေကြမ်းတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအားလုံး၏ ၇၀ ရာခိုင်နှုန်းအောက် မလျော့သော လွှတ်တော်ကိုယ်စားလှယ်များဟု ပြင်ဆင်ထားသည်မှာ ငါး ရာခိုင်နှုန်းသာလျှော့ပေးထားသဖြင့် ရွေးချယ်ခံကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းနှင့်သာ ထည့်သွင်းစဉ်းစားရမည်ဖြစ်သဖြင့် နှစ်ဖက်မျှတစေရန် ၅၀ ရာခိုင်နှုန်းကျော် အတည်ပြုလျှင် တရားဝင်မည်ဖြစ်သော်လည်း အစည်းအဝေး၏ သဘောသဘာဝအရ နှစ်ဖက်မျှတစေရန် ၆၀ ရာခိုင်နှုန်းဟု ပြင်ဆင်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ပုဒ်မ ၄၃၆(ခ)ကိုလည်း ၆၀ ရာခိုင်နှုန်းဟု ပြင်ဆင်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ စစ်မှန်သော ပြည်ထောင်စုစနစ်ကို ဖော်ဆောင်ရေးနှင့် တိုင်းရင်းသားညီအစ်ကို သွေးချင်းမောင်နှမများ ငြိမ်းချမ်းရေးထာဝရ ရရှိနိုင်စေရေးအတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အခွန်အခခွဲဝေမှုမျှတစေရန် နောက်ဆက်တွဲဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) တို့အား နှစ်ဖက်မျှတစေရန် ရှုဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာဖြစ်အောင် ပြင်ဆင်သတ်မှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

ပြည်တွင်းရေးရာ

# လွှတ်တော်လုပ်ငန်းများ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် လုပ်ဆောင်နိုင်ရန် လိုအပ်



**မုံရွာ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လွှတ်တော် အဆောက်အအုံရှေ့၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်၍ လွှတ်တော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကြည်နိုင်တို့က လွှတ်တော်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်တို့က လွှတ်တော် အဆောက်အအုံရှေ့၌ ခရေပင်များကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို Banquest Hall ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံသည် ခံ့ညားထည်ဝါမှုရှိပြီးလွှတ်တော် တစ်ရပ်၏ ရှိသင့်ရှိထိုက်သည့် ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံမှုရှိပါကြောင်း၊ အဆောက်အအုံထည်ဝါရုံနှင့် မလုံလောက်ဘဲ နေရာနှင့် အခန်းများကို အသုံးပြု၍ လွှတ်တော်လုပ်ငန်းများကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် လုပ်ဆောင်နိုင်ရန်လိုအပ်ပါကြောင်း။

ရပ်ပိုင်းဆိုင်ရာ ပြည့်စုံသွားပြီဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်များ၏ ဦးနှောက်ပိုင်းဆိုင်ရာနှင့် နှလုံးသားပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးရေး ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာလွှတ်တော်ဆိုင်ရာအဖွဲ့ (MPU)ကို ရည်ရွယ်ချက်(၄)ရပ်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယခုကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ လွှတ်တော် အဆောက်အအုံသစ်များ တည်ဆောက်ခြင်းအပါအဝင် လွှတ်တော်ရေးရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပါကြောင်းနှင့် လွှတ်တော်များ၏ အခန်းကဏ္ဍမြင့်မားရေး ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် အဆောက်အအုံအတွင်းရှိ ပထမအထပ်၌ အစည်းအဝေးခန်းမကြီးအပြင် CCTV Control Room, ဧည့်ခန်း၊ လွှတ်တော်ဥက္ကဋ္ဌ နားနေဆောင်၊ Call Room, Conference Room, လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရုံးခန်းများ၊ Banquest Hall တို့ပါဝင်ပြီး မြေညီထပ်၌ စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ ကော်မတီခန်းများ၊ ကိုယ်စားလှယ်များ နားနေခန်းနှင့် လုံခြုံရေးခန်းများ ပါဝင်သည်။

အခမ်းအနားအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် လွှတ်တော်ရုံး ဖွဲ့စည်းထားမှုနှင့် လွှတ်တော်ကိုယ်စားလှယ်များတည်းခိုရိပ်သာတို့ကို ကြည့်ရှုကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အဆောက်အအုံ သစ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်တွင် ပထမဆုံးဖွင့်လှစ်နိုင်သော တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရန်ကုန်မြို့လယ်ရှိ လူသွားလမ်းဖြတ်ရေမြောင်းအဖုံးများနေရာတွင် လမ်းသွားလမ်းလာအချို့ ခြေချော်၍ ဒဏ်ရာရရှိခြင်းများရှိလာ

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်မြို့လယ်ရှိ လူသွားပလက်ဖောင်းဖြတ် ရေမြောင်းအဖုံးများ ကားလမ်းမဘက်အစွန်တွင် နေရာချန်ထားပြီး အပြည့်ခင်းမထားခြင်း၊ ရေမြောင်းဖုံးများတွင် ကျိုးပဲ့နေ၍ အပေါက်များဖြစ်နေခြင်းတို့ကြောင့် ယခုလပိုင်းတွင် လမ်းသွားလမ်းလာအချို့ ယင်းနေရာများတွင် ခြေချော်ကျ၍ ဒဏ်ရာရရှိမှုများရှိလာသည်ကို မြင်တွေ့ရသည်ဟု လမ်းမတော်နှင့် လသာမြို့နယ်၌ နေထိုင်သူများက ပြောသည်။

၂၀၁၁ နှစ်ကုန်တွင် တစ်ကြိမ်၊ ၂၀၁၃ နှစ်ဆန်းပိုင်းတွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ရန်ကုန်မြို့လယ် ကားလမ်းမများဘေး လူသွားပလက်ဖောင်းလမ်းများ ခင်းပေးခဲ့သည်။ မသန်စွမ်းသူများပါ အသုံးပြုနိုင်ရန် ဆင်ခြေလျှော အတက်၊ အဆင်းများ ပြုလုပ်ပေးခဲ့သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ပလက်ဖောင်းကြမ်းပြင်အချို့ တူးဆွပြီး ပြန်လည်အချောခင်းပေးခြင်းများ နည်းသည်။ သို့ဖြစ်ရာ နေရာအချို့တွင် ကြီးမားသော မညီညာသည့် ချိုင့်များ မြင်တွေ့ရသည်။ အသေဖုံးထားသော မြောင်းဖုံးအချို့မှာ မြောင်းဆယ်သည့်အခါ သံချွန်ဖြင့် တူးဆွမှုကြောင့် မြောင်းဖုံးနှင့် မြောင်းဖုံးအစပ်များကျိုးပဲ့မှုများ မဟာဗန္ဓုလလမ်းတွင် မြင်တွေ့နေရသည်ဟု မဟာဗန္ဓုလလမ်းပေါ်ရှိ ဆိုင်ခန်းတွင် နေထိုင်သူ ကိုမျိုးကပြောသည်။

(၁၃) လမ်းနှင့် ဘုန်းကြီးလမ်းကြား မဟာဗန္ဓုလလမ်းပေါ်ရှိ လူသွားပလက်ဖောင်းဖြတ်ရေမြောင်းဖုံးတစ်ခုတွင် အပေါက်များရှိနေရာ ဇွန် ၂၇ ရက် ညနေ ၄ နာရီခွဲဝန်းကျင်တွင် လမ်းသွားလမ်းလာ အမျိုးသမီးငယ်တစ်ဦး ခြေချော်ကျသွားရာ ထိခိုက်နာကျင်မှုများသည်ဟု ယင်းနေရာအနီး အလုပ်လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ ထပ်မံ၍ ခြေချော်ကျမှု မရှိရန် သတိပေးအမှတ်အသားများ စိုက်ထူထားသည်ကို ဇွန် ၂၈ ရက် ညနေထိ မြင်တွေ့နေရဆဲ ဖြစ်သည်။

လသာမြို့နယ်အတွင်းရှိ ဆေးခန်းတစ်ခုတွင် အလုပ်ဆင်းနေသော သူနာပြုတစ်ဦးသည်လည်း ယင်းမြို့နယ်အတွင်းရှိ အနော်ရထာလမ်းမဘေး မြောင်းဖုံးအပြည့်မခင်းဘဲ ကားလမ်းမဘက်အစွန်တွင် နေရာချန်ထားသော နေရာ၌ ခြေချော်ကျခဲ့သည်။ တစ်ပေဝန်းကျင်အနက်ရှိရာ ထိခိုက်မှုများ၍ အလုပ်မှ နှစ်ပတ်တိတိ နားခဲ့ရသည်ဟု ယင်းဆေးခန်းတွင် လုပ်ကိုင်နေသော ဆရာဝန်တစ်ဦးက ပြောသည်။ ဇွန်လဆန်းပိုင်းတွင် အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီး ဇွန်လနောက်ဆုံးပတ်တွင် လမ်းမတော်မြို့နယ်အတွင်းရှိ အနော်ရထာလမ်းမဘေး လူသွားပလက်ဖောင်းဖြတ် ရေမြောင်းဖုံးမခင်းထားသော ကားလမ်းမဘက် အစွန်နေရာတွင် ည ၇ နာရီခွဲအချိန် လမ်းသွားလမ်းလာတစ်ဦးသည် ရှေ့မှလမ်းလျှောက်သွားသူများအား ကျော်တက်စဉ် အစွန်မြောင်းဖုံး မရှိသည့်နေရာသို့ ခြေချော်ကျသွားရာ ထိခိုက်ဒဏ်ရာရသွားသည်ဟု ရွှေတောင်တန်းလမ်းနေ သူတစ်ဦးက ပြောသည်။



လမ်းမတော်လမ်းနှင့် (၁၆)လမ်းကြား မဟာဗန္ဓုလလမ်းဘေး ပလက်ဖောင်းပျက်စီးနေပုံ။

လူသွားပလက်ဖောင်းဖြတ်ရေမြောင်းဖုံးများကို နေရာအချို့တွင် အပြည့်ခင်းထားသည်။ အချို့နေရာများ၌ ကားလမ်းမဘက်ခြမ်းအစွန်နေရာတွင် နေရာချန်ထားခဲ့သည်။ အပြည့်ခင်းသောနေရာများတွင် သွားလာရေး အဆင်ပြေသော်လည်း ကားလမ်းမဘက်အစွန်နေရာ ချန်ခင်းသည့်ရေမြောင်းပေါက်နေရာများတွင် သတိမထားမိသော လမ်းသွားလမ်းလာအချို့ ထိခိုက်ဒဏ်ရာရမှုများ ရှိလာကြသည်။ လပေါင်းများစွာ အဖုံးမရှိသော အနော်ရထာလမ်းနှင့် (၁၂)လမ်းထောင့် တယ်လီဖုန်းမြေအောက်ကြိုး အပေါက်နေရာတွင် အနီးရှိပြည်သူများ ယာယီသစ်သားများဖြင့် အဖုံးပြုလုပ်ထားသည်ဟု လမ်းသွားလမ်းလာများက ပြောသည်။ **(မောင်စေအောင်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

ရခိုင်ကမ်းရိုးတန်း ဒေသများတွင် မိုးအား ဆက်လက် လျော့နည်းနေမည်။

ဦးအောင်ဟိန်းကျော်
ဈေး၊ပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
■ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre., Vol:1,2,3)
ဆရာ ဖြစ်အင်္ဂလိပ်စာ (Ceritificate/Diploma)
•392468 095171841
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်

## မိုးရွာသွန်းမှု

၂၈-၆-၂၀၁၇

| | |
|---|---|
| လပွတ္တာ | ၁၀ ဒသမ ၅၉ လက်မ |
| စစ်တွေ | ၇ ဒသမ ၄၈ လက်မ |
| ဘီးလင်း | ၄ ဒသမ ၆၉ လက်မ |
| မြောင်းမြ | ၄ ဒသမ ၃၇ လက်မ |
| ပဲခူး | ၄ ဒသမ ၀၆ လက်မ |
| တမူး | ၃ ဒသမ ၇၄ လက်မ |

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု တစ်နေ့တန် ၂၂၀ ကျ ခေတ်မီဆာတာကေးဆန်စက်ဖွင့်

နေပြည်တော်         ဇွန်         ၂၈

**လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု တစ်နေ့တန် ၂၂၀ ကျ ခေတ်မီဆာတာကေးဆန်စက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်ဖွင့်လှစ်သည်။**

ရှေးဦးစွာ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ၏ ဆာတာကေးဆန်စက်အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ပေါင်းဆန်နှင့် ဆန်ဖြူကြိတ်ခွဲသန့်စင်စက်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပုဂ္ဂလိကအခန်းကဏ္ဍမှ ခေတ်မီဆန်စက်ကြီးများ ရင်းနှီးမြှုပ်နှံထူထောင်၍ ကြိတ်ခွဲထုတ်လုပ်သောဆန်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၁ ဒသမ ၈ သန်းကျော်အထိ တင်ပို့နိုင်ခဲ့ကြောင်း။

MAPCO အနေဖြင့် ကုန်ကြမ်းများရရှိရန် ကန်ထရိုက်လယ်ယာစနစ်ဖြင့် သွင်းအားစုများ ကြိုတင်ထုတ်ပေးပြီး စပါးတင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းငါးသောင်းနှုန်း ကြိုတင်အာမခံဈေးဖြင့် သတ်မှတ်ဝယ်ယူမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပုဂ္ဂလိကအခန်းကဏ္ဍမှ ဆောင်ရွက်နိုင်ခြင်းသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မှတ်တိုင်သစ်တစ်ရပ်စိုက်ထူနိုင်ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍ၏ အရေးပါမှုအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက နေပြည်တော်ကောင်စီနယ်အမြေအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုလည်းကောင်း၊ MAPCO ဥက္ကဋ္ဌ ဦးချစ်ခိုင်က နိုင်ငံတကာအဆင့်မီဆန်စက်ကြီးအား နေပြည်တော်ကောင်စီနယ်မြေအတွင်း ရင်းနှီးမြှုပ်နှံတည်ဆောက်ရခြင်းနှင့် MAPCO ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ယနေ့ ဆန်စက်ဖွင့်လှစ်နိုင်မှုသည် ပမာဏအားဖြင့် သေးငယ်သော်လည်း သက်ရောက်မှုအားဖြင့် ကြီးမားသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအကျဆုံးဖြစ်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ယခင်က ကမ္ဘာတွင် ဆန်စပါးတင်ပို့မှုထိပ်တန်းနိုင်ငံတစ်ခုဖြစ်ခဲ့ပါကြောင်း၊ ယင်းအခြေအနေသို့ ပြန်လည်တက်လှမ်းနိုင်ရေးအတွက် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးပုံစံများကို လေ့လာပြီး မိမိတို့နိုင်ငံအတွက် အကျိုးရှိအောင် အသုံးချရမည်ဖြစ်ပါကြောင်း။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ပါဝင်ပတ်သက်သည့် လယ်သမားများ၊ ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအားလုံးနှင့် ပူးပေါင်းပါဝင်သည့် Multi Stakeholder Approach စနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆန်စပါးဈေးကွက်ဝင်ရန်အတွက် အရည်အသွေးကောင်းရန်၊ ဈေးနှုန်းယှဉ်ပြိုင်စွမ်းရှိရန်၊ ထုတ်ကုန်များနှင့်ပတ်သက်၍ တာဝန်ယူမှုရှိရန်နှင့် ဝန်ဆောင်မှုကောင်းမွန်မှသာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဆန်စပါးများ ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ဆန်စပါးများထုတ်လုပ်နိုင်ရန် ခေတ်မီဆန်စပါးကြိတ်ခွဲရေးလုပ်ငန်းကြီးများ Rice Processing Complex များသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း။



ထိုသို့ ခေတ်မီဆန်စပါးကြိတ်ခွဲရေးလုပ်ငန်းကြီးများ တည်ထောင်နိုင်ရန်အတွက် ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍ၏ ပါဝင်ပူးပေါင်းမှုများကို ကြိုဆိုပါကြောင်းနှင့် အားပေးထောက်ခံမှုများ ပြုလုပ်ပေးရန် အသင့်ရှိပါကြောင်း၊ ဆန်စပါးအထွက်ကောင်းသည့်ဒေသများတွင် ယခုကဲ့သို့ ခေတ်မီဆန်စက်ကြီးများ အပြိုင်အဆိုင်ထွက်ပေါ်လာရန် မျှော်လင့်ပါကြောင်း။

ကန်ထရိုက်လယ်ယာစနစ်သည် တောင်သူများ၏ အကျိုးစီးပွားအတွက် အမှန်တကယ်ဆောင်ရွက်ပေးနိုင်ကြောင်း ယုံကြည်မှုရှိလာအောင် သက်ဆိုင်သူများအားလုံးပါဝင်သည့် ဆွေးနွေးပွဲများပြုလုပ်ပြီး မူဝါဒများချမှတ်ကာ ရှေ့ပြေးစီမံကိန်းများ ဆောင်ရွက်သင့်ပါကြောင်း၊ ယနေ့အချိန်တွင် ကမ္ဘာ့ဈေးကွက်သို့ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ ရရှိထားပါကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း စတင်ချိန်တွင် လွတ်လပ်စွာယှဉ်ပြိုင်မှုများရှိလာမည်ဖြစ်ရာ ရရှိလာသည့်အခွင့်အရေးများကို အကျိုးရှိစွာအသုံးချ၍ လယ်ယာထွက်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ အဆင့်အတန်းမီတင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်များနှင့် သက်ဆိုင်သူများအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် MAPCO ဥက္ကဋ္ဌ ဦးချစ်ခိုင်က နေပြည်တော်ကောင်စီနယ်မြေရှိ စိုက်ဧက ၅၀၀၀ အတွက် ကန်ထရိုက်စနစ်ဖြင့် မိုးရာသီပုလဲသွယ်စပါးစိုက်ပျိုးထုတ်လုပ်မည့် တောင်သူများအား မျိုး၊ သွင်းအားစု၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ်ကြိုတင်ထောက်ပံ့မှု ငွေကျပ်သိန်း ၇၅၀၀ အား တောင်သူများထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဆန်စပါးကဏ္ဍဆိုင်ရာ သုတေသနကျမ်းပြုစုနေသော မဟာသိပ္ပံကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က နေပြည်တော်ကောင်စီနယ်မြေတွင် MAPCO နှင့် Private Public Partnership စနစ်ဖြင့် ၂၀၁၄-၂၀၁၅ နွေစပါးရာသီတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် တောင်သူလယ်သမားများကိုယ်စား တောင်သူဦးစိုးစိုးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဒက္ခိဏသီရိမြို့နယ်ရှိ ခေတ်မီမျိုးစေ့သန့်စင်စက်၊ ခေတ်မီမျိုးစေ့ထုပ်ပိုးစက်များဖြင့် စိုက်ပျိုးရာသီအချိန်မီ တောင်သူများလက်ဝယ်ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် ပုလဲသွယ်စပ်မျိုးစပါး(F1) မျိုးစေ့ထုတ်စက်ရုံနှင့် ခေတ်မီအအေးခန်းမျိုးစေ့သိုလှောင်ရုံများကိုလည်းကောင်း၊ မြန်မာနယူးဧရာကုမ္ပဏီ၏ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စက်ရုံတပ်ဆင်ပြီးစီးမှုနှင့် စက်ရုံအတွင်း ခေတ်မီမျိုးစေ့သန့်စင်စက်များ ရောက်ရှိနေမှုကိုလည်းကောင်း ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် ဆန်စက်သည် ပေါင်းဆန်နှင့် ဆန်ဖြူ တစ်နေ့လျှင် တန် ၂၂၀ ကြိတ်ခွဲထုတ်လုပ်သန့်စင်နိုင်သည့်ဆန်စက်ဖြစ်ပြီး ပထမအဆင့် ပေါင်းဆန်စက် ဆန်ဖြူကြိတ်ခွဲမှုအပိုင်းကို စတင်ဖွင့်လှစ်ခြင်းဖြစ်သည်။ ယင်းဆန်စက်မှ ထုတ်လုပ်သောဆန်များကို MJ Rice Brand ဖြင့် ထုတ်လုပ်မည်ဖြစ်ပြီး ရွှေဘိုပေါ်ဆန်း၊ ရှမ်းဆန်၊ ရှမ်းကောက်ညှင်းဆန်နှင့် မနောသုခ စသည့်ဆန်အမျိုးအစားများကို ခေတ်မီထုပ်ပိုးမှုဖြင့် ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် အခြေခံအသက်ကယ်သင်တန်း ပို့ချ

**ရန်ကုန် ဇွန် ၂၈**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း Emergency Ambulance Service (EAS)တို့ညှိနှိုင်း၍ ယနေ့နံနက်ပိုင်းက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ Basic Cardiac Life Support (BCLS) အခြေခံအသက်ကယ်သင်တန်း ဖွင့်ပွဲကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားသည်။ထို့နောက် EAS မှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာသာထက်အောင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ဂုဏ်ထူးဆောင်ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က သင်တန်းစီစဉ်ဆောင်ရွက်ချက်များကို တင်ပြခဲ့သည်။

အခမ်းအနားသို့ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သင်တန်းသားဆရာဝန် ၂၀ နှင့် သူနာပြု ၁၅ ဦးတို့တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက်အထိ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇွန် ၂၈**

ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားတပ်မတော်ဒုတိယစစ်ဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ် General Meas Sophea နှင့်ဇနီးတို့က ဇွန် ၂၆ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် ဖနောင်းပင်မြို့ရှိ Sokha ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်တို့နှင့်အတူ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တပ်မတော်အရာရှိကြီးများနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦးတို့ တက်ရောက်ကြပြီး ကမ္ဘောဒီးယားတပ်မတော်ဒုတိယစစ်ဦးစီးချုပ် General Meas Sophea၊ ဇနီးတို့နှင့်အတူ ကမ္ဘောဒီးယားတပ်မတော်မှ အဆင့်မြင့်အရာရှိများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် General Meas Sophea တို့သည် ဂုဏ်ပြုနှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး အဖွဲ့ဝင်များနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း ကမ္ဘောဒီးယားတပ်မတော်တေးဂီတအဖွဲ့မှ နှစ်နိုင်ငံတေးသီချင်းများ၊ ရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

**(မြဝတီ)**

◆◆

"မြန်မာအမျိုးသမီးများနေ့"

ဇူလိုင်လ (၃) ရက်

# ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၈**

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအပေါ် မူတည်ရေးဆွဲထားသော ပညာရေးမူဝါဒ၊ ပညာရေးဥပဒေများနှင့် ပညာရေးစီမံကိန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ကုန်အနောက်ပိုင်းခရိုင်အဆင့် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲကို စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ စံပယ်ဆောင်၌ ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် တက်ရောက်အားပေးခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စာပေယဉ်ကျေးမှုအဖွဲ့အစည်းများ၊ ပညာရေးဆိုင်ရာ လူမှုအဖွဲ့အစည်းများ၊ ဆရာ၊ မိဘ၊ ကျောင်းသားကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးအကြံပြုခဲ့ကြသည်။

ပညာရေးမြှင့်တင်မှုအတွက် ဆွေးနွေးခဲ့သည့် အကြောင်းအရာများမှာ မူလတန်းကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့်ပညာကဏ္ဍ၊ ကျောင်းပြင်ပ ပညာရေးနှင့်သက်မွေးပညာရေးကဏ္ဍ၊ ကျောင်းအခြေခံအဆောက်အအုံ၊ သင်ထောက်ကူနှင့် ဆရာလိုအပ်ချက်ကဏ္ဍ၊ အခြေခံပညာရေးဥပဒေ၊ နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ၊ ပုဂ္ဂလိက ပညာရေးဥပဒေမူကြမ်းများနှင့် စပ်လျဉ်းသည့် ကဏ္ဍ၊ စာမေးပွဲစနစ်၊ ကျောင်းဝင်ခွင့်စနစ်နှင့် မိဘဆရာအသင်း ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတို့ဖြစ်သည်။

ယနေ့ဆွေးနွေးပွဲတွင် ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)အဆင့်(၃) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (မူကြမ်း)နှင့် ပတ်သက်၍ CESRမှ အကြံပေးပညာရှင် ဒေါက်တာမြင့်သိန်းနှင့် ဒေါက်တာဒေါ်နွဲ့နွဲ့ဝင်းတို့က ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အလားတူ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်အပြင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးစိုက်ရာ ခရိုင်များတွင် တစ်ပြိုင်တည်း ကျင်းပခဲ့သည်။

အခြေခံပညာရေးဥပဒေ(မူကြမ်း)၊ နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ(မူကြမ်း)၊ ပုဂ္ဂလိကပညာရေးဥပဒေ(မူကြမ်း)များနှင့်စပ်လျဉ်း၍ www.moemyanmar.net.com ဝက်ဘ်ဆိုက်တွင် ဖတ်ရှုနိုင်ပြီး lawwg.djh@gmail.com သို့ အကြံပြုချက်များ ပေးပို့နိုင်ကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(မူကြမ်း)နှင့်ပတ်သက်၍ အကြံပြုချက်များကို ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းရုံး အမှတ်(၄၂၆) ပြည်လမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့မဟုတ် cesrwg2012@gmail.com သို့ပေးပို့နိုင်ကြောင်း သိရသည်။

**(ပညာရေး)**

## ၂၀၁၅ ခုနှစ် မိုးလယ်ကာလအတွက် မိုးလေဝသခန့်မှန်းချက်

**၂၀၁၅ ခုနှစ် မိုးလယ်ကာလသတ်မှတ်ခြင်း**

၂၀၁၅ ခုနှစ် မိုးလယ်ကာလသည် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ ရက် (မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်နေ့မှ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့)အထိ ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းသုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။ မိုးလယ်ကာလတွင် မုတ်သုံလေအားပြတ်ခြင်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။

**မိုးအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမှုအောက်လျော့နည်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမှုခန့်ရွာနိုင်သည်။

**မြစ်ရေအခြေအနေ ခန့်မှန်းချက်**

မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဧရာဝတီမြစ်ရေသည် ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ကြိမ်ခန့်စီ၊ ဒုဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် နှစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

**○မိုဘိုင်းရေဒီယိုမှ**

စက္ကန့် ၉၀ စာ သတင်းများကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် စတင်ကာ နေ့စဉ် တစ်နေ့သုံးကြိမ်ထုတ်လွှင့်သွားမည်ဖြစ်သည်။

ယင်းသို့ထုတ်လွှင့်ရာတွင် ကချင်ဘာသာ၊ ကယားဘာသာနှင့် စကောကရင်ဘာသာတို့ကို နံနက် ၈ နာရီ၊ မွန်းလွဲ ၁ နာရီ၊ ည ၇ နာရီတို့တွင်လည်းကောင်း၊ အနောက်ပိုးကရင်ဘာသာ၊ မွန်ဘာသာ၊ ရခိုင်ဘာသာနှင့် ချင်း(ချိုး)ဘာသာတို့ကို နံနက် ၉ နာရီ၊ မွန်းလွဲ ၂ နာရီ၊ ည ၈ နာရီတို့တွင် လည်းကောင်း၊ အရှေ့ပိုးကရင်ဘာသာ၊ ချင်း(လိုင်ဇိုး)ဘာသာ၊ ရှမ်းဘာသာနှင့်"ဝ" ဘာသာတို့ကို နံနက် ၁၀ နာရီ၊ မွန်းလွဲ ၃ နာရီ၊ ည ၉ နာရီတို့တွင်လည်းကောင်း အသီးသီးထုတ်လွှင့်သွားမည်ဖြစ်ပြီး နားဆင်လိုသူ မိဘပြည်သူများအနေဖြင့် ဖုန်းနံပါတ် ၀၁-၂၃၉၉၁၀၃ ကို ခေါ်ဆို၍ Subscribe လုပ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သတင်းများကို အလွယ်တကူနားဆင်နိုင်ကြမည်ဖြစ်သည်။

အဆိုပါ တိုင်းရင်းသားဘာသာ Mobile Radio သတင်းအစီအစဉ်များတွင် နောက်ဆုံးရပြည်တွင်းသတင်းများ၊ ဒေသဆိုင်ရာသတင်းများ၊ နိုင်ငံတကာသတင်းများ၊ အားကစားသတင်းနှင့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု၊ အနုပညာဆိုင်ရာ စိတ်ဝင်စားဖွယ်ရာသတင်းများကို နားဆင်ကြရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ထပ်မံထုတ်ပြန်သွားမည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သတင်းများကို Mobile Phone များတွင် အလွယ်တကူနားဆင်နိုင်သည့် Mobile Radio သတင်းအစီအစဉ်များနှင့် စပ်လျဉ်း၍ မေးမြန်းစုံစမ်းလိုပါက ပြန်ကြားရေးဝန်ကြီးဌာန၏ Call Center ဖုန်းနံပါတ် ၁၈၈၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**

## မြန်မာပြည်က လယ်သူမ

* မြသားအသွင်၊ လယ်ကွင်းပြင်မှာ
ကောက်ပင်စိုက်ပျိုး၊ ကောက်လှိုင်တိုးဖို့
မိုယ်းနေမကြောက်၊ မိုယ်းရေအောက်မှာ
ခမောက်ကိုယ်စီ၊ ပါးကွက်ကိုယ်စီနှင့်
ထဘီတိုတို၊ ရွှံ့ရေစိုစေ
ရေနေမမှု၊ အန်တုနိုင်သလို
တေးဆိုမပျက်၊ဟန်ချက်ပီပြင်
ကောက်ပင်စိမ်းလန်း၊ ညီညာတန်းကာ
ကျွမ်းကျင်သွက်လျက်၊ လယ်သူလက်လျှင်
* လယ်သူ့အားမာန်၊ တက်ကြွဟန်မှာ
လယ်ယာအလှ ထင်ဟပ်ပြကာ
မြန်မာပြည်က၊ လယ်သူမ၏
တုပမမီ၊ သူ့စွမ်းရည်ကား
မြန်မာအမျိုးသမီးများ ဂုဏ်ဝင့်ကြွား. . .။ ။

(မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုပါသည်။)

နန်းမွန်ဟိန်း

ဥတုရာသီ တောကိုမှီ၍



၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်များစာရင်းကို ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ ဇွန် ၂၂ ရက်မှ စတင်၍ ကြေညာကပ်ထားရာ မဲစာရင်းတွင် မိမိအမည်ပါ/ မပါ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုနေကြသည့် ဒေသခံပြည်သူများကို တွေ့ရစဉ်။

(မြို့နယ်ပြန်/ဆက်)

# အေအာရ်တီ(ART) စင်တာ များလာသော်လည်း လာရောက်ဆေးကုသမှုခံယူသူ နည်းပါးနေဆဲ

HIV ရောဂါပိုးများ ပိုမိုမပြန့်ပွားအောင် ထိန်းချုပ်ပေးသော ဆေးဖြစ်သည့် အေအာရ်တီ (ART) စင်တာနေရာ များလာသော်လည်း လာရောက်ဆေးကုသမှုခံယူသူနည်းပါးနေသေးကြောင်း HIV၊ အေ့စ် ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ သိရသည်။

"HIV နဲ့ပတ်သက်တဲ့ ဆေးတွေက အရင်နဲ့စာရင် များလာပြီ။ ဆေးပေးတယ်ဆိုပေမယ့် ပြဿနာက လူတွေကိုယ်တိုင်က လာယူရမှာကို မယူချင်တဲ့ကိစ္စဖြစ်နေတယ်" ဟု ဖီးနစ်အဖွဲ့ခေါင်းဆောင် ဦးသီဟကြိုင်က ပြောသည်။

မြန်မာနိုင်ငံသည် အာရှတွင် HIV ပိုးကူးစက်မှုဒဏ်အပြင်းထန်ဆုံးခံစားနေရသော နိုင်ငံများတွင်ပါဝင်ပြီး ခန့်မှန်းလူဦးရေ နှစ်သိန်းခန့်သည် ရောဂါပိုးကူးစက်ခံနေရသည်။ တစ်သိန်းနှစ်သောင်းကျော်သည် ART ကုထုံးခံယူရန် လိုအပ်နေသော်လည်း ရှစ်သောင်းကျော်သာ လာရောက်ဆေးကုသမှုခံယူနေကြကြောင်း UNAIDS ၏ ထုတ်ပြန်ချက်များအရ သိရသည်။

HIV ပိုးကူးစက်မှုခံထားရသူတစ်ယောက်၏ ခန္ဓာကိုယ်ထဲတွင် HIV ပိုး ဆက်လက်ပွားများရန် အထောက်အကူပြုသော သွေးဖြူဥများကို စီဒီဖိုးလ် (CD4)ဟုခေါ်သည်။ HIV ပိုးသည် စီဒီဖိုးလ်ကို တွယ်ကပ်ကာ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်ပိုးများကို ဝင်ခွင့်ပေးခြင်း၊ စီဒီဖိုးလ်ဆဲလ်များကို တိုက်ခိုက်ခြင်း၊ ပျက်စီးစေခြင်းတို့ကို ဖြစ်စေတတ်သည်။ ထိုစီဒီဖိုးလ်ဆဲလ်များ အလုပ်လုပ်ဆောင်ခြင်း နည်းလာလေလေ ခန္ဓာကိုယ်အတွင်း ခုခံအားစနစ် ချည့်နဲ့လာလေဖြစ်သည်။

ကျန်းမာရေးဝန်ဆောင်မှုပေးနေသည့် တော့စင်တာ (Targeted Outreach Program- TOP)မှ ပရိုဂရမ်မန်နေဂျာ ကိုသန်းနိုင်ဦးက "အရင်က HIV ဆိုရင် **ကုရာနတ္ထိဆေးမရှိ** ဆောင်ပုဒ်လေးတစ်ခုတောင် ရှိပါတယ်။ HIV ဖြစ်ပြီဆိုရင် သေဖို့ပဲရှိတယ်။ အခုတော့ အဲဒီလိုမဟုတ်တော့ဘူး။ HIV ကြောင့် လုံးဝ မသေတော့ပါဘူး။ ပိုးဆက်မပွားအောင် ထိန်းထားနိုင်တဲ့ ဆေးတွေ မှန်မှန်သောက်မယ်ဆိုရင် သာမန်လူတစ်ယောက်လိုပဲ လုပ်ငန်းခွင်ထဲမှာ အလုပ်တွေလုပ်ရင်း ဘဝကို ဖြတ်သန်းသွားနိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

ယခုလက်ရှိတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က စီဒီဖိုးလ်အရေအတွက် ၅၀၀ အောက် ဝေဒနာရှင်များအား ARV ဆေး စတင်ပေးရန် လမ်းညွှန်ထားသည်။

ARV ဆေးသောက်သုံးခြင်းဖြင့် HIV ပိုးမပွားအောင် ထိန်းချုပ်ပေးခြင်း၊ ပိုးမပွားအောင် ထိန်းချုပ်သောကြောင့် ကိုယ်ခံအား(CD4) ပျက်စီးမှုမရှိတော့ဘဲ တဖြည်းဖြည်း ကိုယ်ခံအား ပုံမှန်အတိုင်း ပြန်ဖြစ်စေခြင်း၊ ဗိုင်းရပ်ပိုးပမာဏ လျော့ကျလာခြင်းနှင့် ခန္ဓာကိုယ်အတွင်းရှိ HIV ပိုး ပွားများလာခြင်းမှ ရပ်တံ့သွားခြင်း စသဖြင့် အကျိုးများ ရရှိစေမည်ဖြစ်သည်။

ဆေးဝါးများကို လက်လှမ်းမီအောင် လုပ်ဆောင်ပေးနေသော်လည်း လာရောက်ထုတ်ယူမှုနည်းနေရခြင်းနှင့်ပတ်သက်၍ "ဆေးနဲ့ပတ်သက်ပြီး ဗဟုသုတနည်းနေသေးတာ၊ ကိုယ်နေတဲ့ မြို့နယ်မှာပဲ ထုတ်လို့ရတော့ ကုန်ကျစရိတ် သက်သာပေမယ့် မြို့မှာရှိတဲ့ ဆရာဝန်တွေ၊ တစ်မြို့တည်းနေသူတွေ သိသွားမှာလားဆိုတဲ့ စိုးရိမ်စိတ်တွေကြောင့်လည်း လာမထုတ်တာတွေ ရှိနေကြပါတယ်" ဟု Myanmar Positive Group မှ စီမံချက်အရာရှိတစ်ဦးက ပြောသည်။

ယခင်က ARV ဆေးကို HIV ကုသပေးသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများ၊ အစိုးရဆေးရုံများ၊ ကာလသားနှင့် ခုခံအားကျဆင်းမှုရောဂါဌာန(National AIDS Program - NAP) များတွင် ပေးခဲ့သည်။

ယခုအခါ မြန်မာတစ်နိုင်ငံလုံးတွင် ဆေးကုသမှုအတွက် အထူးကုဆရာဝန် Specialist များက ဆေးစသောက်ရန် စီစဉ်ပေးရသည့် ART စင်တာပေါင်း ၇၀ ဝန်းကျင်ရှိပြီဖြစ်သလို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်မှစတင်ကာ အစိုးရနှင့် WHO တို့ ပူးပေါင်း၍ နီးစပ်ရာမြို့နယ်ဆေးခန်းများတွင် ဆေးထုတ်နိုင်ရန် ART ဆေးပေးသည့် ဌာနခွဲ (Decentralized စင်တာ) ပေါင်း ၆၀ ကျော်ကို စီစဉ်ဖွင့်လှစ်ခဲ့ပြီး အချို့တွင် ဆေးစတင်ပေးနေပြီဖြစ်ကြောင်း ဖီးနစ်အဖွဲ့မှ သိရသည်။

HIV လူနာတစ်ယောက်သည် ဆေးစသောက်ပြီး ခြောက်လအတွင်း မည်သည့်ဘေးထွက်ဆိုးကျိုးမှ မခံစားရဘဲ အန္တရာယ်ကင်းပြီဆိုပါက နောက်ပိုင်းတွင် သုံးလ တစ်ကြိမ် Decentralized စင်တာများမှ ဆေးထုတ်ယူသောက်သုံးနိုင်ပြီဟုလည်း သိရသည်။

HIV ဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုပေးနေသည့် ICAP မှ ဌာနေကိုယ်စားလှယ် ဒေါက်တာခင်ငြိမ်းချမ်းက "ထပ်တိုးဖွင့်လှစ်တဲ့နေရာတွေက အရင်ယူနေကျ နေရာမဟုတ်တဲ့အတွက် သွားရမှာစိမ်းနေလို့ ကြောက်ပြီး မသွားတာလည်း ဖြစ်နိုင်တယ်။ ယုံကြည်မှု နည်းနေသေးတာလည်း ပါမယ်ထင်ပါတယ်။ တစ်သက်လုံးသောက်ရမှာဖြစ်တဲ့အတွက် အဝေးကြီးသွားရလို့ အချိန်ကုန်၊ လူပင်ပန်းတာထက်စာရင် နီးစပ်တဲ့နေရာတွေမှာ ယူသင့်ပါတယ်။ ဒါကြောင့် ဆေးထုတ်ယူကြဖို့ကိုလည်း တိုက်တွန်းချင်ပါတယ်" ဟု ပြောသည်။

HIV သည် ကမ္ဘာပေါ်တွင် (အထူးသဖြင့် ဝင်ငွေနိမ့်သော နိုင်ငံများနှင့် အလယ်အလတ် ဝင်ငွေရှိသော နိုင်ငံများတွင်) အများပြည်သူကျန်းမာရေးကို စိန်ခေါ်နေသော ရောဂါများထဲမှ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည်။ ယနေ့အထိ ပျောက်ကင်းသည့် ဆေးဝါးမပေါ်ပေါက်သေးသော်လည်း ပိုးဆက်လက်မပွားများအောင် ထိန်းချုပ်ပေးနိုင်သည့် ARV ဆေးနှင့် ART ကုထုံးများဖြင့်လည်း သက်တမ်းစေ့ နေထိုင်နိုင်ကြပြီဖြစ်သည်။

**(နန္ဒာဝင်း)**



# ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်ထွန်းကားနေသမျှ ပန်းဆယ်မျိုးပညာရပ်များ တိမ်ကောပျောက်ကွယ်သွားမည်မဟုတ်

**မန္တလေး ဇွန် ၂၈**

မြန်မာ့ယဉ်ကျေးမှုသည် ဘာသာတရားသက်ဝင်ယုံကြည်မှုအပေါ်တွင် တည်မှီလျက်ရှိပြီး ပန်းဆယ်မျိုးလက်မှုပညာဖြင့် ထုတ်လုပ်သောပစ္စည်းများသည် စေတီ၊ ပုထိုး၊ ဆင်းတု၊ ဘုန်းတော်ကြီးကျောင်း စသည့် ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သော အဆောက်အအုံများတွင် အများဆုံးလေ့လာတွေ့ရှိရသဖြင့် ဗုဒ္ဓဘာသာထွန်းကားနေသမျှ ပန်းဆယ်မျိုးပညာရပ်များ တိမ်ကောပျောက်ကွယ်သွားမည်မဟုတ်ကြောင်း သိရသည်။

ယနေ့မျက်မှောက်ကာလတွင် မြန်မာ့ရိုးရာပန်းဆယ်မျိုးလုပ်ငန်းများသည် သာသနိကဆိုင်ရာအဆောက်အအုံ၊ လူမှုအသုံးအဆောင်များ၊ လျှုဒါန်းကိုးကွယ်မှုပစ္စည်းများ စသည်တို့ကို မပျက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်းသာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်ရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ယခင် မြန်မာ့ရိုးရာနည်းစနစ်များနေရာတွင် ခေတ်မီနည်းစနစ်များဖြင့်လည်း ပေါင်းစပ်လုပ်ကိုင်လျက်ရှိပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှလည်း မျိုးဆက်သစ်လူငယ်များကိုမွေးထုတ်ပေးလျက်ရှိကြောင်း ဆရာကြီးနတ်မောက် ဦးထွန်းရှိန်က ပြောသည်။

"ပန်းဆယ်မျိုးအနုပညာလက်ရာတွေက ရှေးနှစ်ပေါင်း ၁၀၀၀ ကျော်ကတည်းကရှိလာတဲ့ မြန်မာ့ယဉ်ကျေးမှုလက်ရာတွေဖြစ်တဲ့အတွက် ကွယ်ပျောက်သွားဖို့မဖြစ်နိုင်ဘူး။ ဆက်လက်တိုးတက်ဖို့အတွက်ပဲ အနုပညာပစ္စည်းတွေထုတ်လုပ်ရာမှာ လိုအပ်တဲ့ကုန်ကြမ်းပစ္စည်းတွေကို ကူညီထောက်ပံ့ပေးဖို့ပဲလိုပါတယ်။ အနုပညာရှင်တွေကို အားပေးတဲ့အနေနဲ့ ပြပွဲပြိုင်ပွဲတွေ မကြာခဏကျင်းပပေးရမယ်။ ၁၉၉၆ ခုနှစ်က မန္တလေးဆင်ဖြူကန်ကွင်းမှာ ကျင်းပသွားတဲ့ ပန်းဆယ်မျိုးပြပွဲပြိုင်ပွဲကြီးဟာ ဒို့တစ်သက် တစ်ခါပဲကြုံခဲ့ရတဲ့ မြန်မာနိုင်ငံမှာ အကြီးဆုံးကျင်းပခဲ့တဲ့ပွဲကြီးပေ့ါ။ ဒီပွဲမှာ အထူးခြားဆုံးက စစ်ကိုင်းတိုင်းဒေသကြီးက ပြိုင်ပွဲဝင်တဲ့ မင်းကွန်းခေါင်းလောင်းကြီးလောက်ကြီးတဲ့ လျှပ်စစ်နဲ့တီထွင်ထားတဲ့ ခေါင်းလောင်းကြီးပါပဲ။ အခုထိ မျက်လုံးထဲကမထွက်ဘူး။ အခုလည်း နိုင်ငံတော်က ရန်ကုန်နဲ့ မန္တလေးမှာ အနုပညာဗဟိုဌာနကြီးဖွင့်လှစ်ပေးမယ်လို့ကြားလိုက်ရတာ အလွန်အားရကျေနပ်မိတယ်။ နှစ်ပေါင်း ၅၀ နဲ့ ၁၀၀ ကြားမှာ မရှိခဲ့ဘူးတဲ့ ထူးခြားတဲ့အားပေးကူညီမှုတစ်ခုပါပဲ။ ဒါမှ မြန်မာ့ပန်းဆယ်မျိုးလက်ရာတွေ အရောင်တောက်လာမှာပေ့ါဗျာ" ဟု ၎င်းက ပြောသည်။

မြန်မာ့ရိုးရာပန်းဆယ်မျိုးလက်မှုပညာရပ်များသည် ဘုရား၊ စေတီ၊ ကျောင်း၊ ကန်တို့တွင် အများအပြားတွေ့မြင်နိုင်ပြီး တော်ဝင်မင်းသုံးပစ္စည်းများနှင့် အထွတ်အမြတ်နေရာများတွင်သာ အများဆုံးတွေ့မြင်နိုင်သဖြင့် ဗုဒ္ဓဘာသာထွန်းကားနေသမျှ ပန်းဆယ်မျိုးပညာရပ်များလည်း တိမ်ကောပျောက်ကွယ်မည်မဟုတ်ကြောင်းကို မန္တလေးမြို့ရှိ ပန်းဆယ်မျိုးလုပ်ငန်းများအား သွားရောက်လေ့လာခြင်းဖြင့် သိရှိနိုင်ကြောင်း ရိုးရာပန်းချီပညာရှင် ဦးမောင်မောင်သီရိက ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျောက်ကြီးမြို့နယ် မုန်းချောင်း ရေလျှံ၍ မုန်း-အုတ်ဖြတ်လမ်းတံတားပေါ် ရေလွှမ်း

**ကျောက်ကြီး ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မုန်းနယ်မြေတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဇွန် ၂၄ ရက် မိုးကြီးမည့် သတိပေးချက်ထုတ်ပြန်ပြီးနောက် ဇွန်၂၄၊ ၂၅ နှင့် ၂၆ ရက် သုံးရက်ဆက် မိုးရွာသွန်းမှုများကြောင့် မုန်းချောင်းရေလျှံပြီး မုန်း-အုတ်ဖြတ်လမ်းပေါ်ရှိ တံတားပေါ် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။**(ဓါတ်ပုံ)**

"ဒီလိုတံတားပေါ်အထိရေကျော်တဲ့အဖြစ်မျိုး တစ်နှစ်မှ မဖြစ်ဖူးဘူး။ မိုးကလဲ သုံးရက်အတွင်း ရွာတာတော်တော်များပါတယ်"ဟု မုန်းနယ်မြေမှ ဒေသခံတစ်ဦးက ပြောသည်။ မုန်းမှ အုတ်ဖြတ်၊ ဖြူးလမ်းဆက်သွယ်ရေး အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသည်။

မုန်းချောင်းကို စက်လှေနဲ့ ကူး၊ မုန်းတစ်ဖက်ကမ်းက မော်တော်ယာဉ်တွေနဲ့ခရီးဆက်သွားနေကြရသည်။ မုန်းချောင်းရေလျှံမှုနှင့်ပတ်သက်၍ ဒေသဆိုင်ရာအာဏာပိုင်များက လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရသည်။

**(သန်းထွန်း)**

❑

# မင်္ဂလာဒုံမြို့နယ်တွင် မိုးပွင့်အထူးစီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တောင်ပိုင်းရပ်ကွက် မဟာသစ္စာကာရီကျောင်းတိုက် ဓမ္မာသီရိရတနာဓမ္မာရုံတွင် ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

ယင်းအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၊ မြောက်ပိုင်းခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းနှင့် မြို့နယ်ကော်မတီ(၃)ရပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူး ဦးသန်းဦးက မိုးပွင့်အထူးစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားအကြောင်း သိကောင်းစရာများကို ပြောကြားပေးပြီး ထောက်ကြန့် နွယ်ခွေရပ်ကွက်အုပ်စုနှင့် ထောက်ကြန့်တိုးချဲ့ရပ်ကွက်မှ ပြည်သူ ၁၃၅၀အား မြို့နယ်တာဝန်ရှိသူများမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဌေးကြိုင်(မင်္ဂလာဒုံ)**



# တတ်ကျွမ်းထားသောအတွေ့အကြုံဖြင့် စနစ်တကျလုပ်ကိုင်ဆောင်ရွက်ပါက အောင်မြင်မှုရရှိမည်



**ရန်ကုန် ဇွန် ၂၈**

မိမိတို့ ရရှိထားသည့် အတွေ့အကြုံနှင့် ဗဟုသုတများပေါင်း၍ ရောက်ရှိသည့်နေရာတွင် စနစ်တကျဆောင်ရွက်အသုံးချပါက အောင်မြင်မှုရရှိလာမည်ဖြစ်ကြောင်း ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် ဟိုတယ်လုပ်ငန်း လေ့ကျင့်ရေး ကနဦးဆောင်ရွက်မှု၏ ပထမအကြိမ် ဧည့်ဝန်ဆောင်မှုလုပ်ငန်း သင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းများအတွက် အလုပ်အကိုင်ပြပွဲကျင်းပပေးသည့် အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ရွှေက ပြောကြားခဲ့သည်။

"အလုပ်ခွင်မှာ ရောက်ရှိလာပြီး လက်တွေ့လုပ်ကိုင်ဆောင်ရွက်ကြတဲ့အခါ တကယ်ဖြစ်မြောက်ချင်တဲ့စိတ်နဲ့တတ်ကျွမ်းအောင်လုပ်ပြီး စိတ်ရှည်ရှည်နဲ့ကြိုးစားရင် တိုးတက်အောင်မြင်ခြင်းဆိုတာ မလွဲမသွေရရှိလာမှာ ဖြစ်တယ်။ မောင်တို့မယ်တို့ တာဝန်ယူဆောင်ရွက်ရတဲ့ဟိုတယ်မှာ စိတ်ရောကိုယ်ပါ ဖွဲ့ရှိရှိနဲ့ နှစ်ရှည်ရှည် ကြိုးစားလုပ်ကိုင်ခဲ့ရင် တစ်နေ့မှာ သက်ဆိုင်ရာဘာသာရပ်ပိုင်းမှာ ထူးချွန်လာမှာပါ"ဟု ပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲသည် ဆွစ်ဇာလန်နိုင်ငံအစိုးရမှ ရန်ပုံငွေထောက်ပံ့မှုပြုထားသော ပထမအကြိမ် ဧည့်ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပြီး သင်တန်းဆင်းသူများအတွက် အလုပ်အကိုင်ပြပွဲပါ ပူးတွဲကျင်းပပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံရုံး၊ ဆွစ်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း (SDC) ၏ငွေကြေးထောက်ပံ့မှုနှင့် ဆွစ်နည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ Swisscontact မှ အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရက်သတ္တ ခုနစ်ပတ်ကြာမြင့်သည့် ဧည့်ဝန်ဆောင်မှုသင်တန်းကို ရန်ကုန်နှင့် နေပြည်တော်တို့၌ မတ်လမှစတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်သာယာ၊ ဒလ၊ အင်းစိန်၊ မြောက်ဥက္ကလာပမြို့နယ်တို့မှ အခြေခံပညာအလယ်တန်းအဆင့်ရှိ လူငယ်များကို ရွေးချယ်စိစစ်ကာ သင်တန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းပေးရာတွင် ရေရှည်အကျိုးစီးပွားကိုဦးတည်သော ဆင့်ကဲပြန့်ပွားပညာပေးရေးပုံစံကို အသုံးပြုထားပြီး ဆွစ်ဇာလန်မှ ကျွမ်းကျင်ပညာရှင်များက ဆွစ်နည်းပညာဖြင့် သင်ကြားမည့် ဆရာ ၁၈ ဦးအားဆရာအတတ်သင် သင်တန်းပို့ချခဲ့ပြီး ထိုဆရာများမှ ဟိုတယ်အတွင်းရှိ supervisor အဆင့်ရှိသော ဧည့်ဝန်ဆောင်မှုသင်တန်းနည်းပြ ၁၁၀ အား ကျွမ်းကျင်နည်းပြများဖြစ်လာအောင် သင်တန်းပြန်လည်ပို့ချခဲ့သည်။ အဆိုပါနည်းပြများမှတစ်ဆင့် ယခုကဲ့သို့ အခွင့်အရေးနည်းပါးသူများကို ပြန်လည်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းပြီးဆုံးသူများကို မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တစ်ဆင့် ပြည်တွင်းဟိုတယ်များကို တာဝန်ထမ်းဆောင်နိုင်စေရန်အတွက် လျှောက်ထားခွင့်ရရှိစေရန် ဟိုတယ်နှင့် စားသောက်ဆိုင် ၃၀ နှင့် ချိတ်ဆက်စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခု အလုပ်အကိုင်ပြပွဲအား ကျင်းပပေးခြင်းဖြင့် သင်တန်းသားများသည် အလုပ်အကိုင်ရှာဖွေရာတွင် ပိုမိုလွယ်ကူပြီး ဧည့်ဝန်ဆောင်မှုလုပ်ငန်းတွင် လိုအပ်သောအလုပ်သမားဈေးကွက်ကိုလည်း နားလည်သဘောပေါက်လာမည်ဖြစ်ကြောင်း သိရသည်။

"လာမယ့် ဩဂုတ်လအတွင်းမှာ ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ကလေးတွေကို ခေါ်ယူသင်ကြားပေးဖို့ အစီအစဉ်တွေရှိနေတယ်။ ဒါ့အပြင် လူဇင်ဘတ်နိုင်ငံရဲ့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းက ဒီက ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနဲ့ ဆက်သွယ်နေပြီး သူတို့က အခုဆွစ်အဖွဲ့နဲ့ ပူးပေါင်းကာ ယခုထက်အဆင့်မြင့်ပြီး လက်တွေ့ကျတဲ့ တိုးတက်မှုအပြည့်အဝရရှိစေတဲ့ သင်တန်းတွေ ဖွင့်လှစ်သွားမယ်။ ဒီအတွက် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက သူတို့လိုအပ်တဲ့ပံ့ပိုးမှုတွေ ဆောင်ရွက်ပေးနေတယ်။ တခြား ကမ်းလှမ်းထားတဲ့ အဖွဲ့အစည်းတချို့လည်း ရှိနေတယ်"ဟု ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံစိတ်ချရသော အလုပ်အကိုင်ဖန်တီးပေးရေးနှင့် ခရီးသွားလာရေးလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မဟာဗျူဟာများ၊ မူဝါဒများချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ ဧည့်ဝန်ဆောင်မှုလုပ်ငန်း သင်တန်းများဖွင့်လှစ်ခြင်းဖြင့် လိုအပ်ချက်များကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**(မြတ်စန္ဒီသင်းဇော်)**

# မြို့ပြတိုက်ခန်းများတွင် ဘွန်ဇိုင်းပင်ကလေးများ၊ ဒန်းခုံကလေးများပြုလုပ်ကာ စိတ်ချမ်းသာစွာအနားယူနိုင်အောင်ပြုလုပ်လာ

**မန္တလေး ဇွန် ၂၈**

တစ်သက်ပျော်ချင် သစ်ပင်စိုက်ဟုဆိုထားခဲ့ပေသည်။ မြို့ပြဒေသတွင်မူ တိုက်ခန်းများဝယ်၍ နေထိုင်ခြင်း၊ အိမ်ခန်းငှားနေထိုင်ခြင်း၊ ကျဉ်းမြောင်းသောနေရာအတွင်း နေထိုင်ရသည့်အတွက် သစ်ပင်စိုက်ရန် မြေနေရာအလွတ်မရှိသည်များလည်းကြုံနေရသည်။ မြို့ပြတိုက်ခန်းယဉ်ကျေးမှုတွင် သစ်ပင်မစိုက်နိုင်သော်လည်း ဝရံတာများ၊ လှေကားအနီးနှင့် ပြတင်းပေါက်အနီးတို့တွင် အလှပန်းအိုးများ စိုက်ပျိုးလေ့ရှိကြသည်။


ပန်းအိုးစိုက်ပျိုးမှုတွင်လည်း ကြီးထွားမှုအတွက် နေရာမပေးနိုင်သူတို့မှာ ဘွန်ဇိုင်းပင်ကလေးများကိုသာ ဝယ်ယူစိုက်ပျိုးကာ ယုယနေကြရသည်။ ဘွန်ဇိုင်းပင်များကို ဝယ်ယူစိုက်ပျိုးရာတွင် အများစုသည် အပွင့်ပါသောအပင်တို့ကို ဝယ်ယူထားလေ့ရှိသည်။ ဘွန်ဇိုင်းပင်များကို ကြည့်ကာ သစ်ပင်စိုက်ခြင်းရသကို ခံစားကြရသည်ဟု ဆိုကြသည်။

ဘွန်ဇိုင်းဆိုသည်မှာ လင်ဗန်းအတွင်း စိုက်ပျိုးထားသောအပင်ဟုခေါ်ဝေါ်ကြကြောင်း သိရသည်။ များသောအားဖြင့် ဘွန်ဇိုင်းကို ပန်းအိုးငယ်များဖြင့် စိုက်ပျိုးလေ့ရှိပြီး သက်ကြီးပု အပင်အမျိုးအစားဖြစ်ကာ ချစ်စရာကောင်းလှသည်။ ဘွန်ဇိုင်းကို လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ခန့်ကစကာ တရုတ်ပြည်တွင် စတင်စိုက်ပျိုးခဲ့ပြီး နောက်ပိုင်းတွင် ဂျပန်ပြည်သို့ စိုက်ပျိုးနည်းရောက်ရှိကာ ဘွန်ဇိုင်းစိုက်ပျိုးခြင်းသည် အနုပညာရပ် အသစ်အဆန်းဟု မှတ်ယူကာထင်ရှားလာပြီး အာရှနိုင်ငံ အနှံ့အပြားသို့ ရောက်ရှိသွားကြောင်း သိရသည်။

မြို့ပြတိုက်ခန်းများတွင် ဘွန်ဇိုင်းပင်များကို ဝယ်ကာ အမြတ်တနိုးစိုက်ပျိုးလာကြသည်။ ဘွန်ဇိုင်းပင်သည် ငြိမ်းချမ်းခြင်း၊ မြင့်မြတ်ခြင်း၊ ကောင်းမွန်ခြင်း အဓိပ္ပါယ်ဆောင်ပြီး မင်္ဂလာရှိသည်ဟု အယူအဆရှိကြသည်။ ယခုအခါ မြို့ပြတိုက်ခန်းယဉ်ကျေးမှုတွင် ဘွန်ဇိုင်းပင်များကို တယုတယစိုက်ပျိုးကာ ပျော်ရွှင်ခြင်းရသကို ဖန်တီးနေလျက်ရှိကြောင်း ဘွန်ဇိုင်းစိုက်ပျိုးသူတစ်ဦးက ရှင်းပြ၍ သိရသည်။

**(တိမ်တမန်)**






# မြန်မာ့ဓာတ်အားထုတ်လုပ်ရေးတွင် ထိုင်းကုမ္ပဏီများက ကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

ထိုင်းနိုင်ငံ၏ အကြီးဆုံးစွမ်းအင်ကုမ္ပဏီ PTT Pcl က မြန်မာနိုင်ငံ၌ သဘာဝဓာတ်ငွေ့ရည် (LNG) ထောက်ပံ့ရေးဆိပ်ကမ်းတစ်ခုနှင့် ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေးတွင် ပူးတွဲရင်းနှီးမြှုပ်နှံရန် Ratchaburi Electricity Generating Plc နှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးလိုက်ကြောင်း Reuters သတင်းတစ်ရပ်အရ သိရသည်။ အဆိုပါဆောင်ရွက်မှုမှာ ဓာတ်အားထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကို သဘာဝဓာတ်ငွေ့အား အသုံးပြုရသော ထိုင်းနိုင်ငံအတွက် စွမ်းအင်ဖူလုံမှုကို ခိုင်မာအားကောင်းလာစေရန် နိုင်ငံပိုင် PTT Pcl ၏ ကြိုးပမ်းမှုအချို့ဖြစ်သည်။

ထိုင်းနိုင်ငံ၌ အသုံးပြုလျက်ရှိသည့် သဘာဝဓာတ်ငွေ့၏ ငါးပုံတစ်ပုံမှာ မြန်မာနိုင်ငံမှ ပိုက်ဖြင့် သွယ်တန်း၍ ပေးပို့ခြင်းဖြစ်သည်။ နိုင်ငံတွင်းမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့မှာ လာမည့်ခြောက်နှစ် သို့မဟုတ် ခုနှစ်နှစ်အတွင်း ကုန်ဆုံးမည်ဟု ခန့်မှန်းထားသောကြောင့် ရေရှည်စွမ်းအင်ထောက်ပံ့မှုအတွက် ထိုင်းနိုင်ငံမှာ အကျပ်အတည်း ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအရင်းအမြစ်များကို ပိုမိုအသုံးပြုလာသောကြောင့် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ဓာတ်ငွေ့တင်သွင်းမှုမှာ လျော့နည်းလာဖွယ်ရှိသည်။ အဆိုပါစာချုပ်များအရ မြန်မာနိုင်ငံ၌ သဘာဝဓာတ်ငွေ့ရည် (LNG) များသိုလှောင်ရန် PTT က ဓာတ်ငွေ့ရည်တင်သင်္ဘော Floating Storage and Regasification Unit (FSRU) တစ်စီး တည်ဆောက်ရမည်ဖြစ်ကြောင်း Ratchaburi ကုမ္ပဏီ အမှုဆောင်ချုပ် ပွန်ဒက်ပေါ့ချာနာက သတင်းထောက်များအား ပြောကြားသည်။

PTT ၏ လုပ်ငန်းခွဲနှစ်ခုဖြစ်သော PTT Energy Resources Ltd နှင့် Global Power Synergy Pcl တို့သည်လည်း မြန်မာ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံများရှိ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြစ်နိုင်စွမ်းကို လေ့လာရန် Ratchaburi ကုမ္ပဏီနှင့် သီးခြားသဘောတူစာချုပ်တစ်ခု လက်မှတ်ရေးထိုးခဲ့သည်။ PTT Pcl နှင့် Ratchaburi ကုမ္ပဏီတို့က ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ကုန်ကျပြီး ထိုင်းနိုင်ငံသို့ လျှပ်စစ်ဓာတ်အား မီဂါဝပ် ၅၀၀ နီးပါး တင်ပို့နိုင်မည့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ရှိ မီဂါဝပ် ၆၀၀ ထုတ်လုပ်နိုင်သော ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်ရေးတွင် ပူးတွဲရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ပွန်ဒက်က ဆိုသည်။

**(သုတ)**

# အချစ်ဦးနဲ့ပတ်သက်ပြီး ရင်ဖွင့်ပြသွားတဲ့ သရုပ်ဆောင်အဆိုတော် ဆန်စီဂျွန်



KBS ရုပ်သံလွှင့်ဌာနမှ ဇွန် ၂၇ ရက်တွင် ရိုက်ကူးထုတ်လွှင့်သည့် Do As You Wish အစီအစဉ်သစ်တစ်ခုတွင် 2PM အဖွဲ့မှအဆိုတော်တေးယန်၊ မူဟီးဂျန်၊ M.I.B မှ ခေးနမ်နှင့် သရုပ်ဆောင်အဆိုတော် ဆန်စီဂျွန်တို့သည် သူတို့ရဲ့ပထမဆုံးအချစ်ဦးဇာတ်လမ်းများနှင့် ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ပြောဆိုသွားခဲ့သည်ဟု ကိုရီးယားသတင်းစာမျက်နှာများတွင် ဖော်ပြထားသည်။

အသံချိုချိုလေးနှင့် အချစ်သီချင်းများကို သီဆိုလေ့ရှိသည့် တောင်ကိုရီးယားသရုပ်ဆောင်အဆိုတော် ဆန်စီဂျွန်က“ ကျွန်တော့်ရဲ့ ပထမဆုံးအချစ်ဦးက အထက်တန်းဒုတိယနှစ်မှာ စပြီးတွေ့ခဲ့ကြတာပါ။ မှတ်မိနေသေးတယ်။ ကျွန်တော်ဘယ်လောက်ထိ ချစ်ခင်မြတ်နိုးခဲ့တယ်ဆိုတာကို။ အခုချိန်ထိ သတိရနေတုန်းပါပဲ” လို့ အစီအစဉ်တင်ဆက်နေစဉ်အတွင်း အရွှန်းဖောက်ပြောဆိုသွားခဲ့သည်။

ဆန်စီသည် ၂၀၀၀ ခုနှစ်တွင်ကျင်းပခဲ့သည့် အွန်လိုင်းသီချင်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ပြီး ဂီတလောကထဲသို့စတင်ဝင်ရောက်ခဲ့သည်။ အဆိုပါ သီချင်းဆိုပြိုင်ပွဲတွင်ဆုရရှိသူများအား အခွေထုတ်လုပ်ခဲ့ရာ ဆန်စီ၏ The Road that Leads to Me တေးသီချင်းကြောင့် အခွေပေါင်း ၁၀၀၀၀၀ နီးပါး ရောင်းချခဲ့ရသည်။

# အလုပ်အတူတူတွဲလုပ်ရတဲ့သူတွေအပေါ် ကြင်ကြင်နာနာ ဆက်ဆံတတ်တဲ့ ဖက်ရှင်မော်ဒယ်လ်ဂျီဂျီတို့ ညီအစ်မနှစ်ဦး

**ဇူလိုင်လထုတ် Vogue Brazil ဖက်ရှင်မဂ္ဂဇင်းအတွက် မျက်နှာဖုံးကာဗာရိုက်ကူးခဲ့သည့် အမေရိကန်လူမျိုး ဖက်ရှင်မော်ဒယ်လ် ဂျီဂျီဟာဒစ်နှင့် ညီမဖြစ်သူ ဘယ်လာဟာဒစ်တို့ရဲ့ အနုပညာလုပ်ငန်းနှင့်ပတ်သက်ပြီး ထားရှိသည့် စိတ်နေစိတ်ထား၊ ခံယူချက်၊ သဘောထားအမြင်များအား မေးမြန်းခဲ့သော အင်တာဗျူး တစ်ခုတွင်-**



**ဂျီဂျီဟာဒစ်။** ။ မော်ဒယ်လ် အလုပ်ကို စပြီးလုပ်တဲ့အချိန်မှာ နေ့တိုင်း မဖြစ်မနေ လုပ်ဆောင်ရမယ့် ရည်မှန်းချက်သုံးခုကို ကိုယ့်ဘာသာကိုယ် ချမှတ်ထားပါတယ်။ ပထမဆုံးကတော့ အလုပ်နဲ့ပတ်သက်ပြီး ဆက်ဆံရတဲ့ သူတွေအားလုံးကို အတတ်နိုင်ဆုံး နားလည်မှုအပြည့်နဲ့ ကြင်ကြင်နာနာ ဆက်ဆံမယ်။ နံပါတ်နှစ်အချက်က အလုပ်ကို ကြိုးစားပြီးလုပ်မယ်။ နောက်ဆုံးနံပါတ်သုံးအချက်က ကိုယ့်ရဲ့ လူမှုဆက်ဆံရေးကို ကျယ်ပြန့်အောင် မိတ်ဆွေသစ်တွေဖွဲ့မယ်။

ဆက်လက်၍သူက “ကိုယ်ကသာ စိတ်ရင်း စေတနာကောင်းနဲ့ နွေးနွေးထွေးထွေးပြောဆိုဆက်ဆံမယ်။ အကူအညီပေးဖို့ လိုအပ်နေသူတွေကို အစွမ်းကုန် ကူညီလုပ်ကိုင်ပေးမယ်ဆိုရင် ကိုယ့်ရဲ့လုပ်ငန်းခွင်နယ်ပယ်မှာ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေတွေနဲ့ ရေရှည်ကောင်းမွန်တဲ့ ဆက်ဆံရေးကို တည်ဆောက်နိုင်မှာပဲဖြစ်တယ်” လို့ အလုပ်တွင်ထားရှိအပ်သည့် စိတ်နေသဘောထားများကို အကြံပြုပြောဆိုသွားသည်။


သူ့အနေဖြင့် လူအများနှင့်ဆက်ဆံရာတွင် အကောင်းမြင်စိတ်ထားပြီး စိတ်စေတနာအပြည့်ဖြင့် အလုပ်ကို ကြိုးကြိုးစားစားလုပ်ကိုင်မည်ဆိုပါက မိမိအတွက် ကံကောင်းခြင်း အခွင့်အလမ်းများ ပေါ်ပေါက်လာလိမ့်မည်ဟု ယုံကြည်သည်ဟုဆိုသည်။



**ဘယ်လာဟာဒစ်။** ။ ကိုယ်နဲ့ အလုပ်အတူတူ တွဲလုပ်ရတဲ့သူကိုပဲ ဖြစ်ဖြစ်၊ လက်အောက်ဝန်ထမ်းပဲ ဖြစ်ဖြစ်၊ ကိုယ့်အထက်အရာရှိကိုပဲ ဖြစ်ဖြစ် ဘယ်သူ့ကိုမဆို ကျွန်မတို့ ကြုံဆုံရတဲ့သူတွေ အားလုံးကို ကြင်ကြင်နာနာ ဆက်ဆံပြီး တစ်ယောက်ကိုတစ်ယောက် အကူအညီတွေပေးကြမယ်ဆိုရင် ဘယ်လုပ်ငန်းခွင်မှာပဲဖြစ်ဖြစ် ပျော်ရွှင်ပြီးအောင်မြင်မှုကို ရရှိကြမှာပါပဲ။

လူတွေက ကျွန်မကို လူထူးလူဆန်းတစ်ယောက်လို မြင်ကောင်းမြင်မယ်။ ဒါပေမယ့် ကျွန်မကတော့ ကိုယ်ကျိုးမဖက်ဘဲ ကျွန်မနဲ့ ဆက်ဆံနေရတဲ့ ပတ်ဝန်းကျင်ကို ကောင်းကျိုးပြုဖို့ အမြဲအားထုတ်နေမှာပါဟု ဖြေကြားသွားခဲ့သည်။

# ဟောလိဝုဒ်၏ ကျော်ကြားသော အနုပညာရှင်များ စာရင်းဝင်ဖြစ်ခဲ့တဲ့ ဂျပန်ရုပ်ရှင်သူရဲကောင်း



၁၉၂၀- ၁၉၉၇ ခုနှစ်များတွင်ကျော်ကြားထင်ရှားခဲ့သော ဂျပန်ရုပ်ရှင်မင်းသားဟောင်းကြီး တိုရှီယိုမီဖူနင်အား ဟောလိဝုဒ်က ကျော်ကြားသော အနုပညာရှင်များစာရင်းတွင် ထည့်သွင်း၍ မှတ်တမ်းတင် ဂုဏ်ပြုလိုက်ကြောင်း The Japan Times တွင် ရေးသားဖော်ပြထားသည်။

တိုရှီယိုမီဖူနင်သည် ဒါရိုက်တာအကီရာကူယိုဆာဝါရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကားများဖြစ်သည့် Rashomon (1950) Seven Samurai (1954) နှင့် Yojimbo (1961) တို့တွင်လည်းပါဝင်သရုပ်ဆောင်ခဲ့ပြီး ယင်းဇာတ်လမ်းများသည်လည်း ၂၀၁၆ ခုနှစ်တွင် ဟောလိဝုဒ်၏ မှတ်တမ်းဝင်ဇာတ်ကားများ အဖြစ်ရွေးချယ်ခံခဲ့ရသည်ဟုဆိုသည်။

ဟောလိဝုဒ်၏ မှတ်တမ်းဝင်စာရင်းများတွင် ဂျပန် ရုပ်ရှင်သရုပ်ဆောင် မင်းသားကြီး စဲဗွေဟာရာကာဝါ (၁၈၈၆-၁၉၇၃) နှင့် Godzilla သိပ္ပံရုပ်ရှင်ဇာတ်ကားကြီးသည်လည်းပါဝင်ခဲ့ဖူးကြောင်း ဖော်ပြထားသည်။

**ပန်းသော်တာ - စုစည်းသည်**

## ရုပ်မြင်သံကြားအစီအစဉ်များ

၂၉ - ၆ - ၂၀၁၅ (တနင်္လာနေ့)

### MRTV Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် |
| | -ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း-၈၃) |
| ၆း၂၀ | ပြည်သူ့နီတိ“ဝန်” |
| ၆း၄၀ | (၂၀၁၅) ခုနှစ် ဇူလိုင်လ(၃) ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၃) |
| ၈း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “ဒဏ္ဍာရီပန်းတစ်ပွင့်” (အပိုင်း-၉၀) |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | “သြော် . . ယောကျ်ား” |
| ၁၀း၀၀ | ABU Radio Song Festival(2015) |

### MRTV - 4

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo |
| ၅း၄၀ | “သတိပဋ္ဌာန်တရား-အမှတ်(၅)” တရားတော်(သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေဟုန်စီးတဲ့ပန်းလိပ်ပြာ” (အပိုင်း-၅၅) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | Cartoon Series (Go Go Giggles) |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာ ပွင့်သောပန်း” (အပိုင်း-၇) |
| ၉း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၀၅ | သွားမယ်စားမယ် (The View Resturant) |
| ၁၁း၃၅ | Forever Music Tribute Myo Kyawt Myine (အပိုင်း-၂) (ပထမပိုင်း) |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ရာဇဝင်ထဲက ရင်ခုန်သံ” (အပိုင်း-၃၈) |
| ၁၂း၃၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁း၀၀ | “သတိပဋ္ဌာန်တရား- အမှတ်(၅)” တရားတော်(သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ “ဟာသကျေးရွာ” [၉ (အပိုင်း-၂)] |
| ၃း၄၅ | Hotel Guide (Hotel Pyin Oo Lwin) |
| ၄း၀၅ | Cartoon Series (Go Go Giggles) |
| ၄း၄၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေဟုန်စီးတဲ့ပန်းလိပ်ပြာ” (အပိုင်း-၅၆) |
| ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ “ဟာသကျေးရွာ”(ခိုင်သင်းကြည်) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာ ပွင့်သောပန်း” (အပိုင်း-၈) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ရာဇဝင်ထဲက ရင်ခုန်သံ” (အပိုင်း-၃၉) |
| ၉း၅၅ | MRTV-4 Stage |
| ၁၀း၂၅ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၁း၁၀ | World of Knowledge (Dog Whisperer London Calling) |
| ၁း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာ ပွင့်သောပန်း” (အပိုင်း-၈) |
| ၂း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ရာဇဝင်ထဲက ရင်ခုန်သံ” (အပိုင်း-၃၉) |
| ၃း၅၅ | World of Knowledge (Dog Whisperer London Calling) |
| ၄း၄၀ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ရွှေမြင်တင်စေတီတော်မြတ်ကြီး) |

### mitv

- An Aficionado Of Alluring Antiques
- Myanmar's Beauty and Nature" Beach
- Kay Tu Mar Lar "The Family"
- The World's Largest Book
- Sagaing: Youth Leader
- Youth Of the future (EP-16) Young Photographer (Thi Ha Aung)
- All About Orchids
- Food Trip (EP-2)
- The Writer "Chit Oo Nyo" (Part-2)
- Fortune Teller: "Yan Moe Aung"
- Chanmyay Yeiktha Meditation Centre- Hmawbi
- Kyeikhteeyoe: Welcome All
- …….Shan Novices To Be………..
- The Precious Lands Of Myanmar (Mandalay Region)
- Goldsmith
- A Dream A Destination (Hpa An)
- The Beauty of Stylish Myanmar Dress
- The Art of Making Glaze Ware

# ဒီဂီယာ မန်ယူတွင်ဆက်ရှိနေပါက မိမိထက်ဆုဖလားများ ပိုမိုရယူနိုင်မည်ဟု ပီတာရှမိုက်ကယ်ယုံကြည်



ရီးယဲလ်မှ ချိတ်ဆက်ကမ်းလှမ်းနေသော မန်ယူဂိုးသမား ဒီဂီယာအနေဖြင့် မန်ယူတွင်သာ ရာသီပေါင်းများစွာ ဆက်ရှိသင့်ပြီး စံချိန်တင်မှတ်တမ်းတစ်ရပ်ကို မန်ယူနှင့်အတူ ရေးထိုးသင့်သည်ဟု မန်ယူဂန္ထဝင်ဂိုးသမား ပီတာရှမိုက်ကယ်က အကြံပြုပြောကြားခဲ့သည်။ ထိုသို့မန်ယူတွင်သာ ဆက်လက်ရှိနေပါက ၎င်းထက်ပင် ဆုဖလားများ ပိုမိုရရှိနိုင်မည်ဟု ခန့်မှန်းမှုပြုပေးခဲ့သည်။

ရှမိုက်ကယ်သည် မန်ယူနှင့်အတူ ရှစ်ရာသီဖြတ်သန်းခဲ့ပြီး ပရီမီယာလိဂ်ဖလားငါးကြိမ်နှင့် ချန်ပီယံလိဂ်ဖလားအပါအဝင်စုစုပေါင်း ဖလား ၁၅ လုံး အထိဆွတ်ခူးနိုင်ခဲ့သည်။ဒီဂီယာသည် မန်ယူအသင်းနှင့်အတူဘောလုံးရာသီ နှစ်ရာသီခန့် ဖြတ်သန်းပြီးနောက် ကမ္ဘာ့အကောင်းဆုံး ဂိုးသမားတစ်ဦးဖြစ်လာခဲ့သူဖြစ်သည်။

အဆိုပါစပိန်ဂိုးသမားကို ရီးယဲလ်က အလိုရှိနေပြီး မန်ယူက မရောင်းချလိုသော်လည်း ကစားသမားကိုယ်တိုင်ကမူ စပိန်သို့သာ ပြန်လည်အခြေချကစားလိုသည်။ သို့သော် ပီတာရှမိုက်ကယ်က ဒီဂီယာအနေဖြင့် မန်ယူ၌သာ ဆက်နေပါက စံချိန်တင်ဆုဖလားများ ရရှိနိုင်လိမ့်မည်ဟု ဟောကိန်း ထုတ်ပြောကြားခဲ့သည်။

[မေလှဲ့သင်း]

# အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ အင်္ဂလန်အသင်း ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်တက်

**၂၀၁၅ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို ကနေဒါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ အဆိုပါ ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်တစ်ပွဲဖြစ်သည့် အင်္ဂလန်အမျိုးသမီးအသင်းနှင့် အိမ်ရှင်ကနေဒါအမျိုးသမီးအသင်းတို့ ပွဲစဉ်တွင် အင်္ဂလန်အမျိုးသမီးအသင်းက ကနေဒါအမျိုးသမီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။**



အင်္ဂလန်အမျိုးသမီးအသင်းသည် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ် တက်လှမ်းလာခဲ့ခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် လက်ရှိအမျိုးသမီးကမ္ဘာ့ဖလားချန်ပီယံ ဂျပန်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဂျပန်အမျိုးသမီးအသင်းသည် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်တွင် ဩစတြေးလျအမျိုးသမီးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အမျိုးသမီးအသင်းနှင့် ကနေဒါအမျိုးသမီးအသင်းတို့၏ ပွဲစဉ်တွင် အင်္ဂလန်အမျိုးသမီးအသင်းသည် သုံးမိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး ပွဲကစားချိန် ၁၁ မိနစ်တွင် တေလာနှင့် ပွဲကစားချိန် ၁၄ မိနစ်တွင် ဖာရာဝီလီယံ၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် လူစီဘရောင်းက ခေါင်းတိုက်သွင်းယူခဲ့သည့် သွင်းဂိုးတို့ပင်ဖြစ်သည်။ ကနေဒါအမျိုးသမီးအသင်းအတွက် ချေပဂိုးကိုမူ ဆင်ကလဲယားက ပွဲကစားချိန် ၄၂ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ လက်ရှိအင်္ဂလန်အမျိုးသမီးအသင်းနည်းပြ ဆမ်ဆွန်သည် အင်္ဂလန်လက်ရွေးစင်အမျိုးသားအသင်းနှင့် လက်ရွေးစင်အမျိုးသမီးအသင်းတို့ကို နည်းပြအဖြစ် ကိုင်တွယ်ခဲ့သူဖြစ်သည်။ လက်ရှိတွင် အင်္ဂလန်အမျိုးသမီးအသင်းသည် ၁၉၉၀ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အမျိုးသမီးအသင်းနှင့် ဂျပန်အမျိုးသမီးအသင်းတို့၏ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဇူလိုင် ၂ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ်ကြိမ်ဗိုလ်စွဲထားသည့် ဂျာမနီအမျိုးသမီးအသင်းသည်လည်း ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်အမျိုးသမီးအသင်းအား ငါးဂိုး-လေးဂိုးဖြင့်အနိုင်ရရှိခဲ့ခြင်းကြောင့် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ဂျာမနီအမျိုးသမီးအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

[ငွေကြယ်]

# တိုက်စစ်မှူး နေမာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဖြစ်လာမည်ဟု ဖော်လန်ပြောကြား



စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာသည် ကမ္ဘာ့အကောင်းဆုံးကစားသမား ဖြစ်လာလိမ့်မည်ဟု အပြည့်အဝယုံကြည်ထားကြောင်း ဥရုဂွေးတိုက်စစ်မှူးဟောင်း ဒီယေဂိုဖော်လန်က ပြောကြားခဲ့သည်။

ဘရာဇီးကြယ်ပွင့် နေမာသည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား၊ လာလီဂါဖလား၊ စပိန်ကိုပါဒယ်ရေးဖလား စသည်ဖြင့် တစ်နှစ်တည်းတွင် ဖလားသုံးလုံးရယူပေးနိုင်ခဲ့သည့် ကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။

ဘရာဇီးလက်ရွေးစင်အသင်းနှင့်အတူ ကိုပါအမေရိကဖလားပြိုင်ပွဲ၌ ဝင်ရောက်ကစားခဲ့ရာတွင် ကိုလံဘီယာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုအဆင့်ပွဲစဉ်တွင် အနီကတ်ပြထုတ်ပယ်ခံခဲ့ရခြင်းကြောင့် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် လေးပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရသည်။သို့သော် တိုက်စစ်မှူးနေမာသည် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ၊ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့ကဲ့သို့ ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ်သို့ ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း ဒီယေဂိုဖော်လန်က ထုတ်ဖော်ပြောကြားခဲ့သည်။

“နေမာဟာ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးတွေထဲက တစ်ဦးပါ။ သူဟာ လက်ရှိဘောလုံးလောကရဲ့ အကောင်းဆုံးကလပ်အသင်းဖြစ်တဲ့ ဘာစီလိုနာမှာကစားနေတဲ့အချိန်မှာ ဘာစီလိုနာအတွက် ဂိုးတွေသွင်းယူပေးနိုင်ခဲ့သလို အခြားကစားသမားတွေ ဂိုးသွင်းနိုင်ဖို့ကိုလည်း ဖန်တီးပေးမှုတွေ အတော်များများပြုလုပ်ပေးနိုင်ခဲ့ပါတယ်။ နေမာဟာ ဘောလုံးကိုဖြတ်ကျော်ယူတဲ့နေရာမှာလည်း မှော်ဆန်တဲ့ကစားကွက်ကိုအသုံးပြုတတ်တဲ့ကစားသမားတစ်ဦးပါ” ဟု ဥရုဂွေးတိုက်စစ်မှူးဟောင်း ဒီယေဂိုဖော်လန်က ပြောကြားခဲ့သည်။

တိုက်စစ်မှူးနေမာသည် လက်ရှိတွင် အသက်(၂၃)နှစ်အရွယ်သာရှိသေးပြီး ဘာစီလိုနာကစားဖော် တိုက်စစ်မှူး မက်ဆီထက် ငါးနှစ်၊ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုထက် ခုနစ်နှစ် အသက်အရွယ်ငယ်နေသေးခြင်းကြောင့် တိုက်စစ်မှူးနေမာသည် ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ် မြင်တွေ့ရမည့်ကစားသမားဖြစ်ပြီး လာမည့်နှစ် အနည်းငယ်အတွင်း ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း ဒီယေဂိုဖော်လန်က ဆိုသည်။

[နိုင်လင်းကြည်]

# ရီးယဲလ်မှ ထွက်ခွာမည်ဆိုသည်မှာ ကောလာဟလသာဖြစ်သည်ဟု စီရိုနယ်လ်ဒိုဆို



ရီးယဲလ် တိုက်စစ်မှူးစီရိုနယ်လ်ဒိုက နည်းပြအန်စလော့တီထွက်ခွာသွားပြီးနောက် မပျော်မရွှင်ဖြစ်နေပြီး အသင်းမှ ထွက်ခွာရန် ကြိုးပမ်းနေသည်ဆိုသည့် သတင်းများမှာ ကောလာဟလများသာဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ စီရိုနယ်လ်ဒိုသည် လွန်ခဲ့သည့် ခုနစ်လခန့်မှစတင်၍ ရီးယဲလ်မှ ထွက်ခွာကာ ပီအက်စ်ဂျီသို့ ပြောင်းရွှေ့တော့မည်ဟု သတင်းများ ထွက်နေသည်။

စီရိုနယ်လ်ဒိုသည် လာလီဂါတွင်သွင်းဂိုး ၄၈ ဂိုးအထိ အများဆုံးသွင်းယူပေးနိုင်ခဲ့သော်လည်း ရီးယဲလ်၏ဖလားလက်မဲ့အနေအထားကြောင့် မပျော်မရွှင်ဖြစ်နေသည်။ ပီအက်စ်ဂျီအသင်းကလည်း ၎င်းအပြောင်းအရွှေ့ဖြစ်မြောက်ရန် ပေါင်သန်း ၂၅၀ အထိ အသုံးပြုကာ ခေါ်ယူချင်နေသည်။

စီရိုနယ်လ်ဒိုက “အခုကျွန်တော်နဲ့ပတ်သက်ပြီးထွက်နေတဲ့ အပြောင်းအရွှေ့သတင်းတွေအားလုံးဟာ အမှန်တွေမဟုတ်ပါဘူး။ ဒီလိုကောလဟာလသတင်းတွေက ကျွန်တော်နဲ့ ရီးယဲလ်အကြား ပဋိပက္ခတွေကို ဖြစ်လာစေနိုင်ပါတယ်။ ရီးယဲလ်လို ကမ္ဘာ့အကောင်းဆုံးကလပ်အသင်းကြီးများမှာ ကစားခွင့်ရတာက ကျွန်တော်ကို အမှန်တကယ်ပျော်ရွှင်မှု ရရှိနေပြီး ရာသီသစ်မှာ အောင်မြင်မှုတွေကို ဆောင်ကြဉ်းပေးဖို့သာ အာရုံစိုက်လုပ်ဆောင်မှာပါ” ဟု ဆိုခဲ့သည်။

[မေလှဲ့သင်း]

# မသင်္ကာယာဉ်ပေါ်မှ လက်နက်၊ ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မန္တလေး ဇွန် ၂၈**

မန္တလေးမြို့ စဉ့်ကူးမြို့မရဲစခန်း ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က စဉ့်ကူး-ရွှေဘိုကားလမ်း မိုင်တိုင်အမှတ်(၁/၀-၁)ကြား ရပ်ကွက်(၁) သီလရွာထိပ်တွင် ဇွန် ၂၆ ရက် ည ၉ နာရီခွဲက ပိတ်ဆို့ရှာဖွေမှုပြုလုပ်စဉ် စဉ့်ကူးဘက်မှ ရွှေဘိုဘက်သို့ မောင်းနှင်လာသော YGN 7I----Toyota Landcruiser အဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ယာဉ်မောင်း အောင်ကျော်မိုး(၃၈)နှစ်နှင့် ညီဖြစ်သူ အောင်ဇော်မိုး (၃၈)နှစ်တို့ပါရှိပြီး ယာဉ်နောက်ဖုံးနှင့် ကြမ်းခင်းအောက်မှ ပြောင်းရှည်သေနတ် ငါးလက်နှင့် ကျည်မျိုးစုံ ၂၅၂ တောင့်၊ ဓား နှစ်ချောင်း၊ စိတ်ကြွဆေးပြား ၂၀၊ လက်ကိုင်စကားပြော စက် နှစ်လုံး၊ အထိုင်စက်တစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိသည်။

စစ်ဆေးဖော်ထုတ်ချက်အရ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ၎င်းတို့နေအိမ်မှ လက်နက်အစိတ်အပိုင်းနှင့် ဆက်စပ် ပစ္စည်း ၁၉ မျိုး၊ ခဲယမ်းဆက်စပ်ပစ္စည်း ၁၈ မျိုးတို့အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိသည့်အပြင် စိုးသူအောင်(၃၀)နှစ်နှင့် မြင့်ကိုအောင် (၃၁)နှစ်တို့ထံမှ ကျွန်းရောင်တင်၊ သံကိုယ်ထည် လေသေနတ် တစ်လက် သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ကျော်မိုးပါ လေးဦးအား စဉ့်ကူးမြို့မရဲစခန်းမှ (ပ)၂၇/၂၀၁၅၊ လက်နက်ပုဒ်မ ၁၉-က၊ (ပ)၂၈/၂၀၁၅၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇၊ (ပ)၂၉/၂၀၁၅၊ လက်နက်ပုဒ်မ ၁၉(င)၊ မယ(ပ)၁/၂၀၁၅၊ မူး/စိတ်ပုဒ်မ ၁၅/၁၆(ဂ)/၂၀(က)/၂၁/၂၂ နှင့် ချမ်းအေးသာစံမြို့မရဲစခန်းမှ (ပ)၂၆၁/၂၀၁၅၊ လက်နက်ပုဒ်မ ၁၉-က၊ အောင်ပင်လယ်နယ်မြေရဲစခန်းမှ (ပ)၁၆၃/၂၀၁၅၊ လက်နက်ပုဒ်မ ၁၉(စ)အမှုများဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးချက်အရ ၎င်းလက်နက်များမှာ အမဲလိုက်ရာတွင် အသုံးပြုလေ့ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများဆောင်ရွက်

**ကလေး ဇွန် ၂၈**

နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးစစ်ဆင်ရေးများကို ၂၀၁၃ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စစ်ဆင်ရေး နှစ်ကြိမ်၊ ၂၀၁၄ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ငါးကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရှမ်းပြည်နယ်တွင် စစ်ဆင်ရေးသုံးကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဘိန်းစိုက်ပျိုးမှုကို မှီခိုခြင်းမှကင်းဝေးပြီး အစားထိုးသီးနှံများစိုက်ပျိုးစေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နှစ်ရှည်ပျိုးပင်နှင့် နှစ်ချင်းသီးနှံမျိုးစေ့များ ဖြန့်ဖြူးခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများပံ့ပိုးခြင်း၊ နည်းပညာများဖြန့်ဖြူးခြင်း၊ စံပြစမ်းသပ်ကွက်များစိုက်ပျိုးခြင်း၊ စိုက်ပျိုးမြေများ ဖော်ထုတ်ပေးခြင်းလုပ်ငန်းများကို ဒေသခံတောင်သူများအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုလျှော့ချရေးကို အလေးထားဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ်မှ ခုနစ်နှစ်ဆက်တိုက် မြင့်တက်ခဲ့သောဘိန်းစိုက်ပျိုးမှုသည် ၂၀၁၄ ခုနှစ်တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဘိန်းစိုက်ပျိုးမှု ကျဆင်းခြင်းဖက်သို့ ဦးတည်လာခဲ့ကြောင်း UNODC ၏၂၀၁၄ခုနှစ် ဘိန်းစိုက်ပျိုးမှု အစီရင်ခံစာအရ သိရသည်။

**(လင်းလက်ကြယ်စင်)**

# ပိုင်ရှင်မဲ့သစ်များ သိမ်းဆည်းရမိ

**မြင်းမူ ဇွန် ၂၈**

ချောင်းဦးမြို့ မုံရွာ-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၆၇/၅-၆) ကြား မုံရွာ-မန္တလေး မီးရထားသံလမ်းကူးတွင် ဇွန် ၂၇ ရက် ညပိုင်းက ကား တစ်စီး နောက်ဘီးကျွတ်ထွက်ကာ ပိုင်ရှင်မရှိဘဲ မသင်္ကာဖွယ် ရပ်တန့်ထားကြောင်း သတင်းအရ ချောင်းဦးမြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဆွေမြင့်နှင့်တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ အဖွဲ့ဝင်များနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရထားသံလမ်းကူးပေါ်တွင် ဘယ်ဘက်နောက်ဘီးကျွတ်လျက် ရပ်တန့်ထားသော 7A/----- NISSAN HOMY ဖြူ/မီးခိုပြာ မှန်လုံယာဉ်ငယ်ပေါ်မှ ပိတောက်ခွဲ ရွှေတုံး ခုနစ်တုံး(၁ ဒသမ ၁၅၄) တန်အား ပိုင်ရှင်မဲ့တွေ့ရှိသဖြင့်**(ယာပုံ)** အဆိုပါသစ်များအား ချောင်းဦးမြို့နယ် တာဝန်ခံတောအုပ်ထံ လွှဲပြောင်းပေးအပ်ပြီး ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ သစ်များ သယ်ဆောင်လာသူအား အရေးယူနိုင်ရန် ချောင်းဦးရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(၆၂၄)**



# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မြစ်ကြီးနား ဇွန် ၂၈**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ ရဲအုပ်ခင်မောင်ဆွေမင်းဦးစီးသော တပ်ဖွဲ့ဝင်များသည် ဇွန် ၂၅ ရက် နံနက် ၁၁ နာရီခန့်က မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဇော်ရစ်လမ်းခွဲအနီး မြစ်ကြီးနား-ဆွမ်ပရာဘွမ် လမ်းမပေါ်၌ စောင့်ဆိုင်းနေစဉ် တောင်ဘက်မှမြောက်ဘက်သို့ ဒေါ်ထုလွမ် မောင်းနှင်လာသော YINXIANG 125 အမျိုးအစား အနက်ရောင်ဆိုင်ကယ်ကို ရှာဖွေစစ်ဆေးခဲ့ရာ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀(အလေးချိန် ၁၆ ဂရမ်ခန့်)ပါ အထုပ်တစ်ထုပ် သိမ်းဆည်းရမိခဲ့ပြီး ၎င်းက မြစ်ကြီးနားမြို့ မြို့သစ်ကြီး ရပ်ကွက်နေ ဒေါ်အားရွှယ်ထံမှ ဝယ်ယူသယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဒေါ်ထုလွမ်(၄၃)နှစ် ဝါရှောင်ကျေးရွာ ဝိုင်းမော်မြို့နယ်နေသူနှင့် ဒေါ်အားရွှယ်(၃၅)နှစ်တို့အား မြစ်ကြီးနားမြို့ မြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ဒေါ်အားရွှယ်အား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၄၉၉)**

# မြစ်ထဲသို့ ဒိုင်ပင်ထိုးချရာမှ ရေနစ်သေဆုံး

**မင်းလှ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့ ရုံးရပ်မြောက်ပိုင်းရပ်ကွက် ခံတပ်ကြီး (ဧရာဝတီမြစ်)ရေချိုးဆိပ်၌ ဇွန် ၂၃ ရက် ညနေပိုင်းက လူတစ်ဦး ပျောက်ဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းလှမြို့ ရုံးရပ်မြောက်ပိုင်းနေ သူရိန်စိုးနှင့် စစ်ပိုင်မှူးတို့နှစ်ဦးသည် ရေချိုးနေစဉ် ချမ်းမြေ့အောင်(ခ) ထက်နိုင်ဝင်း(၂၁)နှစ် ရောက်ရှိလာပြီး ကမ်းနဖူးလှေကားမှတစ်ဆင့် မြစ်ထဲသို့ဒိုင်ပင်ထိုးချရာ ပြန်ပေါ်မလာဘဲ ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ရှာဖွေရေးအဖွဲ့များက ချမ်းမြေ့အောင်(ခ) ထက်နိုင်ဝင်းအား ဧရာဝတီမြစ်တစ်လျှောက် လိုက်လံရှာဖွေခဲ့သည်။

ဇွန် ၂၆ ရက် နံနက် ၆ နာရီတွင် ဥယျာဉ်ရွာ သံတိုင်မြစ်ဆိပ်ကမ်း၌ ချမ်းမြေ့အောင်(ခ) ထက်နိုင်ဝင်း၏ အလောင်းကို ပြန်လည်တွေ့ရှိရပြီး ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးနိုင်ရန် မင်းလှမြို့နယ် မြို့မရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

# လယ်ရေယူသည့်ကိစ္စနှင့်ပတ်သက်၍ ရိုက်နှက်ရာမှ တစ်ဦးသေဆုံး

**စလင်း ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် အင်းတဲကျေးရွာတွင် ဇွန် ၂၅ ရက် ညနေပိုင်းက လယ်ရေယူသည့်ကိစ္စနှင့်ပတ်သက်၍ ဝိုင်းဝန်းရိုက်နှက်ရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် အင်းတဲကျေးရွာနေ ဒေါ်မုန်း(၃၉)နှစ်သည် နေအိမ်တွင်ရှိနေစဉ် ၎င်း၏ခင်ပွန်း ကိုငြိမ်း(ခ)ခင်မောင်ငြိမ်း(၅၃)နှစ်၏ တူတော်စပ်သူ သန်းဦးတို့က ကျေးရွာတောင်ဘက် လေးမိုင်ခန့်အကွာရှိ လယ်မြေတွင် လယ်ရေယူနေစဉ် ဝင်းမောင်(၄၉)နှစ်နှင့် နိုင်လင်း(၃၀)နှစ်တို့က လက်ထဲတွင် အသင့်ပါလာသော လယ်ယာသုံးဝါးရိုးတပ် အရိုးအသွား ငါးပေ ငါးလက်မခန့်ရှိ တူရွင်းငန်းပြား တစ်ချောင်း၊ ဝါးရိုးတပ် အရိုးအသွား လေးပေကျော် ရှိသည့် တူရွင်းငန်းပြား တစ်ချောင်းတို့ဖြင့် ဝိုင်းဝန်း ရိုက်နှက်ခဲ့ရာ ကိုငြိမ်းမောင်တွင် ဒဏ်ရာများဖြင့် လဲကျသေဆုံးခဲ့သဖြင့် ဝင်းမောင်နှင့် နိုင်လင်းတို့အား စလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့တွင် ဇွန် ၂၅ ရက်က မိုးသက်လေပြင်းများကျရောက်ခဲ့သဖြင့် ရပ်ကွက်အချို့တွင် သစ်ပင်များ ပြိုလဲခဲ့ရာ အမှတ်(၇)ရပ်ကွက် (၁၅)လမ်း ပထမဖြတ်တာအတွင်း လမ်းဘေးရှိ ဗာဒံပင်ကြီးသည် အမြစ်မှကျွတ်၍ လူသွားလမ်းပေါ်သို့ ကန့်လန့်ဖြတ်လဲသွားခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ ဇွန် ၂၆ ရက်က ရှင်းလင်းဆောင်ရွက်နေကြစဉ်။ **အောင်မင်း(ဘိုကလေး)**

ဆရာဦးသန်းထိုက်လင်း B.A(English) ဦးစီးတည်ထောင်သော

## စွမ်းရည်ထက်

**အရာရှိဝင်ခွင့်သင်တန်း/ဒု-ရဲအုပ်သင်တန်း(တပ်တွင်း/ပြင်ပ)**
**(အနီးကပ်အထူးသင်တန်း)**

မကြာမီဖြေဆိုမည့် ဒု-ရဲအုပ်လောင်း(တပ်တွင်း/ပြင်ပ)ဖြေဆိုမည့် နေပြည်တော်တစ်ခွင်မှ ရဲဘော်/ရဲမေများအတွက် ဝင်ခွင့်စာမေးပွဲသင်တန်းဖွင့်လှစ်ပြီး သင်ကြားနေပါပြီ။

သို့သော် ထပ်မံ၍ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ဒု-ရဲအုပ်သင်တန်းဖြေဆိုမည့် မောင်/မယ်များအတွက် နေစရာ အဆောင်/စားစရိတ်ငြိမ်းဖြင့် ယခု အနီးကပ်သင်တန်း(အချိန်တို) ဖွင့်လှစ်ပါတော့မည်။

**၂-၇-၂၀၁၅ နေ့မှ ၁၅-၇-၂၀၁၅ နေ့အထိ။**
**(မေးခွန်းပုံစံတူနှင့်တကွ ဖြေတတ်အောင်၊ ဖြေနိုင်အောင် သင်ကြားပေးပါသည်။)**

**ဆက်သွယ်ရန်** - "စွမ်းရည်ထက်" အရာရှိဝင်ခွင့်သင်တန်းကျောင်း
အမှတ်-၆/၆၂၊ ဗိုလ်ချုပ်လမ်း၊ အောင်ချမ်းသာဘုရားအနီး မြို့ဦးရပ်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။ ဖုန်း-၀၉-၄၂၀၇၅၀၁၆၉ သို့ စာရင်းပေးသွင်းထားနိုင်ပါသည်။

**(ဒု-ရဲအုပ်သင်တန်းဆို နေပြည်တော်က "စွမ်းရည်ထက်"သင်တန်းကို စုံစမ်းလိုက်ပါ။)**

# မလေးရှားနိုင်ငံ - အာဆီယံအဆင့်မြင့်ပညာရေးဆွေးနွေးပွဲခရီး

**ခင်မောင်ညို(ဘောဂဗေဒ)**

နိုင်ငံတကာဆွေးနွေးပွဲတွေတက်တဲ့အခါ သူတို့ရဲ့ အတွေ့အကြုံတွေ၊ ပညာဗဟုသုတတွေကို တစ်ထိုင်တည်း၊ တစ်ရက်တည်း ရတတ်လေ့ရှိတော့ တတ်နိုင်သမျှ ကြိုးစားပြီး တက်လေ့ရှိပါတယ်။ ဒီတစ်ခေါက်ခရီးထွက်ရာမှာ အကြောင်းအရာ(၂)ခု၊ အစည်းအဝေး(၂)ခု၊ သုံးရက်ဆက်တိုက် နှစ်နိုင်ငံခရီးဆိုတော့ နည်းနည်းပင်ပန်းပါတယ်။

မလေးရှားကို အရင်တစ်ခေါက်ရောက်တုန်းက "နှလုံးလှ" ဆိုတဲ့ စာကြည့်တိုက်လေးတစ်ခုတွေ့ခဲ့လို့ စာကြည့်တိုက်အတွက် စာအုပ်တွေလှူဖို့ ဆန္ဒဖြစ်ခဲ့ပေမယ့်၊ နှစ်အတော်ကြာတဲ့အထိ မလှူဖြစ်ပါဘူး။ ဒီတစ်ခေါက်တော့ ခရီးစဉ်လည်း တိုက်ဆိုင်နေတာကြောင့် ကိုယ်တိုင်ပဲ စာအုပ်(၈၀)ကျော်သယ်သွားပါတယ်။ စာအုပ်တွေကို အကောက်ခွန်က မျက်စောင်းထိုးမလားလို့ စိုးရိမ်ခဲ့ပေမယ့် စာအုပ်ကပြဿနာမဖြစ်၊ လူကိုပဲ သေသေချာချာရုံးခန်းထဲ ခေါ်ပြီး စစ်ဆေးတာနဲ့ ကြုံပါတယ်။ ထူးဆန်းတာက ချို့ချို့တဲ့တဲ့၊ နွမ်းနွမ်းပါးပါး၊ အလုပ်လာလုပ်ကြပုံပေါ်တဲ့၊ စကားလည်း ကောင်းကောင်းမပြောတတ်တဲ့ ကလေးတွေကျတော့ ကိုယ့်ရှေ့မှာတစ်ယောက်ပြီးတစ်ယောက် ဖြောင့်ဖြောင့်တန်းတန်း ဝင်သွားကြတာပါ။

ဖြစ်နိုင်တာကတော့ နှစ်နိုင်ငံပြည်ဝင်ခွင့်ကိုင်ထားတာကို ဘယ်လိုအဓိပ္ပါယ်ပေါက်တယ်မသိဘူး။ မလေးယားတက္ကသိုလ်က ဖိတ်စာအဆင်သင့် Print ထုတ်ပြီး ယူလာတာကိုပြလိုက်တော့ချက်ချင်းပဲ အဆင်ပြေပါတယ်။ တခြားမြန်မာတွေကိုတော့ ပိုက်ဆံဘယ်လောက်ပါသလဲ ထုတ်ပြခိုင်းတာကို တွေ့ရပါတယ်။

လိုအပ်တာထက် ပိုကြာနေလေတော့ လေယာဉ်နောက်ကျရုံသာမက ဘာများဖြစ်နေပါလိမ့်လို့ လာကြိုတဲ့ မိတ်ဆွေက စိတ်ပူရှာပါတယ်။ လေယာဉ်ပျံ (Air-Asia) ပေါ်မှာ မလေးရှား SIM CARD လာရောင်းတာတွေ့တုန်းက မဝယ်လိုက်မိလေခြင်းလို့ နောင်တရမိပါတယ်။ ဆင်းကဒ်ရှိ၊ ဖုန်းရှိနေရင် စိတ်မပူရအောင် လှမ်းပြောထားနိုင်တာပေါ့။ နေတာကလည်း နှစ်ရက်သုံးရက်၊ ဟိုတယ်မှာလည်း အင်တာနက်ရနေမှာ၊ စကားပြောရမယ့် မိတ်ဆွေတွေကလည်းများများစားစားမရှိလေတော့ မဝယ်ခဲ့တာပါ။ ဆင်းကဒ်ရောင်းတဲ့ လေယာဉ်မောင်မယ်တွေကတော့ အိမ်အလွမ်းပြေပြောဖို့လို့ကြေငြာကြတာပါ။ ကိုယ်ကလည်း အခုမှထွက်လာ၊ မကြာခင်ပြန်၊ ပြီးတော့ အင်တာနက်နဲ့ ဆက်သွယ်လို့ရနေတော့ ဖုန်းပြောလေ့ပြောထ၊ သိပ်မရှိပါ။

စောင့်ရတာကြာလို့ စိတ်ပူနေတဲ့ မိတ်ဆွေနဲ့ ဂိတ်ဝမှာတွေ့ပြီး သူကနေ့လယ်စာကို လေဆိပ်မှာပဲ ကျွေးပါတယ်။ Air Asia လေယာဉ်တွေဆိုက်တဲ့ ဒီ Terminal 2 ကို သူတောင်တစ်ခေါက်နှစ်ခေါက်ပဲ ရောက်ဖူးသတဲ့။ အပြန်ကျရင် Malay Airway နဲ့ဆိုတော့ Terminal 1 ကပဲ ပြန်ရမှာပါ။

မနှစ်တုန်းက အင်ဒိုနီးရှားကအပြန် ကွာလာလမ်ပူလေဆိပ်မှာ တစ်ထောက်နားခဲ့သေးတယ်။

လေဆိပ်ကနေ မြို့ထဲကို အတော်ကြာကြာမောင်းရပြီး မြန်မာတွေစုဝေးတတ်ကြတဲ့ ဆိုင်ကြီးတစ်ခုကို ရောက်သွားပါတယ်။ ကိုယ်တွေ့ချင်တဲ့ မြန်မာမိတ်ဆွေတစ်ချို့ကို တွေ့ရလို့ ဝမ်းသာရသလို ကွယ်လွန်သွားရှာတဲ့ မိတ်ဆွေ တစ်ယောက်ကို သတိရဝမ်းနည်းမိပြန်ပါတယ်။ သူ့ခမျာ စီးပွားအရှာကောင်းလိုက်တာ၊ သေလောက်အောင်ပဲလို့ ပြောရမယ်ထင်ပါရဲ့။ အဲဒီမှာ လာကြိုတဲ့ မိတ်ဆွေက တယ်လီဖုန်းယူသွားပြီး မလေးရှားဖုန်းကဒ်ထည့်ပေးတော့ ချက်ချင်းဓါတ်ပုံရိုက်တင်၊ စာအုပ်လှူတာကိုလည်း တင်လိုက်တော့ မိတ်ဟောင်းဆွေဟောင်းတွေက ချက်ချင်းရောက်လာတာပါ။

ဆရာမမစန္ဒာတို့၊ ဆရာကျော်ရင်မြင့်တို့နဲ့ ဟောပြောပွဲလာစဉ်ကနေရာတွေကို တွေ့တော့သတိရမိပါတယ်။ ကွာလာလမ်ပူမျှော်စင်နဲ့ ဓါတ်ပုံရိုက်မယ်လို့ ကြံရွယ်ပေမယ့် ကားလမ်းကြပ်နေမှာစိုးတာနဲ့ တည်းရမယ့်ဟိုတယ်ကို ပြန်လာပါတယ်။ မလေးယားတက္ကသိုလ်ကလုပ်တဲ့ အစည်းအဝေးပေမယ့် ကျောင်းဝင်းထဲမှာမလုပ်ဘဲ ဟိုတယ်မှာ တည်းခိုင်း၊ ဟိုတယ်မှာပဲ အစည်းအဝေးလုပ်ပါတယ်။ ရောက်တဲ့ညကတော့ ရောက်နေတဲ့ သုတေသီတစ်ချို့နဲ့ အိမ်ရှင်တစ်ချို့ကို ညစာကျွေးပါတယ်။ ညစာစားပွဲမှာ ဟန်ဂေရီက ဘွဲ့လွန်ပါရဂူတန်းကျောင်းသားတစ်ယောက်၊ မလေးရှားက ကွန်ပျူတာပါမောက္ခတစ်ယောက်တို့နဲ့ စကားလက်ဆုံကျကြပါတယ်။

မလေးရှားကွန်ပျူတာပါမောက္ခက မြန်မာနိုင်ငံကို အတော်ကြာကြာရောက်ဖူးပါတယ်။ သူနဲ့စကားပြောကြရင်း ကျောင်းသားတွေက Power Point တွေ Presentation တွေကို စိတ်မဝင်စားကြဘူး။ Youtube ကို သုံးပြီး သိသင့်တယ်လို့ အကြံပြုတာကို မှတ်သားရပါတယ်။ ရုပ်ရှင်ပြပြီး Ethics သင်တတ်တဲ့ ဇနီးသည် မအိမ်သူနဲ့ ရုပ်ရှင်အလွန်ကြိုက်တတ်တဲ့ အမ်ဘီအေကျောင်းသူ သမီးငယ်တို့ကို သတိရမိလိုက်တယ်။ ခက်တာက ကိုယ်ကျတော့ ရုပ်ရှင်ထက် စာအုပ်ဖတ်ရတာကို အားသန်တာပါ။ အင်တာနက်နှေးတာနဲ့ ကြုံတာများတော့လဲ Youtube ကို သိပ်ပြီးသုံးရကောင်းမှန်းမသိတာ၊ မသုံးတတ်တာလည်း ဖြစ်နိုင်ပါတယ်။ ဆွေးနွေးပွဲတွေမှာ ပြောရပြီဆိုရင်တော့ Powerpoint (၁၀)ချပ်လောက်လုပ်ထားပြီး၊ ကိုယ်ပြောချင်ရင်ပြောချင်သလောက် ချဲ့ကားပြောတတ်တာမျိုးပါ။

ဒီတစ်ခေါက်ခရီးထွက်ခါနီးနေမကောင်းရာက အစားနိုင်လို့ ပြန်ဝနေချိန်မို့၊ တစ်ချို့ဘောင်းဘီတွေက မတော်တော့ပေမယ့် တော်တာတစ်ထည်စ၊ နှစ်ထည်စရှိနေသေးလို့ တော်သေးတယ်။ လည်စီး(နက်ကတိုင်)ကတော့ လည်ပင်းက နည်းနည်းပိုတုတ်၊ အင်္ကျီလည်ပင်းကကြပ်ကြပ်နဲ့ဆိုတော့ လည်စီးမစီးတာများပါတယ်။ မစီးတတ်တာလည်း ပါတာပေါ့။ အထူးပြဿနာတက်တာက ဖိနပ်ပါ။ ဗီယက်နမ်ကို မနှစ်က သွားတုန်းကလည်း ခြေစွယ်ငုတ်နေတဲ့ ဒဏ်ရာက ဒုက္ခပေးလို့ ဖိနပ်စီးရတာ အဆင်မပြေ၊ ဖိနပ်ချွတ်ထားမှပဲ အဆင်ပြေတယ်။ ခြေစွယ်ငုတ်တာကိုက တစ်နှစ်လောက်ကြာ၊ တော်ကြာပျောက်သလိုလိုဖြစ်၊ ခလုတ်တိုက်၊ ပြည်တည်လိုက် ဆေးသောက်လိုက်နဲ့၊ သံသရာလည်နေတာ၊ နောက်ဆုံးမြန်မာတိုင်းရင်းဆေးဆရာကြီး ဦးရန်အောင်က ခြေသည်းကို ပါးပါးလေးခြစ်ပေးဆိုတော့မှ အသားထဲဝင်နေတဲ့ ခြေသည်းက ကော့တက်လာပြီး သွားခါနီးကျမှ ဖိနပ်စီးလို့ရသွားတော့တယ်။

အဆင့်မြင့်ပညာဆွေးနွေးပွဲမှာ အာဆီယံနိုင်ငံတွေကသာမက အမေရိကန်၊ ဥရောပဘက်က ပညာရှင်တွေကပါ ဝိုင်းဝန်းဆွေးနွေးကြတယ်။ ကျောင်းသားအဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍတောင်ပါသေး။ ခက်တာက ကိုယ်က စရုံရှိသေး၊ သူတို့က ၁၀ လောက်ရောက်နေပြီး ဒေသအဆင့်တွေ၊ ကမ္ဘာ့အဆင့်တွေ သူတို့က ပြောနေကြချိန်မှာ ကိုယ်က နိုင်ငံအဆင့်၊ ဥပဒေပြုတာတွေ၊ ပြင်တာတွေ၊ ငြင်းတာတွေ ပြောနေရသေးတာ။ ဆွေးနွေးဖို့ နာရီဝက်အချိန်ပေးထားပေမယ့် ကိုယ့်အကြောင်းတွေ သိပ်မပေါ်ချင်တာနဲ့ ခပ်တိုတိုပဲ ပြောလိုက်တယ်။ ဒါတောင် မလေးရှားပညာရေးဝန်ကြီးဌာနက Presentationကို လာတောင်းတယ်ဆိုတာနဲ့ ပေးလိုက်ပါလို့ ခွင့်ပြုရတယ်။

မလေးရှားတက္ကသိုလ်ရောက်နေတဲ့ ဧည့်သည်သုတေသီတစ်ယောက်က ဘင်္ဂလားဒေ့ရှ်က ဗိုလ်မှူးချုပ်ဟောင်းဖြစ်ပြီး ကိုယ့်ကိုလည်း သူ့လိုစစ်ဗိုလ်ဟောင်းဖြစ်မယ်ထင်လို့ အလေးပြုပြီး နှုတ်ဆက်တယ်။ သူနဲ့ ငြင်းစရာဖြစ်မှာစိုးလို့ ခပ်ရှောင်ရှောင်နေတာကို ဘင်္ဂါလီကိစ္စ အစဖော်လာတော့ ပြောရပြန်တယ်။ဘေးက မလေးရှားပါမောက္ခတစ်ယောက်ကပါ ဝင်ပြောတော့ မင်းတို့ပြောသလောက် မလွယ်ဘဲ၊ ရှုပ်ထွေးတယ်လို့ ပြောခဲ့ရတယ်။ ရောက်တော့ သူတို့ရဲ့ မြန်မာမိတ်ဆွေပါမောက္ခတွေဟာ ကိုယ့်မိတ်ဆွေတွေဖြစ်နေကြောင်း သိသွားတော့ သိပ်ပြီးမငြင်းကြတော့ပါဘူး။ ဆွေးနွေးပွဲမှာသူ့ကိုဘင်္ဂလားဒေ့ရှ်ကလို့ ပြောတာတောင် မကြိုက်ဘူး။ မလေးရှားတက္ကသိုလ်ကပါလို့ ပြောင်းပြောတယ်။ မြန်မာကိုလည်းကောင်းကောင်းရောက်ဖူးပြီး မြန်မာက သိပ်ချမ်းသာတာပဲလို့ ခဏခဏပြောတယ်။

တကယ်တော့ ဒီအစည်းအဝေးကို စီစဉ်သူတွေနဲ့၊ မရင်းနှီးပါဘူး။ သူတို့က Chulalonhkorn၊တက္ကသိုလ်က ပါမောက္ခတွေနဲ့ ရင်းနှီးတော့ မြန်မာကိုယ်စားလှယ်လိုက်ရှာရင်းနဲ့ ချိတ်မိသွားကြတာ။ ဖြစ်ချင်တော့ ဆက်သွယ်တဲ့ ပါမောက္ခကလည်း မြန်မာနိုင်ငံက တက္ကသိုလ်ဆရာ၊ ဆရာမတွေနဲ့၊ ဂျပန်တက္ကသိုလ်မှာ ပညာသင်ဖက်တွေဖြစ်နေတာ နောက်ကျမှ သိရတယ်။ ဒီဆွေးနွေးပွဲမှာ ဆုံကြတဲ့ မလေးရှားသုတေသီတွေက သူတို့ဖိတ်ရင်လည်း လာဖို့ပြောကြသလို၊ ထိုင်းက ပါမောက္ခကတော့ ချက်ချင်းကို သူ့အစီအစဉ်ပြောပြီး ဖိတ်တော့တာပါပဲ။ ကွန်ယက်တစ်ခုထဲဝင်သွားပြီဆိုရင် အချိတ်အဆက်တွေမိသွားတော့တာပါပဲ။

ကွာလာလမ်ပူရောက်ခဲ့စဉ်က ထမင်းကျွေးခဲ့တဲ့ ဆရာဦးသက်ဆွေနဲ့ ဒေါက်တာစီလေးမာတို့ကို စာပို့ပြီး လှမ်းနှုတ်ဆက်တာ သူတို့ကအချိန်ရရင် တွေ့ကြရအောင်ဆိုတာနဲ့ ဆုံဖြစ်ကြပါတယ်။ ဆွေးနွေးပွဲပထမနေ့ ညနေအပြီးမှာ ဆရာဦးသက်ဆွေက ကားမောင်း၊ ဆရာမက လမ်းညွှန်ပြီး မလေးယားတက္ကသိုလ်ထဲလှမ်းပြ၊ မျှော်စင်သွားပြီး ဓါတ်ပုံရိုက်၊ ဂျပန်စာနဲ့ ညနေစာဧည့်ခံတော့ စားပွဲထိုးကလေးတွေက ဒေါက်တာစီလေးမာရဲ့ လူနာတပည့်တွေ၊ မြန်မာမလေးတွေ ဖြစ်နေတာတွေ့ရပါတယ်။ ရယ်စရာကောင်းတာက အဲဒီဂျပန်ဆိုင်က ကိုယ်တည်းတဲ့ ဟိုတယ်မှာလည်းရှိနေတာ အပြန်ကျမှ တွေ့ရတယ်။

အစည်းအဝေးဒုတိယနေ့မှာ သင်တန်းလာတက်နေတဲ့ Seimen ကုမ္ပဏီက မြန်မာသမီးတွေနဲ့ ဆုံရသလို၊ စားပွဲထိုးကလည်း မြန်မာဖြစ်နေပြန်တယ်။

အစည်းအဝေးအပြီး နေ့ခင်းမှာ ညနေခြောက်နာရီ တရုတ်နိုင်ငံကို ထွက်မယ့်လေယာဉ်မီဖို့ အပြေးအလွှားသွားရတယ်။ ပီကင်းကို ညသန်းခေါင်ကျော်မှရောက်မှာဆိုတော့ တရုတ်ငွေ (၂၀၀) ယွမ် လောက်ရအောင် ကြိုလဲထားတယ်။ ဒါမှ Taxi c ပေးရတာ အဆင်ပြေမယ်လေ။

မလေးရှားသံယောဇဉ် တရုတ်နိုင်ငံအထိ ပါလာပုံက မလေးရှားဖုန်းကဒ်ဟာ တရုတ်နိုင်ငံမှာ႔သဘောညေါ Service ရနေပြီး ကိုယ်က တယ်လီဖုန်းမသုံးတော့ ကျန်နေတဲ့ပိုက်ဆံက အင်တာနက်ဆက်သုံးလို့ရနေပြီး တရုတ်နိုင်ငံမှာ ပိတ်ပင်ထားတဲ့ facebook ကို တောက်လျှောက်သုံးနေလို့ရလို့ အံ့သြဝမ်းသာစရာတွေ ဖြစ်ခဲ့ရတာပါ။ ။





## ဝန်ထမ်းအလိုရှိသည်

CRYSTAL DIAMOND LIVESTOCK CO.,LTD.

(Diamond Quality Chick & Feed)

CRYSTAL DIAMOND LIVESTOCK CO.,LTD. (Diamond Quality Chick & Feed)သည် မြန်မာနိုင်ငံ၏ မွေးမြူရေးရှေ့ဆောင်ကုမ္ပဏီတစ်ခုဖြစ်ပြီး အရည်အသွေးမြင့် မွေးမြူရေး အစားအစာများ၊ မွေးမြူရေး အသားစား ကြက်မျိုးရင်းများ၊ ကြက်သားပေါက်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် သွက်လက်၊ နိုးကြားတက်ကြွသော အောက်ပါဝန်ထမ်းများအလိုရှိသည်။

| | | |
|---|---|---|
| 1.Supervisor (မွေးမြူရေးဆရာဝန်)B.V.Sc | | Male (3)Posts |
| 2.Engineer | B.E,B.Tech,AGTI | Male (3)Posts |
| 3.Accountant | ACCA,CPA,B.Com,D.A,L.C.C.I(Level-III) | Female(2)Posts |

လုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ဓာတ်ပုံ(၁)ပုံတို့နှင့်အတူ အောက်ပါလိပ်စာများအတိုင်း ရုံးချိန်အတွင်းလာရောက် လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာလက်ခံမည့်နေရာများ

ရန်ကုန်-စ(၄၁)စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်။

ဖုန်း-၀၁-၆၈၂၉၈၅၊ ၀၉-၇၃၀၄၉၃၇၉၊ ၀၉-၃၁၀၆၂၅၂၉

မန္တလေး-၃၅လမ်း၊ ၇၄×၇၅ကြား၊ ချမ်းအေးသာစံမြို့နယ်။

ဖုန်း-၀၂-၆၁၅၀၉၊ ၀၂-၃၆၃၀၉

နေပြည်တော်-ပ(၁၅၇)၊ ပွဲရုံတန်း၊ ဘောဂသီရိကားဝင်း။

ဖုန်း-၀၆၇-၂၇၀၀၈၊ ၀၉-၃၁၀၀၅၉၄၅

# သဘာဝစိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

**အင်းတော်၊ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နားရခေါင်ကျေးရွာတွင် သဘာဝစိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

နားရခေါင်ကျေးရွာအတွက် သဘာဝစိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀၀ ချမှတ်ပေးပြီး ရွေးကြယ်ငွေကြယ်ကုမ္ပဏီမှ ၁၉၈ သိန်းဖြင့် တင်ဒါအောင်မြင်ခဲ့ခြင်း ဖြစ်သည်။

ယင်းကုမ္ပဏီမှ သဘာဝစိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက်က အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာမှူး ဦးမျိုးမင်းစိုးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်းတို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



နားရခေါင်ကျေးရွာသည် အိမ်ထောင်စု ၁၂၀ ခန့်နှင့် လူဦးရေ ၅၅၀ ခန့်ရှိသော ကျေးရွာတစ်ရွာဖြစ်ပြီး သဘာဝစိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းပြီးစီးသွားပါက ကျေးရွာနေပြည်သူများ ကြည်လင်အေးမြသန့်ရှင်းသည့် သောက်သုံးရေကို လွယ်ကူအဆင်ပြေစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **၆၈၅**

# မြန်မာအမျိုးသမီးများနေ့ အကြိုလုပ်ရှားမှု အခမ်းအနားဖရူဆိုအ-ထ-က၅ကျင်းပ

**ဖရူဆို ဇွန် ၂၈**

'အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့' ဆိုသည့်အတိုင်း ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ ၂၀၁၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှု အခမ်းအနားကို ဖရူဆိုမြို့ အခြေခံပညာအထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမ၌ ဇွန် ၂၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို အပိုင်း(၂)ပိုင်းခွဲ၍ ကျင်းပသွားပြီး ပထမပိုင်းတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ဘော်မြာက ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အကြိုလုပ်ရှားမှုများကိုရှင်းလင်းပြောကြားသွားပြီး အတွင်းရေးမှူး ဒေါ်အေးအေးနိုင်က အမျိုးသမီးရေးရာအဖွဲ့ပေါ်ပေါက် လာပုံနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ခရိုင်ဥပဒေအရာရှိဒေါ်လွင်လွင်သန်းက လူကုန်ကူးမှုနှင့် အကြမ်းဖက်ခံရသော အမျိုးသမီးများအား အကာအကွယ်ပေးသည့် ဥပဒေဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌတို့က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၀၊ ခဲတံ ၁၅ ဒါဇင်၊ အမျိုးသမီးရေးရာဝတ်စုံ ၁၀ စုံနှင့် ကျောင်းစာကြည့်တိုက်အတွက် မဂ္ဂဇင်းအချို့တို့အား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံရယူခဲ့သည်။

ဒုတိယပိုင်းတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန့်စင်ထွန်းက ပျိုရွယ်သူကျန်းမာရေး အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ပြည်နယ်လူကုန်ကူးမှု ကာကွယ်နှိမ်နင်းရေးအဖွဲ့တာဝန်ခံ ရဲအုပ်အေးမင်းလတ်က လူကုန်ကူးမှုကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်၍လည်းကောင်း၊ ဖရူဆိုမြို့နယ်ခေတ္တမြို့နယ်မှူး ဒုရဲမှူးလှသိန်းက မူယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍လည်းကောင်း၊ ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးမှူးဒေါက်တာဝင်းစိုးက ဆယ်ကျော်သက်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ လွိုင်ကော်မြို့ အမှတ် (၂) ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးလှဌေးဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။

ယင်းအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်မှုအဖွဲ့သည် ဖရူဆိုမြို့နယ်ပြည်သူဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက် ဆေးကုသခံယူနေသော လူနာခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ကြက်ဥ ၁၀ လုံးတို့အား ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**

# တောင်သူများအဆင်ပြေစေရန် ရည်ရွယ်၍ ရေ့တန်းထွန်စက်စခန်း ဖွင့်လှစ်

**မြောင် ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်း ဒေသခံတောင်သူလယ်သမားများ၏ လုပ်ငန်းခွင် အဆင်ပြေလွယ်ကူစေရေး၊ ဈေးနှုန်းချိုသာစွာဖြင့် ကုန်ကျစရိတ်သက်သာရေး၊ စက်ယန္တရားများဖြင့် အသုံးပြုမှု တွင်ကျယ်လာစေရေး စသည်တို့ကိုရည်ရွယ်၍ မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ရှေ့တန်းထွန်စက်စခန်းတစ်ခုကို နဘက်စံပြကျေးရွာ၌ ဇွန် ၂၆ ရက်မှ စတင်၍ ဖွင့်လှစ်ထားရှိကြောင်း အမှတ် (၅၉) မြောင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ မြို့နယ်အတွင်း တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးချိန်မှာ မြို့နယ်ရုံးထိလာပြီး ငှားရမ်းစရာမလိုဘဲ ရှေ့တန်း ထွန်စက်စခန်းမှာပဲ အလွယ်တကူ ငှားရမ်းလို့ရအောင် ဝန်ထမ်းရော၊ စက်ယန္တရားများပါ ထားရှိပေးထားပါတယ်။ မြေတစ်ဧက၊ ထယ်တစ်လှည့်ကို ငွေကျပ်တစ်သောင်းငါးထောင်နှုန်းနဲ့ တောင်သူများ ဈေးနှုန်းချိုသာစွာ ငှားရမ်းထွန်ယက်နိုင်မှာဖြစ်ပြီး လယ်ယာကဏ္ဍမှာ စက်ယန္တရားများကို အသုံးပြုခြင်းဖြင့် လုပ်ငန်းခွင် ပိုမိုမြန်ဆန်အောင်၊ စက်အားကို အသုံးပြုတတ်သည့် အလေ့အထများကို ရရှိစေပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်" ဟု ဇွန် ၂၆ ရက်က နဘက်စံပြကျေးရွာတွင်ကျင်းပသည့် စက်မှုလယ်ယာ ရှေ့တန်းထွန်စက်စခန်း ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဇော်မြင့်က ပြောသည်။

"ကျွန်တော်တို့နယ်မှာ ဒီအချိန်ဆိုကျွန်းထဲမြေတွေ ရေမဝင်ခင် နွေထယ်ရေး ထိုးကြရသလို ကျီးတောယာမြေတွေမှာလည်း စိုက်ချိန်ပျိုးချိန်တွေမို့ နွားရှဉ်းတွေ မအားကြပါဘူး။ အခုလို ထွန်စက်စခန်းဖွင့်လှစ်ထားရှိတော့ အလွယ်တကူထွန်ယက်နိုင်တာပေါ့။ အချိန်ကုန်သက်သာသလို စရိတ်လည်း သက်သာတာဆိုတော့ ဝမ်းသာစရာပေါ့ဗျာ"ဟု နဘက်ကျေးရွာအုပ်စုမှ တောင်သူကြီးတစ်ဦးက ပြောသည်။

**မြင့်နိုင်စိုး (ထီးလှိုင်မြေ)**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးအောင်ကျော်မိုး-ဒေါ်လင်းလင်းရှိန် (အမှတ်တရစားသောက်ကုန်လုပ်ငန်း)၏ သမီး မမြတ်သန္တာအောင် (ဆဒဂ-၄၈၅)သည် ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သည်ကို အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ဦးဝင်းမောင်-ဒေါ်သီတာမော်
ပင်လယ်ပြာမိသားစု
(မြဝတီ)

## မြေရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့မြေ ပေ(၄၀× ၆၀) (၃)ကွက်တွဲ၊ မျက်နှာစာ ပေ(၆၀)× နောက် ပေ(၁၂၀) ကျော်ကျော်(၁၀၅)ပုံစံရှိပြီး၊ ခြံစည်းရိုးသံဇကာခတ်ပြီး အေးချမ်းဆိတ်ငြိမ်ရပ်ကွက်။
ရောင်းဈေး သိန်း(၁၁၀၀/-) (သိန်းတစ်ထောင့်တစ်ရာကျပ်)
**ဆက်သွယ်ရန်။ ဖုန်း-၀၉-၇၉၇၈၉၅၂၀၄**
**(နံနက် ၁၀နာရီမှ ညနေ ၄ နာရီ ရုံးချိန်အတွင်း)**

SEVEN ဝံ ဖော်
မြေကွက်ရောင်းဝယ်ရေး
ဒုံ့ဆိုင်တမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
SEVEN ဝံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511,
09-33 333 514, 09-33 333 644




## ဝက်ခြံနဲ့ အမာရွတ်တွေအတွက် စိတ်ညစ်မနေပါနဲ့

- ဝက်ခြံကုသမှု အစီအစဉ်များ...
- ဝက်ခြံအမာရွတ် ကုသမှု...
- တင်းတိပ်၊ မှဲ့ခြောက် ကုသမှု...
- မျက်နှာအရေးအကြောင်း ကုသမှု...
- အသားဖြူဝင်းခြင်းအတွက် ကုသမှု...

**မြင့် အင် ဆန်း**
**အရေပြားနှင့် အလှအပဆေးခန်း**

အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ဒွီဂျင်းမျက်မှန်ဆိုင်နှင့်မျက်နှာချင်းဆိုင်)၊ ရန်ကုန်။
ဖုန်း-၃၈၂၂၄၇၊ ၂၅၆၀၄၅

နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

**အရေပြားအထူးကုဆရာဝန်ကြီးများ ကိုယ်တိုင် ကုသပေးပါသည်။**

## ကလေးဝ–ကျီကုန်းကားလမ်းပေါ်ရှိတံတားတစ်စင်းပြုပြင်



**ကလေးဝ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ဇွန်လ ၂၅ ရက်က ကလေးဝ-ကျီကုန်းကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၃ မိုင် ၄ ဖာလုံ၊ တံတားအမှတ် (၂/၄) ၏ တံတားအောက်ခံရက်မတစ်ချောင်း ကျိုးနေသဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ညနေ ၄ နာရီ ခန့်က စတင်ပြုလုပ်ခဲ့ရာ ၁ နာရီကျော် အချိန်ကြာမြင့်ခဲ့ပြီး ကလေးဝ-ကလေး-တမူးသို့ ပြေးဆွဲလျက်ရှိသော လိုင်းကား၊ အိမ်စီးကား၊ ကုန်တင်ကားများ ခေတ္တပိတ်ဆို့ခဲ့ကြောင်း သိရသည်။

အဆိုပါ ကားလမ်းသည် မုံရွာ-ယာကြီးလမ်းမှ တစ်ဆင့် ကလေးဝ-ကလေး-တမူးမြို့များသို့ အဓိကဆက်သွယ်သွားလာရာ လမ်းမကြီးဖြစ်ကြောင်း သိရသည်။ **သီဟ**(Iprd)

## သာစည်တွင် မိုးဦးနှမ်းများ အောင်မြင်ဖြစ်ထွန်းနေ

**သာစည် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သာဂရကျေးရွာနှင့် သဲကုန်းကျေးရွာတို့တွင် ဧပြီလကုန် သင်္ကြန်အပြီး ရွာသွန်းသောမိုးဖြင့် စိုက်ပျိုးထားသော မိုးဦးနှမ်းခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ဒီဘက်ဒေသက မိုးဦးမှာ နှမ်းကို အဓိကထားပြီးစိုက်ပျိုးကြပါတယ်။ မိုးဦးနှမ်းက ဧပြီလကုန် မေလဆန်းမှာ စိုက်ပျိုးနိုင်ရင် ပိုကောင်းပါတယ်။ မိုးဦးမှာ မိုးကျတာနဲ့ စိုက်ပျိုးနိုင်အောင် နွေကာလကတည်းက ထွန်ရေးပြင်ကြရတယ်။ ယခင်နှစ်ကလည်း ဒီဘက်က မိုးသာတော့ နှမ်းရကြပါတယ်။ ဒီနှစ်လည်း နှမ်းစိုက်ပျိုးပြီးကတည်းက မိုးက မပြတ်ရွာပေးတော့ နှမ်းခင်းတွေ ကောင်းကြပါတယ်။ စိုက်ပျိုးချိန် နှစ်လဆိုတော့ နှမ်းခင်းတွေ အပွင့်တုံးတော့မှာပါ။ အခုချိန် တစ်မိုးလောက်ရွာပေးရင်တော့ ဒီနှစ် လူတိုင်းနှမ်း ရကြမှာပါ။

'တချို့လည်း နှမ်းစိုက်ပျိုးတာနောက်ကျပေမယ့် အပင်ပေါက်ကောင်းကြပါတယ်။ နှမ်းက မိုးမပြတ်ရွာပေးရင် ပိုကောင်းပါတယ်။ တောင်သူတွေက မိုးဦးမှာနှမ်းရရင် စားသုံးဆီအတွက်ပူစရာ မလိုသလို နောက်ပိုင်းမှာ စပါးရရင် ဝမ်းရေးအတွက်အဆင်ပြေတော့ စီးပွားရေးလည်း အဆင်ပြေကြပါတယ်။ ဒါကြောင့်မို့ တောင်သူများအနေနဲ့ နှမ်းနှင့်စပါးကို အဓိကထား စိုက်ပျိုးကြတယ်" ဟု သာစည်မြို့နယ် သာဂရကျေးရွာ ဒေသခံတစ်ဦးကပြောသည်။

နှမ်းကိုဆီကြိတ်ရာတွင် နှမ်းတစ်တင်း ဆီကြိတ်ခ ၁၅၀၀ ပေးရပြီး နှမ်းဆီ ရှစ်ပိဿာခန့်နှင့် နှမ်းဖတ် ရှစ်ပိဿာရရှိကြောင်း၊ နှမ်းဆီအပူရည် တစ်ပိဿာလျှင် ကျပ် ၃၈၀၀ နှုန်း၊ နှမ်းဖတ်တစ်ပိဿာ ကျပ် ၃၅၀ နှုန်းဖြင့် ရောင်းချရ၍ နှမ်းတစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀ နှုန်းရရှိနေကြသည့်အတွက် တွက်ခြေကိုက်ကြောင်း ဒေသခံများကပြောသည်။ **မျိုးမင်း(သာစည်)**

## နွားထိုးကြီးမြို့ ပြည်သူ့ဆေးရုံတွင် Public Digital Library Service စက်လွှဲပြောင်းပေးအပ်

**နွားထိုးကြီး ဇွန် ၂၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ လှူဒါန်းသော Public Digital Library Service စက် ပေးအပ်ခြင်းကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင်ကျင်းပရာ မြို့နယ်ဆရာဝန် ဒေါ်အေးအေးသန်းနှင့် ဆေးရုံဝန်ထမ်းများ တက်ရောက်ပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးတင့်လွင်ဦးက လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အဆိုပါစက်ကို မြို့နယ်ဆရာဝန်ထံသို့ ပေးအပ်ခဲ့သည်။

ယင်းနောက် အဆိုပါစက်ကိုတပ်ဆင်ပြီး တက်ရောက်လာသူများမှ ဖုန်းများဖြင့် စာအုပ်များ လေ့လာဖက်ရှုကြကာ မြို့နယ်ဆရာဝန်ကြီးက ယခုကဲ့သို့ စက်လှူဒါန်းတပ်ဆင်ပေးပါသဖြင့် ဆေးရုံဝန်ထမ်းများနှင့် လူနာစောင့်များ စာအုပ်စာပေများ အလွယ်တကူလေ့လာဖက်ရှုနိုင်မည်ဖြစ်ပြီး ပြည်သူများ အကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **သန်းအောင်ဇော်**

## ပုလဲသွယ်စပ်မျိုးစပါး တိုးမြှင့်စိုက်ပျိုးရေးဟောပြော

**မင်းကင်း ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်ဝင်း၊ ခရိုင်အဆင့် မြေ၊ မျိုး၊ ပိုးတာဝန်ခံများ၊ မင်းကင်းမြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းနှင့် ဝန်ထမ်းများ လိုက်ပါလျက် ဇွန် ၂၄ ရက်က မင်းကင်းမြို့နယ် တောင်လက်ဒေသ တောင်အောက်ကျေးရွာနှင့် ပွင့်လျက်ကျေးရွာတို့၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထူးအထွက်တိုး ပုလဲသွယ် (GW1) စပ်မျိုးစပါး အရှိန်အဟုန်တိုးမြှင့်စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ဘာသာရပ်အလိုက် ကွင်းဆင်းပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်အတွင်း လူဦးရေများ၍ စိုက်ဧကနည်းပါးသောဒေသများ၌ ဝမ်းစာဖူလုံပိုလျှံပြီး ဝင်ငွေတိုးတက်လာစေရန် အထူးအထွက်တိုး(GW1)ပုလဲသွယ်မျိုးများ တိုးတက် စိုက်ပျိုးလျက်ရှိခဲ့ရာ ၂၀၁၄ခု နှစ်က ကျောက်ကိုးကျေးရွာမှ တောင်သူဦးဉာဏ်ထွန်းသည် တစ်ဧက ၂၂၁ တင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးတောင်သူဆုရရှိခဲ့သည်။ **ချင်းတွင်းသား**(Iprd)

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇွန် ၂၈**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းအသိပညာပေးဆွေးနွေးပွဲတွင် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထက်ကျော်က မိတ်ဆက်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ နေပြည်တော်/ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **ခရိုင်ပြန်/ဆက်**

**ဝန်ထမ်းအလိုရှိသည်**
Marketing မ (၅)ဦး
အသက်(၃၀)နှစ်အောက်၊ရုပ်ရည်အသင့်အတင့်၊ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာသွားလာနိုင်ရမည်။CV၊လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားရပါမည်။
Hot Line;-01-249090,249797,09421030001

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)**
**သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်း**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းအတွက် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ စက်ယာဉ် ယန္တရားများအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူ၊ငှားရမ်းလိုပါသည်-
၁။ 9m³ Agitator (၄)စီးငှားရမ်းခြင်း
၂။ Station Pump (Concrete) (၂)စီးငှားရမ်းခြင်း
၃။ Bored Pile တွင်းတူးစက် (BM 500 Kobleco Craneဖြင့်တွဲသုံးရန်)ငှားရမ်းခြင်း
၄။ Vibrohammer (၃)စုံငှားရမ်းခြင်း
၅။ Kelley Bar 17m (RM 21Casagrande Crane) ဖြင့်တွဲသုံးရန်) (၂)စုံဝယ်ယူခြင်း
၆။ Z ရေယာဉ်(၂)စီးငှားရမ်းခြင်း
၇။ Barge (400)Ton (၂)စီးငှားရမ်းခြင်း

တင်ဒါပိတ်မည့်ရက်၊ အချိန်-၁၃-၇-၂၀၁၅ရက် ညနေ(၄း၀၀)နာရီ
တင်ဒါဖွင့်မည့်ရက်၊ အချိန်-၁၄-၇-၂၀၁၅ရက် မွန်းလွဲ (၂)နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ-သံလွင်တံတား (ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရုံး ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့

တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအရေအတွက်နှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၇-၆-၂၀၁၅ရက်မှ ၁၂-၇-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်၊ (၂၄)လမ်းနေ
ဦးကျော်ဇောဝင်း-ဒေါ်အုံးမေတို့၏ တစ်ဦးတည်းသောသား
မောင်ကျော်ဆန်းဦး
နှင့်
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်၊ ကုန်းပေါ်တန်းလမ်းနေ
ဦးမျိုးမြင့်-ဒေါ်လှကြည်တို့၏သမီးကြီး
မဇာကြည်မျိုး
တို့သည် ၂၇-၆-၂၀၁၅ရက်(စနေနေ့)တွင် ဂုဏ်သရေရှိလူကြီးများနှင့် နှစ်ဖက်သောမိဘများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါ ကြောင်း။
**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်ဆန်းဦး-မဇာကြည်မျိုး**

**ပညာရေးဝန်ကြီးဌာန**
**ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**နည်းပြ(စာပေ)လူတွေ့ဖြေဆိုရမည့်ရက်ကြေညာခြင်း**
ပညာရေးကောလိပ်များတွင် လစ်လပ်လျက်ရှိသည့် နည်းပြ(စာပေ)ရာထူးနေရာများသို့ ခန့်ထားရန်လျှောက်လွှာခေါ်ယူခဲ့ပြီး ရန်ကင်းပညာရေးကောလိပ်နှင့် မန္တလေးပညာရေးကောလိပ်တို့တွင် ၆-၆-၂၀၁၅ရက်က ရေးဖြေဖြေဆိုခဲ့ရာ အောင်မြင်ပြီး လူတွေ့ဖြေဆိုရမည့်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့်ရက်ကို နေပြည်တော်(ရုံးချုပ်) ရန်ကင်းပညာရေးကောလိပ်၊ မန္တလေးပညာရေးကောလိပ်တို့တွင် ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၄ရက်၌ ကြော်ငြာသင်ပုန်းတွင် ကပ်ထားမည်ဖြစ်ကြောင်းအသိပေးပါသည်။
**ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

**အာရှနဂါး**
**Asia Dragon ကျိုက်ထီးရိုး**
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

TAXI နေ့မောင်းအလိုရှိသည်
CNG 70 အိုး၊ စပေါ် ၂သိန်း
FIELDER FF-2005
ပဲခြမ်း-CALDINA
လမ်းမတော်မြို့နယ်၊
ဖုန်း-၀၉-၄၃၁၈၄၈၉၄

**အသိပေးအကြောင်းကြားခြင်း**
Polaris Partners Co.ltd ၏ ကုမ္ပဏီတံဆိပ်တုံးနှင့် မန်နေဂျင်း ဒါရိုက်တာ၏ တံဆိပ်တုံးများ ၂၅-၆-၂၀၁၅ရက်တွင် Taxi ပေါ်၌ မေ့ကျန်ပျောက်ဆုံးသွားခဲ့ကြောင်းကို သက်ဆိုင်ရာကျောက်တံတားနှင့် ပန်းဘဲတန်းရဲစခန်းတို့တွင် အကြောင်းကြားထားပြီးဖြစ်ပါသည်။ သို့ပါ၍ လက်ဝယ်ရရှိထားသူမှ အဆိုပါ ဖုန်းနံပါတ် ၀၉-၅၁၉၁၆၈၇သို့ ဆက်သွယ်ပေးပါရန် အသိပေးအပ်ပါသည်။ တစ်ဦးတစ်ယောက်သောသူမှ မရိုးဖြောင့်သောသဘောဖြင့် ကုမ္ပဏီနှင့် မန်နေဂျင်း ဒါရိုက်တာ၏ တံဆိပ်တုံးများအား အလွဲသုံးစားပြုလုပ်မည်ဆိုပါက တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်းကို အသိပေးကြေညာအပ်ပါသည်။
**Polaris Partners Co.,ltd**

**JES Driver Agency အတွက်**
(ခ)လိုင်စင်ရှိပြီးယာဉ်မောင်းလုပ်ငန်းဖြင့်ဘဝကိုရပ်တည်လိုသူများ JES Driver Agency သို့ အမြန်ဆုံးဆက်သွယ်လိုက်ပါ။ လစာကောင်းမွန်သောလုပ်ငန်းများဖြင့် စောင့်ကြိုနေပါမည်။ အသေးစိတ်သိလိုပါကအောက်ပါဖုန်းနံပါတ်များနှင့်လိပ်စာသို့ဆက်သွယ်ပါ။ အမှတ်(၆)၊ ပထမထပ်၊(၁၂)လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
098581144, 0932173735, 09420165439, 09421033567, 09421037413, 09263145979

**MBA | PhD**
MYANMAR INSTITUTE OF EDUCATION
GATEWAY TO SUCCESS
ENROL NOW! CALL US!
09254045682
01667009
09972656540
(သမိုင်းလမ်းဆုံ)
- Master of Business Administration
- (၁၈) လ သင်တန်း
- ဘွဲ့တစ်ခုခုရရှိထားသူ (သို့) အသက်(၃၅)နှစ်ပြည့်ပြီးအလုပ်အကိုင်အတွေ့အကြုံရှိသူ
- သင်တန်းပြီးဆုံးပါက AeU Malaysia မှပေးအပ်သော ဘွဲ့လက်မှတ်ကို ရရှိပါမည်
- Doctor of Philosophy in All Fields
- ၃နှစ် (Research Base)
- Online Distance Learning
- MA/MBA ဘွဲ့တစ်ခုခုရရှိထားသူ လုပ်ငန်းအတွေ့အကြုံရှိသူ
- သင်တန်းပြီးဆုံးပါက AeU Malaysia မှ ပေးအပ်သော ဘွဲ့လက်မှတ်ကို ရရှိပါမည်။
In collaboration with Asia E University
You can email us at info@myanmarinstituteofeducation.com

မူးယစ် ကင်းစင် အလှဆင်

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ရင်၌ ခံစားမှုရှိနေသော်လည်း ကျွန်တော်သည် ပြုံး၍ အမှတ်မထင်ဟန်နှင့် ထုံးထမ်းစဉ်လာ မေးရိုးမေးစဉ်မျိုးကို မေးရ၏။

" ခိုင်ရော . . . လှိုင့်ဆီ ဘာမှာဦးမလဲ "

ခိုင်သည် ငွေ့ငွေ့ပြုံးလျက် " အထူးမှာစရာ မရှိပါဘူး " ဟု တိုးတိုးနှင့်လေးဖြေသည်။

" ဒါဖြင့် မောင်က ကတိတစ်ခုပေးမယ်။ ချယ်ရီပန်းတွေ ပွင့်ရင် ခိုင့်ဆီ စာအိတ်ထဲထည့်ပြီးပို့ပေးမယ် . . . ဟုတ်လား "

ကျွန်တော်က ရယ်ရွှင်ဖွယ် နောက်ပြောင်သော်လည်း ခိုင်က တည်တည်လေး စကားပြန်၏။

" ခိုင့်ဆီရောက်တော့ မောင့်ချယ်ရီက နွမ်းရောပေါ့ "

ကျွန်တော်၏ ရယ်နေသောပါးစပ်မှာ ပိတ်သွားမိ၏။ ဘာစကားဆက်ဆိုရမှန်း မသိတော့။

ငြိမ်းမောင်ကသာ သူ့အယူအဆနှင့်သူ ဝင်ပြောသည်။

" ခိုင်ကလည်း. . . သစ်ရွက်ဝါလေးတွေကိုတောင် ချစ်သေးတာပဲ။ ပန်းအနွမ်းက ဝါပေမယ့် အနံ့ကျန်သေးတော့ ပိုသာတာပေါ့ . . .။ မဟုတ်လား မောင် "

ငြိမ်းမောင်က သူ့စကားသူ ပြန်သဘောကျ၍ ရယ်နေသောကြောင့် ကျွန်တော်ကပါ လိုက်ရယ်သည်။ ခိုင်ကမူ လိုက်မရယ်။

ကြိုင်နှင့် ဒေါ်လှယဉ်က တောင်ကြီးမြို့သို့ မရောက်ဖူးကြသေးကြောင်း၊ အင်းလေးဆုတောင်းပြည့်ဘုရားကို ဖူးမြော်လိုကြကြောင်း၊ လာမည့်နွေ၌ တက်လာခဲ့ကြမည့်အကြောင်း စသည်တို့ကို လူကြီးများပီပီပြောကြ၏။

ညနေသုံးနာရီ၌ ကွမ်းခြံဘူတာကြီးမှ ရထားထွက်လာသောအခါ မိုးတို့ မည်းမှောင်နေ၏။ ပဲခူးကွင်းသို့ရောက်ချိန်တွင်မူ မိုးသည် သည်းသည်းမည်းမည်း ရွာချနေလေပြီတကား . . .။

ကျွန်တော့်အာရုံတို့မှာ ထွေပြားနေ၍ စိတ်တို့က လှုပ်ရှားနေသည်။ လှုပ်ရှားသောစိတ်ကို အလိုလိုက် လေလွင့်စေလျက် ပြတင်းမှ ငေးရင်း လိုက်ပါလာခဲ့၏။

ကျွန်တော်သည် နှစ်ယောက်အိပ်ခန်း၌ လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။ ပဲနွယ်ကုန်း၌ သူပုန်ဗုံးကြောင့် ရထားကြီးတိမ်းမှောက်ရသည့်အရှိန် မပြေတတ်သေးသဖြင့် ညရထားစီးသူနည်းရကား ကျွန်တော့်အခန်းတွင် ကျွန်တော်တစ်ယောက်တည်း ရှိသည်။

ကိုယ်ရေးကိုယ်တာဆီမှ အတွေးတို့သည် တိုင်းရေးပြည်ရာသို့ ရောက်လာခဲ့၏။

လွတ်လပ်ပြီး လသားရရုံအချိန်က စ,ထခဲ့သော သူပုန်သူကန် ရန်ကမအေးသေး။ မြို့ပေါ်ရှိ နိုင်ငံရေးပါတီတို့ ကွဲပြဲနေကြရုံသာမက အာဏာရပါတီထဲတွင်ပင် ဦးဗိုလ်သခင်ဟူ၍ အချင်းချင်း ထပ်ဆင့်ကွဲနေကြသေးသည်။

ရှေးစဉ်က ဤပဲခူးကွင်း၌လည်းကောင်း၊ ဆက်လျက်ရှိသော တောင်ငူနယ်ရှိ တောတောင်များ၌ လည်းကောင်း၊ ကွဲပြဲမှု၏ အကျိုးကြောင့် တိုင်းရင်းသားအပေါင်းတို့၏ သွေးတို့ မြေဝယ် အကြိမ်ကြိမ်ကျပြီးလေပြီ။ ပဒေသရာဇ် . . . ဧကရာဇ် လူ့ဘောင်ဆိုသည်မှာ ရာဇပလ္လင်ကို သွေးနှင့်ဆေး၍ မြို့နန်းကို အသက်နှင့် တည်ဆောက်ရရိုးဓမ္မတာမို့ အဆန်း ဟူ၍ မဆိုသာ။ သို့ရာတွင် သမိုင်းအရ မဝေးလှသေးသော တစ်ချိန်ကလူ့ဘောင်သစ်ကို ရည်မျှော်သော တိုင်းရင်းသား ရဲဘော်များ၏ အသက်သွေးတို့သည် ဖက်ဆစ်စနစ်ကို တော်လှန်ရင်း ဤမြေကို ကြည့်နိုင်၍ စကားဆိုနိုင်ပါလျှင် တမလွန်ဘဝမှ ကျွန်တော့်ရဲဘော်များသည် ဘာပြောကြမည်နည်း . . .။ မတိတ်တမ်း နှစ်ကိုယ်ယှဉ်ပြိုင် ငိုချင်စမ်းပါဘိလေးဟု ဆိုကြလေမည်လောမပြောတတ်။

ကျွန်တော် ယခု ရှေ့ရှုသွားနေသော ရှမ်းတို့ဌာနေဆီ၌လည်း ပဒေသရာဇ်တို့၏ နောက်ဆုံးမီးတောက်သည် ဖက်ဒရယ်မူ ပုံစံနှင့် အလျှံကုန်ထနေလေ၏။

ကျွန်တော့်အတွေးတို့က မဆုံး။ အတွေးမဆုံးမီ ပဲခူးဘူတာသို့ ရောက်လာခဲ့သည်။

အစားကို အချိန်မှန်စားသူ ဖြစ်သောကြောင့် ကျွန်တော်သည် ပဲခူးမှအထွက်၌ စားသောက်ခန်းထဲတွင် ညစာသွားစားသောက်သည်။

အခန်းသို့ ပြန်ရောက်သောအခါ ကျွန်တော်သည် လန်ဒန်၌ရှိစဉ်က စုဆောင်းရရှိထားခဲ့သော ဆိုဗီယက်ဆေးပညာဂျာနယ်များကို ထပ်မံဖတ်ရှုသည်။

စဝ်စံထွန်းဆေးရုံကို အများပြည်သူများက ရှရှားဆေးရုံကြီးဟု ခေါ်နေကြသည်။ နာမည်အမှန်မှာ ပြည်ထောင်စု၏ အာဇာနည်ကြီးတစ်ဦးဖြစ်သည့် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းကို ဂုဏ်ပြုထားသော စဝ်စံထွန်းဆေးရုံကြီး ဟူ၍သာဖြစ်သတည်း။

စဝ်စံထွန်းဆေးရုံကြီး၌ ဆိုဗီယက်ဆရာဝန်ကြီးများနှင့် တွဲဖက်လုပ်ကိုင်ရမည် ဖြစ်သောကြောင့် ဆိုဗီယက် ဆေးပညာဂျာနယ်များကို ကျွန်တော်ပြန်လည်ဖတ်ရှုခြင်း ဖြစ်လေသည်။

ဂျာနယ်တို့၌ စိတ်ဝင်စားသွားသဖြင့် ညဉ့်ဆယ့်တစ်နာရီထိုးမှ မျက်လုံးများက စင်းကျလာသည်။

အမှန်မှာ မနေ့ညက စောစော အိပ်ရာဝင်ခဲ့သော်လည်း မိုးလင်းခါနီးမှ အိပ်ပျော်ခဲ့သည်။ ယခုမူ အိပ်ချင်ခြင်းကို တားမရ။

ကျွန်တော် စီးလာသောတွဲမှာ ရွှေညောင်အထိ တိုက်ရိုက်တက်လိုသူများအတွက် သတ်မှတ်ပေးထားသောတွဲ ဖြစ်လေရကား သာစည်တွင် ရထားကူးပြောင်းရန် မလို။ ထို့ကြောင့် ကျွန်တော်သည် မီးများကို ပိတ်ပြီး စိတ်ချလက်ချ အိပ်ပစ်လိုက်သည်။

ကျွန်တော် နိုးသောအချိန်၌ အရှေ့ဘက်တွင် ရောင်နီဦးတို့ ပျို့လာလေပြီ။ တွဲကို ရွှေညောင်တက်မည့် ရထားနှင့် ဆက်ပြီးကြောင်း တွေ့ရသဖြင့် မိမိကိုယ်မိမိ မည်မျှအိပ်မောကျသွားကြောင်း သိရ၏။

မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး နံနက်စာကို တစ်ဝစားသည်။ ကျွန်တော့်အခန်းသို့ ပြန်ရောက်ပြီး မကြာမီ ရထား စ,ထွက်တော့၏။

မိုးစင်စင်လင်းချိန်၌ ရထားသည် စိမ်းလန်းစိုပြည်သော ကမ္ဘောဇ၏ တောင်တန်းများကို စတင်တက်စပြုလေပြီ။

နံနက်ခင်း၏ ရောင်ခြည်တို့က ကျွန်တော့်စိတ်ကို ကြည်လင်စေသည်။ သစ်နံ့၊ တောနံ့၊ တောင်နံ့၊ မွှေးပျံ့သောလေချိုက ကျွန်တော့်ရင်ကို အေးမြစေသည်။

ဥရောပတစ်ခွင်ကို အတော်ပင် နှံ့စပ်အောင် ရောက်ဖူးခဲ့သော ကျွန်တော်သည် မြန်မာပြည် ဒေသတိုင်းဆီ မရောက်ဖူးခဲ့သေး . . .။ ရှေးကစာ၌ဖတ်၍ လွမ်းခဲ့ရသော ရှမ်းတောင်မြင့်ဆီ ယခု ကျွန်တော်ရောက်ခဲ့ပြီ။

ဆန်းသစ်သမျှ သာယာသော ရှုခင်းအထွေထွေကြောင့် ကျွန်တော်သည် စိတ်ရောလူပါ လန်းဆန်းလာ၏။

ခရီးသွားတိုင်း လူတို့၏ ဓမ္မတာမှာ ပန်းတိုင်ဆီ အမြန်ရောက်လိုဇောရှိသည်။ ရှမ်းပြည်နယ်သို့ တက်ရသောအခါမူ ဤဓမ္မတာဇော မရှိ။ တောတိုင်းသည် တင့်ရွှန်း၍ တောင်တိုင်းသည် အံ့ဘနန်းရှိ၏။

လမ်းသည်ပင် စခန်းမည်အောင် လွမ်းချင်ဖွယ်ရှိနေ၏။

ကလောအဝင်ဝမှ စ၍ ပျံ့သင်းသောရနံ့တို့ဖြင့် ထင်းရှူးတောများက ဆီးကြိုသည်။ ဗိုလ်မှူးကြီးဗထူးခေါင်းချခဲ့ရာမြေဖြစ်သော အောင်ပန်းအထိ တောင်ကုန်းမို့မို့တို့ထက် ထင်းရှူးတောများသည် မပြတ်ဘဲပေါ်ပေါ်လာတတ်၏။

ဟဲဟိုးလွန်၍ တောင်တန်းမြင့်မှ ဆင်းလာသောအခါ စိမ်းစိုကျယ်ပြောသော ညောင်ရွှေလွင်ပြင်ကို ဘွားကနဲ တွေ့ရ၏။

နေ့လယ် တစ်ချက်တီးကျော်ကျော်၌ ရထားကြီးသည် မောဟိုက်ပင်ပန်းစွာ ရွှေညောင်ဘူတာသို့ ဝင်ခဲ့၏။

ကျွန်တော်က ပြတင်းမှ ထွက်၍ ဘူတာဆီသို့ လှမ်းမျှော်ကြည့်မိသည်။ ဘူတာ၌ သက်ဆိုင်ရာခရီးသည်တို့ကို လာရောက်ကြိုဆိုနေသူတို့ အတန်များနေ၏။ သို့ရာတွင် ပရိသတ်တို့ကြား၌ ထင်ရှားလှသော လှိုင်၏အသွင်ကို ခဏမှာပင် တန်းမြင်ရသည်။

"လှိုင်ရေ . . . အစ်ကိုမောင် ဒီမှာ . . . "

ကျွန်တော်က လက်ပြနှုတ်ဆက်ရင်း အော်ပြောသည်။

လှိုင်သည် ရုတ်တရက်သော် အံ့သြဟန် ကျွန်တော့်ကို စိုက်ကြည့်နေသေးသည်။

ခဏတွင်မူ ကလေးငယ်တစ်ဦးပမာ ပေါ့ပါးရွှင်မြူးစွာ ပြေးကပ်လာ၏။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**





WEBS
real learning for real world.
IELTS,
4 Skills,
Business English
> သင်တန်းတစ်ခုပြီးတိုင်း Cambridge တက္ကသိုလ်ကအောင်လက်မှတ် ရရှိမည်။
သင်ကြားသည့်ဆရာ-ဆရာနိုးဝင်းစိုင်သည်
> အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များဖြစ်သော The Open University, Cambridge, Business Schools များတွင် သွားရောက်၍ BA English, BSc, CAE, CPE, MBA အစရှိသည့်ဘွဲ့များကို ရယူခဲ့သည်။ အင်္ဂလန်တွင် (၁၀) နှစ်ကြာနေထိုင်ခဲ့သည့်အတွက် အင်္ဂလိပ်စာနှင့် ယဉ်ကျေးမှုကို ကိုယ်တိုင်ထိတွေ့ခွင့်ရခဲ့။
အင်္ဂလိပ်စာသင်တန်းများ
095151398 လှည်းတန်း။






# ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများတွေ့ဆုံ

**လွိုင်လင် ဇွန် ၂၈**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများ သည် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်များမှ ကော်မတီသုံးရပ်နှင့် ဒေသခံပြည်သူများအား တွေ့ဆုံပွဲကို ဇွန် ၂၆ ရက်က ကွန်ပျူတာတက္ကသိုလ် (ပင်လုံ) Presentation Hall တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ် (၇)မြို့နယ်မှ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသော မြို့နယ်အုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လွိုင်လင်ခရိုင် မြေယာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က မြေယာကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ မြို့နယ်များမှ အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆောင်ရွက်မှုနှင့် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်များမှ အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆောင်ရွက်မှုနှင့် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်လိုအပ်ချက်များကို တင်ပြချက်အပေါ် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးများက မိမိတို့တာဝန်ယူ ဆောင်ရွက်ရသည့် လုပ်ငန်းများအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လွိုင်လင်ခရိုင်အတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနေ့အခမ်းအနားတွင် လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်မြို့နယ်၊ နမ့်စန်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်၊ လဲချားမြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့ငွေ တစ်မြို့နယ်လျှင် ကျပ်သိန်း ၁၀၀ စီဖြင့် မြို့နယ် (၇) မြို့နယ် အတွက် ထောက်ပံ့ငွေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူက ပေးအပ်ရာ မြို့နယ်များမှ အထောက်အကူပြု ကော်မတီဥက္ကဋ္ဌများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်များ၏ အခြေခံပညာကျောင်းများအတွက် တစ်မြို့နယ်လျှင် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၆၀၀ စီကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပေးအပ်ရာ သက်ဆိုင်ရာမြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံရယူကြသည်။ ထိုနောက် လွိုင်လင်ခရိုင်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် အလှူငွေကျပ်သိန်း ၆၀ ကို ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက ပေးအပ်ရာခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က လက်ခံရယူခဲ့သည်။

**ဝင်းမင်းသန်း** (IPRD)

## သိပ္ပံနည်းကျအထွက်တိုးကြံစိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲ ကမ်းနီကျေးရွာတွင်ပြုလုပ်

**ကျိုက်ထို ဇွန် ၂၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျိုက်ထိုမြို့နယ်အတွင်းရှိ ကြံစိုက်ပျိုးတောင်သူများအား ကြံသီးနှံမြေဩဇာကျွေးခြင်းနှင့် ပေါင်းလုံးခြင်း ကွင်းဆင်းသရုပ်ပြပွဲကို ဇွန် ၂၅ ရက် နံနက် ၁၁ နာရီတွင် ကျိုက်ထိုမြို့နယ် ကမ်းနီကျေးရွာ ကြံတောင်သူ ဦးချမ်းအေး၏ မျိုးသန့်မျိုးပွားစံပြ ကြံစိုက်ခင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး သထုံခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝေက သိပ္ပံနည်းကျ အထွက်တိုးကြံစိုက်ပျိုးနည်းစနစ် အောင်မြင်ရန်အတွက် ကြံမျိုးရွေးချယ်ခြင်း၊ မြေပြုပြင်ခြင်း၊ ကြံမျိုးခုတ်ပိုင်းခြင်း၊ ဆေးရည်စိမ်ခြင်း၊ မျိုးပိုင်းခြင်း၊ စိုက်ပျိုးခြင်း၊ ကြံပင်ငယ်ပြုစုခြင်း၊ နုတ်သိမ်းခြင်းနှင့် တစ်ဧက တန် ၅၀ ထွက်ရန်အတွက် စိုက်ပျိုးနည်းစနစ်များအား ရှင်းလင်းပြောကြားပြီး ပေါင်းရှင်းလင်းခြင်းနှင့် မြေဩဇာ ပက်ဖျန်းခြင်းတို့ အားလက်တွေ့သရုပ်ပြသခဲ့ရာ ကြံစိုက်ပျိုးတောင်သူများမှ သိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

**သန်းသန်းမော်**

# နမ့်ယွန်းချောင်း ရေစီးရေလာကောင်းမွန်စေရန် နုန်းဆယ်ခြင်း နှင့် ကျောက်ရိုးစီခြင်း ဆောင်ရွက်

**တာချီလိတ် ဇွန် ၂၈**



ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင်း ယာဉ်အန္တရာယ်ကင်းဝေစေရေးအတွက် လမ်းများအဆင့်မြှင့်ခြင်း၊ လမ်းဘေးဝဲယာ ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ရေနုတ်မြောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နမ့်ယွန်းချောင်းအား မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်ပြီး မြို့သန့်ရှင်းသာယာရေးအတွက် နုန်းဆယ်ခြင်း၊ မြေထိန်းနံရံကျောက်ရိုးစီခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နမ့်ယွန်းချောင်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၂၂၀၀၀၀ ဖြင့် စက်ယန္တရားများအသုံးပြုကာ နုန်းဆယ်ခြင်းနှင့် မြေထိန်းနံရံကျောက်ရိုးစီခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး ငွေကျပ် ၄၆၃၀၀၀၀ ဖြင့် ပုန်းထွန်(၁)လမ်း၊ လမ်းဖြတ်ရေမြောင်း (၂၅ ပေ× ၆ပေ ထ ၄ ပေ) ရှိ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းကျော်ဇံ၊ အတွင်းရေးမှူး ဦးကျော်ဇင်၊ အင်ဂျင်နီယာမှူး ဦးလှမျိုးနှင့်အဖွဲ့ဝင်များက လုပ်ငန်းများဆောင်ရွက်နေမှုကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးကြီးကြပ်စစ်ဆေးခဲ့ပြီး လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း**(Iprd)


◆ World Class Engine Oil "HANA Plus"
◆ ကမ္ဘာ့အဆင့်မီ အင်ဂျင်ဝိုင် "ဟာနာ ပလပ်စ်"
◆ အင်ဂျင်အတွက် လိုအပ်သောစွမ်းရည် (၆)မျိုးလုံးကို တစ်မျိုးထဲမှ ပြီးပြည့်စုံနိုင်သည့် " HANA Plus "

Save Your Engine
Save Your Money

"HANA Plus"




HANA PLUS

ISO - 9001/14001
Korea patent Number - 10-1336294

Phone : 09-977998881, 09-977998882, www.hanarokmmyanmar.com



မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ချုပ်
မြန်မာ့ကြယ်ပဲစိုက်ပျိုးသူများအဖွဲ့မှ စီစဉ်ထုတ်ဝေသော



စီးပွားဖြစ်
ကြယ်ပဲ (Sacha Inchi)
စိုက်ပျိုးနည်းလမ်းညွှန်
(ပထမတွဲ)
ထွက်ပြီ

ဖြန့်ချိရေး ။ မိခင်ဇရာဝတီစာအုပ်တိုက်
တိုက် (၄)၊ အခန်း (၄၀၂)၊ ကျိုက်တော်အိမ်ရာ၊ KBZ ဘဏ်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း - 09 32340306, 09 791998901



NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
For 4-2015 Exam

LCCI (UK) Level I,II,III

နံ့နံ့ပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ။
တာမွေကျောင်းခွဲ

အမှတ် (၃၆၁)၊ (၂၀၁,၂၀၃)၊ ပထမထပ်၊ ပုလဲသီရိဆောက်လုပ်ရေးတိုက်၊ ဗညားဒလလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး။ တာမွေမြို့နယ်။ ၀၁-၅၅၆၄၂၅၊ ၀၉ ၃၀၁၆၇၂၇၂၊ ၀၉ ၃၆၁၇၃၃၈၃၀
လှည်းတန်းကျောင်း - ၀၁-၅၀၄၇၃၇၊ ၀၁- ၅၁၂၉၀၀၊ ၀၉ ၄၅၀၀၂၂၆၄၆



သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အဖ ဦးသန်းဦး[၁၂/ကတတ(နိုင်)၀၁၄၃၆၃]၊ အမိ ဒေါ်လီရင်ချင်[၁၂/ဗတထ (နိုင်) ၀၂၅၄၄၇]တို့၏သားဖြစ်သူ မောင်တင်ထွန်းဦး[၁၂/ကတတ(နိုင်)၀၃၁၄၆၃]သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့် လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးသန်းဦး၊ ဒေါ်လီရင်ချင်



စုစုအေးအောင်
ဝမ်းမှန်
အကြောပြေဆေး

# မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**မန္တလေး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိတောင်သူများအား ၂၀၁၅ ခုနှစ် မိုးသီးနှံအတွက် စိုက်ပျိုးစရိတ်ချေး ငွေကျပ် သန်းပေါင်း ၇၅၂၉ သန်းကို ထုတ်ချေးပေးလျက်ရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မန္တလေးတိုင်းဒေသကြီး)မှ တိုင်းမန်နေဂျာကပြောသည်။

ပြီးခဲ့သည့်နှစ်ကမိုးသီးနှံအတွက် ထုတ်ချေးပေးခဲ့မှုမှာငွေကျပ်သန်းပေါင်း (၇၀၀၈ ဒသမ ၇၂)ကျော်ရှိခဲ့ပြီး ယခုချိန်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မန္တလေးတိုင်းဒေသကြီး)မှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် မြို့နယ်(၂၁)မြို့နယ်ရှိတောင်သူများအားစိုက်ပျိုးစရိတ်ချေးငွေကျပ် သန်းပေါင်း ၄၇၃၁ ဒသမ ၇၈ သန်းဧကပေါင်း ၇၄၉၀၆ ဧကကိုထုတ်ချေးပေးခဲ့ကာကျန် နှစ်မြို့နယ်ကိုလည်း ဆက်လက်ထုတ်ချေး ပေးရန်စီစဉ် ဆောင်ရွက်လျက်ရှိသည်။

"အခုချိန်မှာမိုးသီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေတွေကိုထုတ်ချေးပေးနေပါတယ်။ စက်တင်ဘာလ ကုန်ပိုင်းအထိထုတ်ချေးပေးသွားမှာပါ။ မြို့နယ်(၂၁)မြို့နယ်ကတောင်သူတွေကိုထုတ်ချေးပေးနေတာပါ။ (၂၃) မြို့နယ်ဆိုပေမယ့် စဉ့်ကူးနဲ့ သပိတ်ကျင်းမှာက ဆောင်းသီးနှံထုတ်ချေးပေးခဲ့တဲ့ အကျန်ကရှိနေသေးတဲ့ အတွက်ပါ။ ဒီနှစ်ရက်သုံးရက်အတွင်း မှာပဲသူတို့ကိုမိုးသီးနှံအတွက် ထုတ်ချေးပေးသွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၃)မြို့နယ်တွင် မြို့နယ်ဘဏ်ခွဲများ ဖွင့်လှစ်ထားရှိပြီး ယင်းဘဏ်များမှ တစ်ဆင့်သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီသော (၁၀)ဧကနှင့်အထက်ရှိသော တောင်သူများအား ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မန္တလေးတိုင်းဒေသကြီး)မှ ထုတ်ချေးရန် သတ်မှတ်ထားသော သီးနှံများမှာစပါး၊ မြေပဲ၊ နှမ်း၊ ချည်မျှင်ရှည်ဝါ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်းနှင့် ကုလားပဲဖြူကြီးတို့ဖြစ်ကြောင်း၊ တောင်သူများအား စပါးသီးနှံတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှင့် အခြားသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ်(၂၀၀၀၀)နှုန်းတို့ဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကျောက်ပန်းတောင်းမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေး ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ကျောက်ပန်းတောင်း ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်နှင့်(နေပြည်တော်)ကျန်းမာရေးဝန်ကြီးဌာန၊ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ ဒေါက်တာသန်းနိုင်စိုး ဦးဆောင်သောအဖွဲ့သည် မိုးရာသီကာလတွင် ပိုမိုဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုအဖြစ် ဇွန် ၂၅ ရက် မွန်းလွဲ ၃ နာရီက မကျီးတိုင်းကျေးရွာအုပ်စု ပြည့်ဝကျေးရွာသို့ရောက်ရှိကာ ဒေသခံများနှင့်တွေ့ဆုံပြီး သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ သိရှိလိုက်နာသင့်သည့် အချက်များနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာဆယ်အိမ်စုမှူးများ အကူအညီဖြင့် ကျန်းမာရေးဝန်ထမ်းများက တစ်အိမ်တက်ဆင်း သောက်သုံးရေကန်များ၊ ရေစည်များအတွင်း အဘိတ်ဆေးခပ်ခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

"တကယ်လို့ ရောဂါဖြစ်ပွားရန် သံသယရှိလူနာတွေ့ရင်တော့ အဲဒီအိမ်နဲ့ ကိုက်(၁၀၀) ပတ်လည်ကို အဘိတ်ဆေးခတ်တာ၊ ခြင်ဆေးဖျန်းတာတွေကို ချက်ချင်းဆောင်ရွက်ပေးရပါတယ်။ ဒီရွာမှာတော့ ပညာပေးဆွေးနွေးရင်းနဲ့ ပိုးလောက်လန်းကာကွယ်ရေးအတွက် အဓိကလုပ်ငန်းဖြစ်တဲ့ ဖုံး၊ သွန်၊ လဲ၊ စစ် စတဲ့လုပ်ငန်းတွေကို လက်တွေ့ပညာပေးလုပ်ဆောင်ပြရင်း သက်ကြီးခြင်နှိမ်နင်းရေးလုပ်ငန်းအနေနဲ့ ဒီ Fogging ဆေးမှုတ်စက်တွေနဲ့ ခြင်ဆေးဖျန်းလုပ်ငန်းတွေကိုပါ ဆောင်ရွက်ပေးတာပါ" ဟု ဦးစိုးလှိုင် (ငှက်ဖျား/ကြီးကြပ်)က ပြောသည်။

ယနေ့လုပ်ငန်းတွင် အဆိုပါ ပြည့်ဝရွာမှ အိမ်ခြေ ၅၈ အိမ်ရှိ လူဦးရေ ၃၄၁ ဦးတို့အား သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာများ ပညာပေးဆောင်ရွက်နိုင်ခဲ့ပြီး ဇွန် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်တွင် ၆ ရပ်ကွက်စီခွဲ၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးပညာပေးဟောပြောခြင်းနှင့် ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# စစ်တွေမြို့အောင်တိုင်ကျေးရွာတွင် ဗဟိုစာကြည့်တိုက် ဖွင့်လှစ်

**စစ်တွေ ဇွန် ၂၈**

စစ်တွေမြို့နယ် အောင်တိုင်ကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများ စာပေလေ့လာဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ ဆည်းပူးနိုင်စေရန်နှင့် အလိုရှိရာ စာအုပ်စာစောင်များကို အလွယ်တကူဖတ်ရှုနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ မတည်ငွေ၊ ကျေးရွာသူ ကျေးရွာသားများ၏ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော ဗဟိုစာကြည့်တိုက် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါ ဗဟိုစာကြည့်တိုက်ရှေ့၌ ကျင်းပခဲ့ကြောင်းသိရသည်။

စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်စိုး၊ စာကြည့်တိုက်ကော်မတီဝင်များဖြစ်ကြသည့် ဦးမြင့်မြင့်ဦးနှင့် ဦးကျော်သိန်းမောင်တို့က ဗဟိုစာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် စာရေးဆရာ ဗကျီးကျော် (စစ်တွေ)က စာပေဖတ်ရှုခြင်း၏အကျိုးကျေးဇူးများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့သည်။

ယင်းနောက် ဒုတိယဦးစီးမှူး ဦးမြင့်စိုးက စာကြည့်တိုက်တွင်ထားရှိရန် စာအုပ်စာစောင်မျိုးစုံကို စာကြည့်တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ ဗဟိုစာကြည့်တိုက်သည် အလျား (၂၀) ပေ၊ အနံ (၁၅)ပေ၊ အမြင့် (၁၂)ပေရှိ ကွန်ကရစ်၊ အုတ်ညှပ်အဆောက်အအုံ ဖြစ်ကာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ကျေးရွာသူ ကျေးရွာသားများ၏ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၈ သိန်းကျော်တို့ဖြင့် အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

**ဇော်နိုင်ထွန်း** (IPRD)

## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ မုန်တိုင်းဒဏ်ခံနိုင်သည့် အဆောက်အအုံ (Cyclone Shelter) တည်ဆောက်ရေးအတွက် တိုင်းရင်းသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

(က) ကျောက်တန်းမြို့နယ်၊ မုန်တိုင်းဒဏ်ခံနိုင်သည့် အဆောက်အအုံ (Cyclone Shelter) ပေ(၄၀×၃၀)၊ RCနှစ်ထပ် အဆောက်အအုံ (၁)လုံး ဆောက်လုပ်ခြင်း။

(ခ) သုံးခွမြို့နယ်၊ မုန်တိုင်းဒဏ်ခံနိုင်သည့် အဆောက်အအုံ (Cyclone Shelter) ပေ(၄၀×၃၀)၊ RC နှစ်ထပ်အဆောက်အအုံ (၁)လုံး ဆောက်လုပ်ခြင်း။

(ဂ) ကော့မှူးမြို့နယ်၊ မုန်တိုင်းဒဏ်ခံနိုင်သည့် အဆောက်အအုံ (Cyclone Shelter) ပေ(၄၀×၃၀)၊ RCနှစ်ထပ် အဆောက်အအုံ(၁)လုံး ဆောက်လုပ်ခြင်း။

၂။ အထက်ပါ အဆောက်အအုံများ တည်ဆောက်ရာတွင် အမိုးကို RCC Roof Slab(Water Proof)ဖြင့် အသုံးပြု၍ရအောင် ဆောင်ရွက်ရပါမည်။

၃။ အဆောက်အအုံများ တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ နည်းပညာ၊ စံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) (၃)စုံစီတို့အား သီးခြားစီ ချိပ်ပိတ်လျက် ၃၀-၇-၂၀၁၅ ရက် (ကြာသပတေးနေ့) ၁၆း၃၀နာရီနောက်ဆုံးထားပြီး အမှတ်(၃၉)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးရှိ တင်ဒါပုံးများအတွင်းသို့ တာဝန်ရှိသူကိုယ်တိုင် မှတ်ပုံတင်စာရင်းရေးသွင်း၍ တင်သွင်းရမည်။

၄။ သတ်မှတ်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ၁၀-၇-၂၀၁၅ရက်နောက်ဆုံးထားပြီး (ရုံးချိန်အတွင်း) အမှတ်(၃၉)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါအဆိုပြုလွှာများအား အများရှေ့မှောက်၌ဖွင့်လှစ်မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းပညာ စံချိန်စံညွှန်း၊ ဈေးနှုန်းတို့နှင့်ကိုက်ညီသည့်ကုမ္ပဏီကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။

၆။ တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ်သိရှိလိုပါက အမှတ်(၃၉)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဖုန်း-၀၁-၃၇၁၃၉၄တွင် (ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ www.eyangon.gov.mm/news တွင် ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရွှေချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ပြင်ဆင်ဖတ်ရှုပါရန်
၂၁-၅-၂၀၁၅ရက်နေ့ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၅)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာဗဟန်းမြို့နယ်၊ဘီလစ်ဒေါ်တင်လုံး၏ အရောင်းမြေပုံကူးတွင်ဦးခီအီလျောင်(ခ)ဦးအီလျောင်(ခ)Mr Khoo Ee Leong ဟုအမှန်ဖတ်ရှုပါရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
| --- | --- | --- | --- | --- |
| 1 | 7(Q)Gear Box Equipments /IRR/ 2015-2016 | Gear Box Equipments | 1Lot | မြန်မာကျပ်ငွေ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊**
**နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၀၃၁၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် အသုံးပြုမည့်အောက်ဖော်ပြပါ သုတေသနလုပ်ငန်းသုံး စက်ပစ္စည်း(၁၀၄)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစက်ပစ္စည်းအသေးစိတ်အား သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်မှာ ၂၉-၆-၂၀၁၅ ရက်မှ ၁၇-၇-၂၀၁၅ရက်အထိဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၁၅၁၇၉၇၆၊ ၆၆၅၂၉၂၊ ၀၉-၇၃၁၄၀၁၆၄၊ ၀၉-၄၂၀၀၉၃၇၅၊ ၆၆၃၂၅၈၊ ၆၆၃၀၂၆များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

## ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## တင်ဒါ(Tender)ခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်း မြို့နယ်၊ ရန်ကုန်မြို့ရှိ ကမ္ဘောဇရိပ်သာ ပင်မအဆောက်အအုံ အကြီးစားမွမ်းမံခြင်း လုပ်ငန်းအတွက် တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - ၃၀-၆-၂၀၁၅ ရက်
တင်ဒါတင်သွင်းရမည့်ရက် - ၁၅-၇-၂၀၁၅ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ
တင်ဒါတင်သွင်းရန်နေရာ - အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)၊ နေပြည်တော်
တင်ဒါဖွင့်မည့်ရက် - ၁၇-၇-၂၀၁၅ရက်

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၀၆၇-၄၀၈၀၃၄၊ ၀၆၇-၄၀၈၀၃၇၊ ၀၆၇-၄၀၈၁၆၆ (အနုပညာဦးစီးဌာန)

## INVITATION FOR OPEN TENDER
## TENDER No.3(T)MPE/LBO(2)/2015-2016

1. Open Tender is invited for the Myanma Petrochemical Enterprise,the Ministry of Energy for the supply of Lube Base Oils & Additives (220.11 Metric Tons)
2. Tender Closing Date - 22-7-2015 at (12;00) noon
3. Tender Opening Date - 22-7-2015 at (13:00) hrs
4. Delivery Time - Up to End of December 2015
5. Tender Documents and details information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw,during office hours commencing 29-6-2015 on payment of the Myanmar Kyat One Hundred Thousand (Kyat 100,000)per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petrochemical Enterprise**
**Contact.phone No.067-411108/411193**

# မြန်မာအမျိုးသမီးများနေ့ကြိုဆို၍ ဓမ္မသီရိဆေးရုံကြီး၌ သန့်ရှင်းရေးပြုလုပ်

**တာချီလိတ် ဇွန် ၂၈**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ဓမ္မသီရိဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇွန် ၂၇ ရက် နံနက် ၇ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင်ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဌ ဒေါ်ဝင်းဝင်းသန့် နှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဌ ဒေါ်အေးသန္တာကျော်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းဆရာ၊ ဆရာမများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တိုင်းရင်းသားပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဇွန် ၃၀ ရက် ည ၇ နာရီတွင် အောင်မြတ်ခန်းမ၌ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲနှင့် အကပဒေသာပွဲများပြုလုပ်မည်ဖြစ်ပြီး ဇူလိုင် ၃ ရက် နံနက် ၈နာရီခွဲတွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား၌ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် အဘက်ဘက်မှ ကူညီခဲ့သည့်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ပြုလုပ်သွားမှာဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း**(Iprd)

# ပြဋ္ဌာန်းပြီးသော ဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်း

**မြစ်ကြီးနား ဇွန် ၂၈**

ကချင်ပြည်နယ်လွှတ်တော် အတွေ့အကြုံနှင့် ပြဋ္ဌာန်းပြီးသော ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းခြင်းနှင့် ဖြန့်ဝေပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စု အထက်မော်ဖောင်းကျေးရွာ ထွယ်ဆန်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှင်းလင်းပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံက ပြည်နယ်လွှတ်တော်၏ မူဝါဒများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေး၊ ရပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက ဥပဒေကြမ်းရေးဆွဲခြင်း၊ တင်သွင်းအတည်ပြုဋ္ဌာန်းခြင်း၊ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာများကိုလည်းကောင်း၊ နောင်မွန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးချန်တန်ခင်က ပြည်နယ်လွှတ်တော်၏ (၄)နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်အခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ တင်ပြမေးမြန်းချက်များ အပေါ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက မော်ဖောင်း၊ အကျဲ၊ ရှဒေါင်ကျေးရွာအုပ်စုများအတွက် ကချင်ပြည်နယ်လွှတ်တော်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေ၊ နည်းဥပဒေ စာအုပ်အစုံ ၁၀၀ ကို အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ရာ မော်ဖောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးခေါင်လွမ်းကလည်းကောင်း၊ ထွယ်ဆန်နှစ်ခြင်းဘုရားကျောင်းအတွက် အလှူငွေကျပ် ၃၀၀၀၀၀ ကို လှူဒါန်းရာ သိက္ခာတော်ရဆရာကြီးဦးဇယ်ဟောင်းက လက်ခံရယူပြီး အသင်းတော်မှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များအား ရိုးရာအမှတ်တရလက်ဆောင်များပြန်လည်ပေးအပ်ခဲ့သည်။

အလားတူ အခမ်းအနားများကို ဇွန် ၁၈ ရက်တွင် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာအုပ်စု နောင်နန်းတြိ နီတီနှစ်ခြင်းဘုရားကျောင်းခန်းမ၌ လည်းကောင်း၊ ဇွန် ၁၉ ရက်တွင် မြို့သစ်ကြီးရပ်ကွက် ဗွနှစ်ခြင်းဘုရားကျောင်းခန်းမ၌လည်းကောင်း ကျင်းပခဲ့ကြောင်းသိရသည်။

**ပြည်နယ်ပြန်/ဆက်**

# သာစည်မြို့လယ်တွင် ကျောက်သယ်ယာဉ်တစ်စီး အရှိန်မထိမ်းနိုင်ဘဲ ဈေးဆိုင်ခန်းများအားဝင်တိုက်

**သာစည် ဇွန် ၂၈**

သာစည်မြို့နယ်အတွင်းတွင် ဘုရားငါးဆူကျေးရွာ ကျောက်ထုတ်လုပ်ရေးလုပ်ငန်းများမှ လမ်းခင်းကျောက်များကို တင်ပြီးမိတ္ထီလာ-မြင်းခြံ-ကျောက်ပန်းတောင်းမြို့များဆီသို့ မောင်းနှင်ပေးပို့နေကြသည့် ကျောက်သယ်ယာဉ်များသည် မြို့တွင်းမောင်းရမည့် သတ်မှတ်မိုင်နှုန်းထက် ပိုမို၍မောင်းနှင်ကြသဖြင့် ဆိုင်ကယ်၊ စက်ဘီးတို့နှင့် တိုက်မိကြသည့်အပြင် အရှိန်မထိန်းဘဲမောင်းနှင်နေမှုများကြောင့် လမ်းဘေးရှိသစ်ပင်များ၊ လမ်းသွားနေသူများ၊ ဈေးဆိုင်များကိုပါ မကြာခဏဝင်ရောက်တိုက်မိလျက်ရှိသည်။

ယင်းသို့ဖြစ်ပွားသည့် ကျောက်သယ်ယာဉ်များ၏ ယာဉ်တိုက်မှုများအနက် ဇွန် ၂၆ ရက် မွန်းတည့် ၁၂ နာရီက သာစည်မြို့လယ်ခေါင် လမ်းဆုံမီးပွိုင့်နှင့် ယာဉ်ထိန်းရဲများတာဝန်ကျရာနေရာနှင့် ၂၅ ကိုက်ခန့်အကွာတွင် မိတ္ထီလာမှ လမ်းခင်းကျောက်များချပြီး ဘုရားငါးဆူကျေးရွာသို့ မိတ္ထီလာ-တောင်ကြီး အဝေးပြေးလမ်းမကြီးအတိုင်း ယာဉ်မောင်း ထွန်းလင်း(၂၇)နှစ် မောင်းနှင်လာသည့် ကျောက်သယ်ယာဉ်၊ ယာဉ်အမှတ် 2G-၆၇၃၈ ၊ လေးလုံးထိုး တစ်ပါ ယာဉ်သည် အရှိန်ပြင်းစွာ မောင်းနှင်လာမှုကြောင့် တစ်ဖက်မှလာသည့် ဆိုင်ကယ်ကိုရှောင်တိမ်းရာမှ လမ်းလယ်ကျွန်း အုတ်ခုံများနှင့် စည်ပင်သာယာမှအလှဆင်ထားသည့် မီးပွင့်စုံ မီးတိုင်များကိုပါ တိုက်မိပြီး လမ်းတစ်ဖက်ရှိ ရပ်နားထားသည့် ဆိုင်ကယ်သုံးစီးအပါအဝင် ဈေးဆိုင်တိုက်ခန်းသုံးခန်းကိုပါဝင်တိုက်ပြီး ကားခေါင်းမှာ ဆိုင်အတွင်းဝင်ရောက်သွားကာ ယာဉ်မှာရပ်တန့်သွားသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်သုံးစီးနှင့် ဈေးဆိုင်တိုက်ခန်းသုံးခန်း ပျက်စီးသွားသည်မှအပ လူထိခိုက်မှု လုံးဝမရှိကြောင်းသိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မြို့မရဲတပ်ဖွဲ့စခန်းမှ ယာဉ်မောင်း ထွန်းလင်းအား ယာဉ်မဆင်မခြင်မောင်းနှင်မှုဖြင့်အရေးယူထားသည်။

**မောင်ကို(သာစည်)**



**အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် ချောင်းဆုံမြို့မင်းကျောင်းမွှာရုံ၌ ဇွန် ၂၇ ရက် နံနက် ၈ နာရီက မျက်စိ၊ အရိုး၊ အကြောစသည့် အထွေထွေရောဂါများကို ကျေးလက်နေပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်းသိရသည်။**

သတင်းနှင့်ဓာတ်ပုံ- ကြေးမုံ


## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဇီဝနည်းပညာနှင့် ဒြပ်ပစ္စည်းသိပ္ပံသုတေသနဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာနှင့် ဒြပ်ပစ္စည်းသိပ္ပံ သုတေသနဦးစီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန၊ သတ္တုဗေဒသုတေသနဌာန(အေလာ)အတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(၁) သုတေသနသုံးပစ္စည်း (၃၆)မျိုး

(၂) ရုံးသုံးပစ္စည်း (၆)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဤဦးစီးဌာန၏ ငွေစာရင်း ဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃၁-၇-၂၀၁၅ရက်၊ ၁၆း၃၀နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ဇီဝနည်းပညာနှင့်ဒြပ်ပစ္စည်းသိပ္ပံသုတေသနဦးစီးဌာန**
**ရုံးအမှတ်(၂၁)၊ နေပြည်တော်။**
**သတ္တုဗေဒသုတေသနဌာန(အေလာ)**
**ဖုန်း-၀၆၇-၆၀၂၆၄၊ ၆၀၃၀၅**

## Invitation of Tender for Tractors and Trailers

Myanmar International Terminals Thilawa Co.,Ltd.(MITT) would like to invite you to submit tender bids for the supply of the below Tractor head and Trailers to use for container transportation. The tender price should be DDP Price including with the charges of traffic registration licenses, wheel tax and owner books under MITT name.

| | | |
|---|---|---|
| (1) | Tractor Head (Prime Mover) 6 x 4 (LHD) | 12 Nos |
| (2) | 20 ft Skelton Trailer (two axles) | 8 Nos |
| (3) | 40 ft Skelton Trailer (three axles) | 4 Nos |

Please submit the sealed tenders complete with trade terms & conditions and relevant information such as (country of origin, specification, brochures, catalogues , etc) to the below address not later than (15 July, 2015).

Myanmar International Terminals Thilawa Co.,Ltd
Berth 5~9, Thilawa, Kyauktan Township, Yangon, Myanmar.
e-mail :- engg@mitt.com.mm, khinmaunglatt@mitt.com.mm
Phone :- (95)98613909, 98613929, 977246900
Fax :- (95)98617168, 98618364

**ရွှေဘုန်းပြည့်** ၏ မှတ်သုန်မိုးကိုရှောင်ရှားရင်း ဘုရားလည်းဖူး ဈေးလည်းဝယ်နိုင်သောအထူးခရီးစဉ်များ

* ဗန်ကောက် (မြဘုရား-Shopping) (၃ရက်) *180* USD
* ဗန်ကောက်-အယုဒ္ဓယ-ပတ္တရား(၆ရက်) *560*USD
* ကမ္ဘောဒီးယား(ဆီယမ်ရိ-ဖနွမ်ပင်)(၅ရက်) *750*USD
* ဗီယက်နမ်(ဟိုချီမင်း-ဟနွိုင်း)(၅ရက်) *850*USD

အမှတ်(၃၈)အောင်ဇေယျလမ်း၊ ကျောက်ကုန်း။ | အမှတ်(၈၄/၁)သံသုမာလမ်း၊ တောင်ဥက္ကလာပ။

01.566101, 09-73060048,09-5036505, 09-2011313,

## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)အတွက် လိုအပ်သော အောက်ဖော်ပြပါ ပရိဘောဂနှင့် စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| 1. | ရေသန့်စက်(RO 400 GPD) (Reverse Osmosis Drinking Water System) | 1 Set |
| 2. | Crimping Tools | 5 |
| 3. | RAM DDR 3-2GB | 50 |
| 4. | UBIQUITI Nano Station LOCO M2 Acesspoint | 6 |
| 5. | Desktop Computer Dell (Memory 4GB HDD 500GB Processor Intel Core i7) | 50 |
| 6. | Digital Oscilloscope(200MHZ) (20.4 Analog Channel) | 4 |
| 7. | Digital White Board | 2 |
| 8. | UPS(Power Tree)(650VA) | 50 |
| 9. | Computer Table | 97 |

၂။ Open Tender ပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)တွင် ထုတ်ယူနိုင်ပြီး ၂၀-၇-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၇၄-၂၂၄၉၂၂ ၀၉-၈၇၉၀၀၀၆၅၇၂၊ ၀၉-၂၅၉၀၇၇၇၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)**

## ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ မိဘဆရာအသင်း၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲမှ အောက်ပါဂုဏ်ထူးရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

စုစုပေါင်းဖြေဆိုသူ (၂၇၀) ဦးအနက် အောင်မြင်သူ (၂၄၉) ဦး၏ ၇၁% ဂုဏ်ထူး ရရှိသော

(၆) ဘာသာဂုဏ်ထူးရှင် (၂၉)ဦး
(၅) ဘာသာဂုဏ်ထူးရှင် (၂၉)ဦး
(၄) ဘာသာဂုဏ်ထူးရှင် (၃၃) ဦး
(၃) ဘာသာဂုဏ်ထူးရှင် (၂၂)ဦး
(၂) ဘာသာဂုဏ်ထူးရှင် (၃၁)ဦး
(၁) ဘာသာဂုဏ်ထူးရှင် (၃၂)ဦး

ကျင်းပမည့်နေ့ရက် : ၅-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် : နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ : အထက(၂)စမ်းချောင်း၊ စံပယ်ခန်းမ

**အမှုဆောင်အဖွဲ့**
**မိဘဆရာအသင်း**
**အထက(၂)စမ်းချောင်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၃၆)အကြီးစားစက်ရုံ(ကျောက်ဆည်)အတွက် လိုအပ်သော Soda Ash Dense(5000)Tons အားဝယ်ယူလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၀-၇-၂၀၁၅ ရက် ၁၅း၃၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာလက်ခံပါမည်။

**(အသေးစိတ်သိလိုပါက စုံစမ်းရန်တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၃၆၀/၄၀၈၃၆၃)**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**


ကလေးဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မူးယစ်ဆေးဝါးတိုက်ဖျက်မှုဆိုင်ရာ လက်ကမ်းစာစောင်များကို ကျေးရွာပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေနေစဉ်။

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ဒေသအလိုက်ကျင်းပ

**ဖားမော် ဇွန် ၂၈**

ကချင်ပြည်နယ် ဖားမော်ခရိုင် မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး တေးသီချင်းဖြင့် အ-ထ-က (၂) ကျောင်းသား၊ ကျောင်းသူများက သီဆိုပြီး ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

**ဖားမော်ခရိုင် ပြန်/ဆက်**

**ကလေးဝ**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၅ ခုနှစ် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ရက်သတ္တပတ်လုပ်ငန်းစဉ်များချမှတ်ကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းအထူးစီမံချက်(ယင်းမာ)ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာစစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင်လည်း ဇွန် ၂၆ ရက်က အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

**ချင်းရွှေဟော်**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင် ခရိုင် ချင်းရွှေဟော်မြို့တွင် ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။

ထို့နောက် ရဲစခန်းမှူး ရဲအုပ်မြင့်စိုးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို အကျယ်တဝင့် ဟောပြောခဲ့သည်။

**မြို့နယ်ပြန်/ဆက်**

**ဟိုပန်**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် ဇွန် ၂၆ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း စာမယာခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆင့် ကျောင်းသား၊ ကျောင်းသူများကို 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊အလုပ်အမှုဆောင်ကော်မတီဝင် ဦးစိုင်းလှဖေနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

**ခရိုင်ပြန်/ဆက်**

**ငါန်းဇွန်**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်ရသော ဆိုးကျိုးအန္တရာယ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက မူးယစ်ဆေးဝါးသုံးစွဲသူများအားလည်းကောင်း၊ တရားမဝင်ရောင်းဝယ်မှုများကိုလည်းကောင်း တိုက်ဖျက်ရေးအတွက် အများပြည်သူများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်နှင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေရေးရာများကို ပြောကြားခဲ့သည်။

**သက်နောင်ဦး(ငါန်းဇွန်)**

**မင်းပြား**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက် မွန်းလွဲ ၃ နာရီတွင် မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲ ခရိုင်နှင့်မြို့နယ်အဆင့်တို့တွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဇော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**မင်းပြား(ပြန်/ဆက်)**

**မော်လမြိုင်**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို မော်လမြိုင်မြို့ ဖက်တန်းရပ်ရှိ ပြည်နယ်ခန်းမ၌ဇွန် ၂၆ ရက်ကကျင်းပခဲ့သည်။အခမ်းအနားတွင် မွန်ပြည်နယ်ဥပဒေချုပ်ရုံးမှ မူးယစ်ဆေးဝါးများဆိုင်ရာ ဥပဒေများနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်၊ ပြစ်မှုပြစ်ဒဏ်များအပေါ် ဟောပြော ပြီး မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကိုဟောပြောခဲ့သည်။ မွန်ပြည်နယ် ရဲတပ်ဖွဲ့ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး အောင်မြင့်နိုင်က မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးသမိုင်းကြောင်းနှင့်မူးယစ်ဆေးဝါးများဖမ်းဆီး အရေးယူမှုများကိုဟောပြောခဲ့ကြသည်။

**ဆက်နေမင်းအောင်**


ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

<u>အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း</u>

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါ အမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၁/မမ/ဌာနခွဲအသီးသီး | - စာရေးကိရိယာနှင့် မိတ္တူကူးစက် ဆက်စပ်ပစ္စည်း (၁၂၅)မျိုး ဝယ်ယူရန် |
| ၂ | ၄၇/မမ/CRA | - Ticket Cardboard for Railways Ticket Printing (50)Tons ဝယ်ယူရန် |
| ၃ | ၄၈/မမ/CME | - စက်ပစ္စည်းကိရိယာ (3)Items ဝယ်ယူရန် (AC-DC Clamp Meter, Water Pump Combine Set) |
| ၄ | ၅၈/မမ/CE | - အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းရုံတွင် သံထည်ရေစင်တည်ဆောက်ခြင်း (၈' x ၄' x ၄') (၄)လုံးတည်ဆောက်ခြင်း (သံလမ်းများအား ဌာနမှ ပံ့ပိုးပေးပါမည်) |
| ၅ | ၅၉/မမ/CE | - အလုံလမ်းနှင့် ဆင်မင်းလမ်းကြားတွင် (၂)ခန်းတွဲ ဝန်ထမ်းအိမ်ယာ(၁၀)လုံး ဆောက်လုပ်ခြင်း (10/20' x 20') (Steel Structure Mobile Shed) နှင့် (၂)ခန်းတွဲ အိမ်သာ(၁၀)လုံး ဆောက်လုပ်ခြင်း (၄' x ၈')(သွပ်မိုး၊ဝါးထရံ၊ အုတ်တဝက်ကာ) မိလ္လာကန် ကွန်ကရစ်ခွေ အပါအဝင် |
| ၆ | ၆၀/မမ/CE | - အလုံလမ်းနှင့် ဆင်မင်းလမ်းကြားရှိ ဝန်ထမ်း အိမ်ယာအဝင်လမ်း၊ အုတ်ကျိုးခင်း၊ သဲညှပ်လမ်းခင်းခြင်း (၁၅၀၀ စ/ပေ) |
| ၇ | ၆၁/မမ/CE | - အလုံလမ်းနှင့် ဆင်မင်းလမ်းကြားတွင် ၆" အဝီစိတွင်း (၁)တွင်းတူးခြင်း |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ်(၁)မှ (၄) ၁၃ . ၇ .၂၀၁၅ (တနင်္လာနေ့) (၁၂.၃၀)နာရီ
အမှတ်စဉ်(၅)မှ (၇) ၂၉ . ၇ .၂၀၁၅ (ဗုဒ္ဓဟူးနေ့) (၁၂.၃၀)နာရီ


၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၂၉. ၆ .၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း:294352,291994,291991






ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

MECHANICAL CAR PARKING










TRW

No. (31), Room (5), 7 Miles,
Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

# တကယ်အသုံးတည့်တဲ့လမ်းညွှန်
# 15th Year Anniversary

လမ်းညွှန်စာအုပ်သမိုင်းမှာ ရန်ကုန်-မန္တလေးမြို့နဲ့ အခြားကုန်သွယ်ဘက် မြို့တွေနဲ့ တွဲဖက်ပြီး ပထမဦးဆုံး ထုတ်ဝေတဲ့ လမ်းညွှန်စာအုပ်


ဒီလိုဆန်းသစ်တဲ့စိတ်ကူးနဲ့ မြို့တိုင်းမှာ လမ်းညွှန်စာအုပ် အသုံးပြုနိုင်အောင် ဆောင်ရွက်ခဲ့လို့ အခြားလမ်းညွှန်တွေကတောင် နယ်မြို့တွေအတွက် ထုတ်ဝေလာရတဲ့အထိ အောင်မြင်တဲ့ လမ်းညွှန်စာအုပ်

ဒါကြောင့် တကယ်အသုံးတည့်တဲ့လမ်းညွှန် အဖြစ် လုပ်ငန်းရှင်များနဲ့ သုံးစွဲသူများကြားမှာ ယုံကြည်မှုနဲ့ အောင်မြင်မှုကို ရယူထားနိုင်တဲ့ လမ်းညွှန်စာအုပ်

မြို့ပေါင်း ၁၂၀ ကျော်ထိတိုးချဲ့ ထုတ်ဝေခဲ့လို့ မြန်မာတစ်ပြည်လုံး လုပ်ငန်းရှင်တွေ သိရှိလာပြီး (၁၅)နှစ်တိုင်တိုင် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့တဲ့ လမ်းညွှန်စာအုပ်

| | |
|---|---|
| စီးပွားရေးလုပ်ငန်းလိပ်စာ | ၁၂,၀၀၀ ကျပ် |
| စီးပွားရေးကြော်ငြာ | ၅,၅၀၀ ကျပ် |
| လုပ်ငန်းအမျိုးအစား | ၀၀၀ ကျပ် |

Desktop APP 2015 Now Available






# (၇)ကြိမ်မြောက်အလုပ်အကိုင်အခွင့်အလမ်းများပြပွဲ

## အလုပ်ရှာနေသူများနှင့်ဝန်ထမ်းအလိုရှိသူများတိုက်ရိုက်တွေ့ဆုံပွဲ

Main Sponsor
အခွင့်အလမ်း ဂျာနယ်
The Opportunity Journal

ကျင်းပမည့်နေ့ရက် - ၂၀၁၅ ခုနှစ် - ဇူလိုင် (၂၄-၂၅-၂၆)
ကျင်းပမည့်အချိန် - နံနက်(၉:၀၀မှ၅:၀၀)
ကျင်းပမည့်နေရာ - တပ်မတော်ခန်းမ(ဦးဝိစာရလမ်း၊ရန်ကုန်)

CV များများယူလာခဲ့ဖို့မမေ့ပါနဲ့

ပြပွဲသို့လာရောက်ကြသူများအတွက် ထင်ရှားကျော်ကြားသော စီးပွားရေးလုပ်ငန်းရှင်များမှ ၎င်းတို့၏အတွေ့အကြုံများအား ဝေမျှပေးမည့်အစီအစဉ်များ၊ ဖုန်း(ဟန်းဆက်)ကံစမ်းမဲအစီအစဉ်များပါဝင်မည်ဖြစ်သည်။

အသေးစိတ်သိလိုပါက - ၀၉-၅၁၄၂၃၃၁၊ ၀၉-၇၃၁၂၁၇၅၄၊ ၀၉-၇၃၁၆၁၇၂၂ များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



## YWCA

### မုန့်ဖုတ်အထူးသင်တန်း

Bread, Patties,Plain Cake, Marble Cake, Hamburger, Cookies, Assorted Cake, Cream Roll, Butter Cookies စသည့်မုန့်များကို တတ်ကျွမ်းသောဆရာမများကိုယ်တိုင် အတတ်သင်ကြားပေးမည်။ လူဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

နေ့ရက် - ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၆ရက်မှ ၁၀ရက်ထိ(တနင်္လာမှသောကြာ)
အချိန် - နံနက်(၉)နာရီမှ (၁၂)နာရီထိ
နေရာ - YWCA ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၄၅၈၆၉၊ ၃၉၂၄၇၀။ ဓာတ်ပုံ(၂)ပုံယူဆောင်လာပါရန်။

လူဦးရေကန့်သတ်ထားပါသောကြောင့် ၃-၇-၂၀၁၅(သောကြာနေ့) နောက်ဆုံးထား၍ သင်တန်းကြေးနှင့် အမည်စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။



### စပါးခွံချွတ်ရိုလာ
### သံအိုးခွံ ၆"-၁၀"
### ဈေးကောင်းပေးဝယ်သည်

၆" -၁၁၀ဝိ/-
၁၀" -၂၂၀ဝိ/-

မှတ်ချက်။ ဖြူဝါနို့နှစ်ရောင် သံအိုးခွံလုံးဝမဝယ်ပါ။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၃၁၈၄၀



တရုတ်
ENGLISH Conversation Practice
Sayar.Yang
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182



သေခြင်းတရားသံဝေဂများ.....
### အနေတတ်၍ အသေဖြစ်ပါစေ
အရာခံဗိုလ်သစ်လွင်
မြန်မာ့ရိုးရာ - အရှေ့ဘက်ကောင်းကင် ဖုန်း - ၀၉၄၂၁၀၅၆၃၅၄


### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်၊ ဈေးကုန်းရပ်ကွက်၊ အမှတ်-စ/၄၆၈နေ အဖ ဦးမြင့်သန်း[၁/မကတ(နိုင်)၀၂၈ ၈၀၇]- အမိ ဒေါ်ခင်လှ[၁/မကတ(နိုင်)၀၂၈၈၀၈]တို့၏ သား မောင်အောင်ကျော်မျိုးသန်း[၁/မကတ(နိုင်)၀၆၀၅၅၇]သည် မိဘ မောင်နှမများအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်၍ နေအိမ်မှဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ကိတ္တိမသားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှအားလုံး လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ) ဦးမြင့်သန်း-ဒေါ်ခင်လှ


### ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ
အရေးသီးသန့် နှင့် Speaking
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ ၄မှ၈တန်းထိ Guide များအိမ်လိုက်သင်သည်။ ဇူလိုင်လ(၄/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441



ပိုင်ရှင်ကိုယ်တိုင် လျော့ဈေး ဖြင့် အမြန် ရောင်းမည်။
TOYOTA DYNA (2T), AT (7I/5xxxx)
ဖုန်း- ၀၉ ၇၃၁၁၅၄၄၅၊
၀၉ ၅၁၃၃၇၉၂၊
၀၉ ၅၀၆၃၃၂၅။



### ဝန်ထမ်းအလိုရှိသည်
VMG Decoration
CAT, 3D Max ကျွမ်းကျင်
- လုပ်ငန်းအတွေ့အကြုံရှိရမည်။
ဆက်သွယ်ရန် - ၀၉-၄၀၇၇၀၀၈၆၆



SMILE
ABC Dry Chemical Powder Type




ဆက်သွယ်ရန်
ဖုန်း - ၀၁-၅၅၆၅၇၇
၀၉-၅၀၂၈၀၀၀
၀၉-၇၃၃၂၁၉၂၃

၃ နှစ် အာမခံ
အရောက်ပို့
တပ်ဆင်
ရှင်းပြ

အရောင်းပြခန်း
အမှတ်(၄၁)၊ ပြည်သိမ်ပြင်ဦးချမ်းမောင်လမ်း၊ ဆာဖာတောင်ရပ်ကွက်၊ မောင်းမြို့နယ်။

AIR KBZ
FLYING BEYOND EXPECTATIONS

NAY PYI TAW → YANGON
YANGON → NAY PYI TAW

from USD 72$
* One Way
* All inclusive
* Terms & Conditions apply

နိုင်ငံ့ဝန်ထမ်းများအတွက် အထူးဈေးနှုန်း

from USD 33$
* One Way
* All inclusive
* Terms & Conditions apply

" နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လေယာဉ်လက်မှတ်ဝယ်ယူသည့်အခါတွင် ဝန်ထမ်းကတ်ပြားမိတ္တူ (၁)စောင်နှင့်အတူ ဝန်ထမ်းကတ်မူရင်းအား ပြသ၍ဖြင့် AIR KBZ ရန်ကုန်ရုံးချုပ်၊ နေပြည်တော်ရုံးခွဲ၊ အခြားမြို့များရှိ လက်မှတ်အရောင်းဌာနများတွင် လေယာဉ်လက်မှတ်များအား အထူးဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည် "



Daily Flight

| FLIGHT NO. | SECTOR | DEPERATURE | ARRIVAL |
|---|---|---|---|
| K7 234 | Yangon - Nay Pyi Taw | 07:00 | 08:00 |
| K7 235 | Nay Pyi Taw - Yangon | 08:15 | 09:15 |
| K7 236 | Yangon - Nay Pyi Taw | 16:45 | 17:45 |
| K7 237 | Nay Pyi Taw - Yangon | 18:00 | 19:00 |

Hotline: (01) 373766, (09) 5280445, (09) 73177805
Tickets Available at
(1) 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon
:www.facebook.com/AIRKBZ
(2) Pa -184, Near Tha Pyay Gone Market, Ingine Street, Tha Pyay Gone Quarter
Nay Pyi Taw, Ph: (067) 432170, Mobile: (09) 977880320, (09) 73130196

We accept
VISA MasterCard
www.airkbz.com

KMD
Education Services

ဇွန်လ (၃၀) ရက်နေ့ တွင် ကွန်ပျူတာသင်တန်း
အပ်နှံသူတိုင်းအတွက်အထူးအခွင့်အရေး

Application Courses & Professional Courses

(လှည်းတန်းလမ်း) ဖုန်း – ၂၂၀၅၅၅၊ ၂၃၀၃၀၈၁
(သိမ်ကြီးဈေး) ဖုန်း – ၃၈၄၂၆၈၊ ၃၈၄၆၄၁
(တာမွေ–၁/၂) ဖုန်း – ၅၄၁၁၂၈/၅၄၆၆၀၀
(လှည်းတန်း–၁/၂) ဖုန်း – ၅၂၄၄၁၀/၅၀၂၂၁

Special Discount
20% off

အထူးဈေးနှုန်း
119,000 ကျပ်
(SIM Card တန်ဖိုးအပါအဝင်)



Q705U
- 5,7" TFT-LCD
- 5.0 MP Rear Camera
- 1.3 MP Front Camera
- Cortex-A7 (1.3 GHz, Quad Core)

ZTE
Tomorrow never waits

၆၀,၀၀၀ ကျပ် အထိ ရရှိနိုင်မယ့်
Top Up အပိုလက်ဆောင်

ကျပ် ၆,၀၀၀ တန် Ooredoo ၏ လက်ဆောင်
Top Up (၁၀) လ ထိတိ ရရှိမည်။

ooredoo

Screen Guard နှင့် Phone Cover
ယူယူလေးလက်ဆောင်ရမှာပါ။

အထူးဈေးနှုန်း
75,000 ကျပ်
(SIM Card တန်ဖိုးအပါအဝင်)



V815W
- 4" TFT LCD
- 2.0 MP Rear Camera
- 0.3 MP Front Camera
- 1 GHz Dual Core

Hot Line No-0930500100

## ယနေ့မာတိကာ

ရန်ကုန်မြို့လယ်ရှိ လူသွားလမ်းဖြတ် ရေမြောင်းအဖုံးများနေရာတွင် လမ်းသွားလမ်းလာအချို့ ခြေချော်၍ ဒဏ်ရာရရှိခြင်းများရှိလာ
စာမျက်နှာ - ၇

လွှတ်တော်လုပ်ငန်းများ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် လုပ်ဆောင်နိုင်ရန် လိုအပ်
စာမျက်နှာ - ၇

ပုဒ္ဓဘာသာသက်ဝင်ယုံကြည် ထွန်းကားနေသမျှ ပန်းဆယ်မျိုးပညာရပ်များ တိမ်ကောပျောက်ကွယ်သွားမည်မဟုတ်
စာမျက်နှာ - ၁၀

တတ်ကျွမ်းထားသော အတွေ့အကြုံဖြင့် စနစ်တကျလုပ်ကိုင်ဆောင်ရွက်ပါက အောင်မြင်မှုရရှိမည်
စာမျက်နှာ - ၁၁

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု

## တစ်နေ့တန် ၂၂၀ ကျ ခေတ်မီဆာတာကေးဆန်စက်ဖွင့်

သတင်းစာမျက်နှာ - ၈




## မိုဘိုင်းရေဒီယိုသတင်းအစီအစဉ်ကို တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Blue Ocean Operating Management Company Limited တို့ပူးပေါင်း၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသတင်းများကို Mobile Phone များတွင် အလွယ်တကူ နားဆင်နိုင်ရန်အတွက် Mobile Radio အစီအစဉ်ကို ၂၀၁၅ ခုနှစ် မေ ၁၅ ရက်မှစတင်ကာ နေ့စဉ် နံနက် ၈ နာရီ၊ မွန်းလွဲ ၁ နာရီ၊ ည ၇ နာရီတို့တွင် တစ်နေ့သုံးကြိမ်စီထုတ်လွှင့်လျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးတွင်နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ Public Access to Information ကို ပိုမိုကျယ်ပြန့်စွာရရှိနိုင်စေရန်အတွက် Mobile Radio သတင်းထုတ်လွှင့်မှုကို တိုင်းရင်းသားဘာသာစကားများဖြင့်ပါ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

တိုင်းရင်းသားဘာသာ Mobile Radio သတင်းအစီအစဉ်များအဖြစ် ကချင်ဘာသာ၊ ကယားဘာသာ၊ စကောကရင်ဘာသာ၊ အနောက်ပိုးကရင်ဘာသာ၊ အရှေ့ပိုးကရင်ဘာသာ၊ ချင်း(လိုင်ဇို)ဘာသာ၊ ချင်း(ချိုး)ဘာသာ၊ မွန်ဘာသာ၊ ရခိုင်ဘာသာ၊ ရှမ်းဘာသာ၊"ဝ"ဘာသာ စသည့် တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့်

**စာမျက်နှာ ၉ ကော်လံ ၄ သို့**




မကွေးနှင့် ချင်းယူနိုက်တက်တို့ ယှဉ်ပြိုင်နေစဉ်။

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀) ဒုတိယနေ့ပွဲစဉ်များ သရေဖြင့် အဆုံးသတ်

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

**ရန်ကုန် ဇွန် ၂၈**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၁၀)ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်သည်။

(အောင်ဆန်းကွင်း)

**မကွေး - ဂိုးမရှိ**

**ချင်းယူနိုက်တက် - ဂိုးမရှိ**

အမာခံကစားသမားများအစုံအလင် ပါဝင်လာသည့် မကွေးအသင်းမှာ ချင်းအသင်းကို ပွဲချိန်ပြည့်နီးပါး ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း တိုက်စစ်ပိုင်းအားနည်းမှုများကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဒုတိယနေရာမှ ဧရာဝတီ၊ တတိယနေရာမှ ရတနာပုံတို့၏ နိုင်ပွဲပျောက်ဆုံးမှုကို မကွေးအသင်း အသုံးမချနိုင်ခြင်းဖြစ်သည်။

ဆီးဂိမ်းယူ-၂၃ အသင်းမှ ကောင်းဆက်နိုင်၊ ကျော်ဇင်ဖြိုး၊ ကျော်ဇင်လွင်၊ ယူ-၂၀ အသင်းမှ နန္ဒကျော်နှင့် မောင်မောင်စိုး၊ လက်ရွေးစင်ကစားသမားများဖြစ်သည့် စိုးမင်းနိုင်နှင့်ဟိန်းဇာအောင်တို့ပါဝင်လာသည့် မကွေးအသင်းမှာ ပွဲစကတည်းက ချင်းအသင်းကို ဖိကစားနိုင်ခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၆ သို့**




themirror.npt@gmail.com
www.facebook.com/themirrordaily